The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 17 တနင်္လာနေ့တိုင်းထုတ်ဝေသည် May 13, 2019

# ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ . . . .

စာမျက်နှာ - ၁၈ ➤



## ကမ္ဘာ့မူပိုင်ခွင့်နေ့ကို မူပိုင်ခွင့်ဥပဒေများဖြင့် ကြိုဆို

စာမျက်နှာ - ၈ ➤

## ဥရောပနိုင်ငံအချို့အား ဗီဇာကင်းလွတ်ခွင့် ပေးမည်

စာမျက်နှာ - ၂၅ ➤

## ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြု

စာမျက်နှာ - ၂၅ ➤







# New Day Energy Co.,Ltd

**စက်သုံးဆီများ၏အရည်အသွေး မှန်ကန်ခြင်း၊**

**အခြင်အတွယ် ပြည့်ဝခြင်းကို အာမခံ၍ ရောင်းချပေးနေပါသည်။**

Prepaid Card ဖြင့် အရောင်းဆိုင်အားလုံးတွင် ဂယ်ယူ အားပေးနိုင်ပါသည်။




**ဂယ်ယူနိုင်သောစက်သုံးဆီများ**

- အဆင့်မြင့်ဓာတ်ဆီ 92 Octane
- အဆင့်မြင့်ဓာတ်ဆီ 95 Octane
- ဒီဇယ်ဆီ (500 ppm) (0.05% Sulphur)
- အဆင့်မြင့်ဒီဇယ်ဆီ (50 ppm) (0.005% Sulphur)

## စက်သုံးဆီအရောင်းဆိုင်များ၏တည်နေရာ

ND-001
ဗားကရာလမ်းနှင့်ဗဟိုလမ်းထောင့်၊ ရန်ကုန်မြို့။
ND-002
မဟာဗန္ဓုလလမ်း၊ ပိုလ်တထောင်၊ ရန်ကုန်မြို့။
ND-003
ဝေဇယန္တာလမ်းထောင့်၊ တောင်ဥက္ကလာ၊ ရန်ကုန်မြို့။
ND-004
အောက်ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ND-005
ကမ္ဘာ့အေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ND-006
စစ်ကိုင်း-မန္တလေးလမ်း၊ တမ္ပဝတီရပ်၊ မန္တလေးမြို့။
ND-007
ရန်ကုန်-မန္တလေးလမ်း၊ မြစ်ငယ်၊ မန္တလေးမြို့။
ND-008
ရန်ကုန်-မန္တလေးလမ်း၊ ရှမ်းတဲကျေးရွာအနီး၊ မိတ္ထီလာမြို့။
ND-009
မုံရွာ-မန္တလေးလမ်း၊ နတ်လူထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့။
ND-010
မော်လမြိုင်-ကျိုက္ခမီလမ်း၊ မော်လမြိုင်မြို့။
ND-011
မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့။
ND-012
ဗိုလ်ချုပ်လမ်း၊ မူယာပင်ရပ်ကွက်၊ ပြည်မြို့။
ND-014
ဝွေးချိုလမ်းဆုံ၊ ဝွေးချိုမြို့။
ND-015
အမှတ် (၁) ရပ်ကွက်၊ မြို့မလမ်း၊ ပခုက္ကူမြို့။
ND-016
ရန်ကုန်-မန္တလေးလမ်း၊ အုတ်ကျွတ်တန်း၊ တောင်ငူမြို့။
ND-017
ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့။
ND-018
မကွေး-ပြည်လမ်းဆုံ၊ တောင်တွင်းကြီးမြို့။
ND-019
ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ ညောင်ဦးမြို့။

Email : headoffice@newdayenergymm.com



# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်ယှဉ်ပြိုင်မှုကော်မရှင် (Philippines Competition Committee - PCC)သို့ လေ့လာရေးခရီးသွားရောက်

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ရှိဖိလစ်ပိုင် ယှဉ်ပြိုင်မှုကော်မရှင် (Philippines Competition Commission-PCC)သို့ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ လေ့လာနိုင်ရန် မေ ၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည် ပြည်ဆိုင်ရာလေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

မေ ၈ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ Mr. Arsenio Balisacan က မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ပြီး Legal Consultant ဖြစ်သူ Mr. David Fruitman က ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေ၏ ရည်ရွယ်ချက်များ၊ ယေဘုယျတားမြစ်ချက်များ၊ ယှဉ်ပြိုင်မှုသဘောသဘာဝ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းများ၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေတို့ကိုလည်းကောင်း၊ မလေးရှားယှဉ်ပြိုင်မှုကော်မရှင် အမှုဆောင်အရာရှိချုပ်ဟောင်း Shila Dorai Raj က ယှဉ်ပြိုင်မှုဥပဒေ စတင်အကောင်အထည်ဖော်ဆောင်ရာတွင် မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ စီမံအသုံးချခြင်း၊ ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း စသည်တို့ကဲ့သို့ ကနဦး ထည့်သွင်းစဉ်းစားရမည့် အချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြခဲ့ပြီးနောက် ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဖိလစ်ပိုင် ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ Mr. Arsenio Balisacan က ဖိလစ်ပိုင် ယှဉ်ပြိုင်မှုကော်မရှင်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းတည်ဆောက်မှု အတွေ့အကြုံများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖိလစ်ပိုင် ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင် Amabelle Asuncion နှင့် Macario De Claro Jr. တို့က ဖိလစ်ပိုင် ယှဉ်ပြိုင်မှုကော်မရှင်၏ လုပ်ထုံးလုပ်နည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်သို့ သွားရောက်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်အဖွဲ့ဝင် ၁၁ ဦးနှင့်အတူ ကော်မရှင်ရုံးမှ ကိုယ်စားလှယ်များ၊ ဖရက်ဒရစ်နော်မာန်ဖောင်ဒေးရှင်း (FNF) နှင့် GIZ တို့မှ ကိုယ်စားလှယ်များ လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Asia Development Bank မှ Office of the General Counsel, Private Sector Legal Group ၏ Officer–in-Charge/ Principal Counsel ဖြစ်သူ Mr. Nicholas Moller ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Asia Development Bank မှ Office of the General Counsel, Private Sector Legal Group ၏ Officer–in-Charge/ Principal Counsel ဖြစ်သူ Mr. Nicholas Moller ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ Ease of Doing Business Rankings အဆင့်တိုးတက်စေရေးအတွက် Indicator များအလိုက် ကဏ္ဍအသီးသီး၌ အကောင်အထည်ဖော်ဆောင်နေမှုများအား အရှိန်အဟုန်မြင့်တင်၍ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ရမှတ်များ တိုးမြင့်ရရှိနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**


Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.17 Monday May 13 2019

# ဧပြီလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန်ကိုးသောင်းကျော်တင်ပို့

ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိဆန်တန်ချိန် ၈၅၀၀ ကျော်ကို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်အတွင်း လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၆၇ တန်ကျော်တင်ပို့ခဲ့ပြီး ဧပြီလအတွင်း ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲ တန်ချိန် ၂၁၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၈ ရက်မှ မေ ၅ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၃၂၀၀၀ ကျော် တင်ပို့ခဲ့ရာ ရုရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်၊ ထိုင်ဝမ်၊ မက်ဒါဂါစကား၊ တိုဂို၊ ကင်မရွန်နှင့်အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်မှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၉၇၈၀၊ ကင်မရွန်နိုင်ငံသို့ တန်ချိန် ၁၅၀၀၀၊ တိုဂိုနိုင်ငံသို့ တန်ချိန် ၂၀၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၂၀၀၀ ကျော်နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၂၉၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ရေကြောင်းမှအမေရိကန်ဒေါ်လာတစ်သန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၃၀၀နီးပါး တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံနှင့်အီးယူနိုင်ငံများသို့ တင်ပို့ပြီး စင်ကာပူနိုင်ငံသို့ ၇၅ တန်နှင့် အီးယူနိုင်ငံများသို့ တန်ချိန် ၆၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းမှ ဧပြီလအတွင်း ဆန်တန်ချိန် ၄၃၀၀၀ ကျော်နှင့်ဆန်ကွဲတန်ချိန် ၂၅၀၀၀ ကျော်တင်ပို့ခဲ့ပြီး နယ်စပ်လမ်းနှင့် ရေကြောင်းလမ်းနှစ်ခုမှ ဧပြီလအတွင်း စုစုပေါင်း ကုန်သွယ်မှုမှာ ဆန်တန်ချိန် ၆၅၀၀၀ နီးပါးနှင့် ဆန်ကွဲတန်ချိန် ၂၅၇၀၀ ကျော်ဖြစ်ကြောင်းသိရသည်။ အနီးစပ်ဆုံး မတ်လတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဧပြီလအတွင်း ဆန်တင်ပို့မှုထက်ဝက်ခန့် လျော့ကျခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# သာယာဝတီခရိုင်အတွင်း ဧပြီလကုန်တွင် စပါးဈေးနှုန်း အနည်းငယ်ကျဆင်း

သာယာဝတီခရိုင်အတွင်းတွင် မြို့နယ်အလိုက် မနောသုခ၊ ဆင်းသုခ၊ အင်းလည်၊ ရတနာတိုး၊ ကရင်မ၊ ငွေတိုးစသည့် စပါးအမျိုးအစားများစွာစိုက်ပျိုးလျက်ရှိပြီး ယခုဧပြီလကုန် သီတင်းပတ်အတွင်း စပါးဈေးနှုန်းဈေးကွက်များမှာ အနည်းငယ်ကျဆင်းလာကြောင်း သိရသည်။ ယခင်ဧပြီလဆန်းပိုင်း သီတင်းပတ်များတွင် စပါးဈေးနှုန်းများမှာ အမျိုးအစားအလိုက် ၄၆ ပေါင်တင်း ၁၀၀ လျှင် ကျပ် ၅၅၂၀၀၀ ခန့်ရှိရာမှ ယခု ဧပြီလနောက်ဆုံးသီတင်းပတ်တွင် ၄၆ ပေါင်တင်း ၁၀၀ လျှင် အမြင့်ဆုံး ကျပ် ၅၄၂၈၀၀ ခန့်မှ ၅၃၃၆၀၀ ခန့်ထိ အနည်းငယ်ကျဆင်းသွားသည်။

ထိုသို့ဈေးကွက်အတွင်း စပါးဈေးနှုန်း ကျဆင်းရခြင်းမှာ စပါးဟောင်းလက် ကျန်နည်းပါးလာခြင်း၊ အရောင်းအဝယ်ဖြစ်မှု မရှိခြင်းတို့ကြောင့် စပါးဈေးနှုန်းများ အနည်းငယ်ကျဆင်းလာရခြင်းဖြစ်ကြောင်း ကုန်သည်ပွဲစားအသိုင်းအဝိုင်း၏ ပြောကြားချက်အရသိရှိရသည်။

**ဝေဝေဖြိုး(သာယာဝတီ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးညှော်မထစပါးဈေးနှုန်း အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် မေလဒုတိယပတ် မိုးညှော်မထစပါးဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး ပုသိမ်၊ကန်ကြီးထောင့်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်များတွင် ယခင်မိုးညှော်မထစပါး(၄၆)ပေါင်တင်း ၁၀၀ ကို ကျပ် ၅၅၂၀၀၀၊ ၅၄၃၀၀၀၊ ၅၇၀၀၀၀ ဈေးမှ ယခု ကျပ် ၅၆၂၀၀၀၊ ၅၆၀၀၀၀၊ ၅၇၅၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို သောင်းဂဏန်းဝန်းကျင် မြင့်တက်လျက်ရှိပြီး မအူပင်ခရိုင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် မိုးညှော်မထစပါး (၄၆)ပေါင် တင်း ၁၀၀ ကို ယခင် ကျပ် ၅၅၂၀၀၀ ဈေးမှ ယခု ကျပ် ၅၆၅၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၁၃၀၀၀ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။



မိုးညှော်မထစပါးလက်ကျန်များမှာယခင်ကထက် လျော့နည်းလျက်ရှိပြီး ယခုအချိန်လှောင်ထားသော စက်ပိုင်ကုန်သည်တချို့နှင့် တောင်သူလက်ကြီးသမားများတွင်သာ မိုးညှော်မထစပါး လက်ကျန်ရှိနေပြီး ဈေးကွက်အရောင်းအဝယ် သွက်သည့်အပေါ် အဆိုပါမြို့နယ်များတွင် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိပြီး အခြားမြို့နယ်များတွင် ရောင်းဝယ်မှု ပုံမှန်ရှိနေ၍ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ဈေးကွက်သတင်းများမှသိရသည်။

**မင်းမင်းဦး**

# တောင်ငူမြို့နယ်တွင် နွေစပါးဈေးကွက် အေးနေ

တောင်ငူမြို့နယ်တွင် နွေစပါးစိုက်ဧက ၁၇၆၂၉ ဧကခန့်ရှိရာ ယခုအခါ ရိတ်သိမ်းနေပြီဖြစ်သည်။ စပါးခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြီး လယ်ကွင်းထဲရောင်းချပါက ၁၃ ပိဿာ (၄၆ ဒသမ ၈ ပေါင်) တစ်တင်းလျှင် ကျပ် ၄၇၀၀ ရောင်းရကြောင်း၊ အစိုဓာတ် ၁၅ ဒသမ ၅ လောက်ရှိကြောင်း၊ နေလှန်းပြီး အစိုဓာတ် ၁၄ ဝန်းကျင်ဖြင့်ရောင်းပါက ကျပ် ၄၉၀၀ ရောင်းရကြောင်း၊ နွေစပါးဆန်ဈေးကွက် ပိဿာ ၃၀တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ရောင်းရကြောင်း၊ ပျိုးထောင်စိုက်ခင်း မဟုတ်ဘဲ ကြဲခင်းသားများဖြစ်ကြောင်း၊ စိုက်ပျိုးရန် မြေပြုပြင်ခ ကျပ်၇၂၀၀၀၊ သွင်းအားစု လယ်တစ်ဧက မြေသြဇာလေးအိတ်ကျပ် ၇၂၀၀၀ ခန့်၊ ပေါင်းသတ်ဆေး တစ်ဧကကျပ် ၁၈၀၀၀၊ မျိုးစပါးဖိုး တစ်ဧက တစ်တင်းခွဲကျပ် ၁၂၀၀၀ ကုန်ကျကြောင်း၊ ရိတ်သိမ်းခမှာ တစ်ဧက လုပ်သားရှစ်ယောက်ဖြစ်၍ ကျပ် ၄၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ကြဲသားခင်းများတွင် တစ်ဧက ၆၂ တင်းမှ ၇၃ တင်းအထိ ထွက်ရှိကြောင်း၊ ယခုဈေးနှင့်ဆိုလျှင် ကျပ်သုံးသိန်းဝန်းကျင်ရရှိကြောင်း၊ ကုန်ကျစရိတ်နုတ်ပါကကျပ် ၈၆၀၀၀ သာ အမြတ်ရရှိကြောင်း၊ ယခင်နှစ်ကဆိုလျှင် ၁၃ ပိဿာ တစ်တင်းလျှင်ကျပ် ၅၅၀၀ အထိဈေးရကြောင်း၊ ယခင်နှစ်ကထက်စာလျှင် ယခုနှစ် နွေစပါးဈေးကွက်အေးနေကြောင်း ဆင်ဆိပ်ကျေးရွာအုပ်စု၊ ဇီးတောကျေးရွာမှ နွေစပါးစိုက်ပျိုးသူ တောင်သူတစ်ဦးထံမှ သိရှိရသည်။

**မြင့်သူ(တောင်ငူ)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၅-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၂ | ၃၉၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၂ | ၃၈၃ | △ | ၃၆၀ | ၃၅၈ | ▽ | ၃၈၀ | ၃၇၅ | ▽ | ၃၆၂ | ၃၆၅ | △ |
| ဆန်ဖြူ ၁၀% | ၃၈၁ | ၃၈၂ | △ | ၃၅၅ | ၃၅၃ | ▽ | - | - | - | ၃၅၇ | ၃၆၀ | △ |
| ဆန်ဖြူ ၁၅% | ၃၇၈ | ၃၇၉ | △ | ၃၅၀ | ၃၄၈ | ▽ | - | - | - | ၃၅၂ | ၃၅၅ | △ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၇၁ | △ | ၃၃၅ | ၃၄၀ | △ | ၃၅၅ | ၃၅၅ | □ | ၃၂၇ | ၃၂၅ | ▽ |
| ပေါင်းဆန် | ၄၁၄ | ၄၁၅ | △ | - | - | - | ၃၇၀ | ၃၆၈ | ▽ | - | - | - |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၀-၅-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၃၃၀ | □ | ၂၂၀၀၀ | □ | ၉၁၅၀ | □ | ၄၁၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | △ | ၂၂၀၀၀ | □ | ၈၉၀၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၄၅၀ | □ | ၂၂၅၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | - | - | ၃၈၀၀၀ | △ | ၁၄၅၀၀ | □ | ၄၆၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၅၀၀၀ | □ | ၉၂၀၀ | □ | ၄၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | △ | ၂၇၅၀၀ | ▽ | - | - | ၄၇၅၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | □ | ၁၉၀၀၀ | □ | - | - | ၄၉၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | △ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၅၀၀ | △ | - | - | ၅၂၅၀၀ | △ |
| မော်လမြိုင် | ၅၇၀၀ | ▽ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၃၈၀၀၀ | □ |
| လှိုင်ကော် | ၉၅၈၅ | □ | ၄၃၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ဘားအံ | ၅၁၀၀ | □ | ၂၁၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃-၅-၂၀၁၉ မှ ၉-၅-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Manual လျှောက်ထားမှု | Online လျှောက်ထားမှု |
|---|---|---|---|
| | | စောင်ရေ | စောင်ရေ |
| 1 | Form A | 40 | 244 |
| 2 | Form D | 6 | 91 |
| 3 | Form E | 35 | 117 |
| 4 | Korea GSP | - | 10 |
| 5 | Form AK | 23 | 65 |
| 6 | Form AJ | 1 | 17 |
| 7 | Form AI | - | 77 |
| 8 | Form AANZ | - | 10 |
| 9 | Form DFTP | - | 6 |
| 10 | Form CHINA | - | - |
| Grand Total | | 105 | 637 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၅-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု | ၃/၅ | ၁၀/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၆၈ | ၁၃၄၉ | ▼ | ၁၄၁၇ | ၁၃၀၀ | ▼ | ၁၃၅၀ | ၁၃၀၀ | ▼ | ၁၁၇၅ | ၁၃၀၀ | ▲ |
| ပဲစင်းငုံ | ၁၅၇၄ | ၁၅၁၀ | ▼ | ၁၆၆၇ | ၁၅၆၇ | ▼ | ၁၆၀၅ | ၁၅၆၅ | ▼ | ၁၄၁၀ | ၁၅၇၅ | ▲ |
| ပဲတီစိမ်း | ၁၅၅၀ | ၁၅၈၀ | ▲ | ၂၂၀၄ | ၂၀၉၈ | ▼ | ၂၁၅၇ | ၂၁၀၅ | ▼ | - | - | - |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၉၀၀ | ■ | ၁၄၃၂ | ၁၄၂၄ | ▼ | ၁၄၃၆ | ၁၄၁၅ | ▼ | ၁၃၇၀ | ၁၄၅၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၁၅ | ▲ | ၁၁၃၃ | ၁၁၃၃ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၀၅ | ၁၀၀၀ | ▼ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၇၃၅ | ■ | ၁၉၂၀ | ၁၉၀၂ | ▼ | ၁၇၇၉ | ၁၇၇၉ | ■ | ၁၃၀၀ | ၁၈၁၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇.၄.၁၉)ထိ | ယခုတစ်ပတ် (၄.၅.၁၉)ထိ | (၁.၁.၁၉) မှ (၄.၅.၁၉) ထိ |
| မတ်ပဲ | ၁၀၂၃၄၆ | ၆၈၉၈ | ၁၀၉၂၄၄ |
| ပဲတီစိမ်း | ၁၀၂၁၉၆ | ၄၃၈၀ | ၁၀၆၅၇၆ |
| ပဲစင်းငုံ | ၂၉၁၄၅ | ၁၄၈ | ၂၉၂၉၃ |
| ကုလားပဲ | ၃၈၇၈၁ | ၄၄၄၅ | ၄၃၂၂၆ |
| ပဲလွန်းဖြူ | ၂၀၈၄၆ | ၁၇၄၈ | ၂၂၅၉၄ |
| မြေထောက်ပဲ | ၅၉၉၈ | ၃၆၀ | ၆၃၅၈ |

## ပြည်ပဲဈေးကွက်အတွင်း ပဲနီပြားသီးနှံအဝင်ရှိ လက်ကျန်ပဲများ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ပြည်ပဲဈေးကွက်အတွင်း ပဲနီပြားသီးနှံအဝင်ရှိခဲ့ပြီး လက်ကျန်ပဲများဖြင့် လက်လီ/လက်ကားအရောင်းအဝယ်ဖြစ်ခဲ့ကြကြောင်း သိရသည်။

ပဲအဝင်တစ်ရက်အိတ် ၅၀ မှ ၁၀၀ ကျော်ရှိသကဲ့သို့ အရောင်းအဝယ်ဖြစ်မှုမှာလည်း အိတ် ၁၀၀ ကျော်ဖြစ်ခဲ့ကြပြီး ပဲဈေးနှုန်းမှာတစ်တင်းကျပ် ၂၅၅၀၀ ဖြင့် ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်လျော့သွားခဲ့ကာ ယခင်နှစ်ဈေးထက်လည်း ဈေးလျော့နေခဲ့ကြောင်း သိရသည်။

ခင်ဆွေဝင်း

## ပြည်ပဲဈေးကွက်၌ မတ်ပဲသီးနှံ ပုံမှန်ရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်သို့ မတ်ပဲအဝင်နေ့စဉ်ရှိသော်လည်း အိတ် ၂၀၀ မှ ၃၀၀ ကျော်ခန့်သာ အဝင်ရှိခဲ့ပြီး ရန်ကုန်ဝယ်လက်သမားနေ့စဉ် ဝယ်ယူနေကြောင်း သိရသည်။ ပဲအဝင်ရှိနေသလို လက်ကျန်ပဲများရှိခဲ့တဲ့အတွက် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့သည်။

ပဲဈေးမှာ တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ရောင်းချနေရသော်လည်း ယခင်နှစ်က ဈေးထက်တော့ ဈေးပိုရလျက်ရှိခဲ့ပြီး ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံဈေးများထက် ဈေးလျော့အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ခင်ဆွေဝင်း

## နှမ်းနီနှင့်နှမ်းနက်ဈေး အနည်းငယ်မြင့်တက်

ဆီထွက်သီးနှံဈေးကွက်တွင် ယခင်နှစ်မိုးရာသီနှင့်ဆောင်းရာသီစိုက်သော နှမ်းနီ၊ နှမ်းနက်များလက်ကျန်နည်းနေသည့်အပြင် လက်ရှိဆီစက်များနှင့်ဝယ်ရောင်းလုပ်သည့် ကုန်သည်များက ဝယ်ယူနေသောကြောင့်ဈေးမြင့်တက်နေကြောင်း ရေနံချောင်းနှမ်းဈေးကွက်မှသိရသည်။

နှမ်းနက်မှာ နယ်ဝယ်လက်ကယူပြီး ဆီကြိတ်သည့်အပြင် ပြည်ပပို့ကြောင်း စိုက်ပျိုးချိန်ရောက်နေသည့်အတွက် တောင်သူများမျိုးအဖြစ်ဝယ်ကြောင်း နှမ်းဈေးကွက်မှသိရသည်။

လက်ရှိနှမ်းနက်တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ နှမ်းနီတစ်တင်းကျပ် ၆၆၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ရွှေဇင်(ရေနံချောင်း)

# ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်များတွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ်ပခုက္ကူနှင့်ရေစကြိုကုန်စည်ဒိုင်များတွင် ဥပုသ်နေ့မှလွဲ၍ ပဲမျိုးစုံ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေပါသည်။ ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ၊ ကုလားပဲသုံးမျိုး၊ စွန်တာနီ၊ ပဲဇီးကွက်၊ ပြောင်းဖူးစေ့(CP)၊ ထောပတ်ပဲ၊ မန်ကျည်းသီးတောင့်စသည့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီ အသစ်တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ အဟောင်းတစ်တင်းလျှင်ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ကုလားပဲဝါ ဟော်လန် တစ်တင်းလျှင် ကျပ် ၂၇၁၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဖြူ V2လုံးကြီးတစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီး (929)တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀၊ စွန်တာနီကျွန်း တစ်တင်းလျှင် ကျပ် ၁၇၇၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀ အိတ် ၅၀၊ ကျွန်းထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၃၈၀၀ ဖြင့်အိတ် ၅၀၊ ယောထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၅၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀၊ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၆၈၀၀ ဖြင့်အိတ်ရေ ၁၀၀၊ မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၈၈၀ ဖြင့် ကုန်ချိန် ၂၀၀၀ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် တစ်ပိဿာလျှင်ကျပ် ၃၂၀၀၊ ကျွန်းမြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၉၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၇၅၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၇၅၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၉၅၀၀ မှ ၄၀၀၀၀ ဖြင့် အိတ်ရေ ၂၀၀၊ ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၃၃၈၀၀ အိတ် ၁၀၀၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၅၅၀၀၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၆၈၀၀ ဖြင့် အိတ်ရေ ၁၀၀၀ နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်နေသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

## ဟသ်ာတတွင် မတ်ပဲဈေး အနည်းငယ်ကျဆင်းပြီး ပဲတီစိမ်း(ဝါးခယ်မ)ဈေးတည်ငြိမ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် မေ ၁ ရက်က တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြစ်ခဲ့သော မတ်ပဲဈေးသည် တစ်ရက်လျှင် ကျပ် ၁၀၀၊ ကျပ် ၂၀၀နှုန်းဖြင့် ဈေးကျဆင်းလာခဲ့ရာ မေ ၉ ရက် နံနက်ပိုင်းတွင် ကျပ် ၂၆၆၀၀ ထိကျဆင်းခဲ့ပြီး ညနေပိုင်းတွင် ကျပ် ၂၇၁၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ မတ်ပဲဈေး အနည်းငယ်ကျဆင်းလာသော်လည်း မေ ၁ ရက်က ကျပ် ၂၉၅၀၀ ဈေးပေါက်ခဲ့သော ပဲတီစိမ်း(ဝါးခယ်မ)ဈေးမှာ မေ ၉ ရက်တွင်လည်း ကျပ် ၂၉၅၀၀ဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။ ဟသ်ာတကုန်စည်ဒိုင်တွင် နေ့စဉ် မတ်ပဲ အိတ် ၃၅၀၀ မှ ၄၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

မောင်မောင်မြတ်ခိုင်

## ပြည်ဘိုကိတ်ပဲသီးနှံ လက်လီ/လက်ကား ရောင်းဝယ်မှုဖြစ်နေ

ပြည်ပဲဈေးကွက်အတွင်း လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်နေသော ပဲထဲမှာ ဘိုကိတ်ပဲသီးနှံလည်း ပါဝင်နေပြီး ပဲအဝင်အနည်းငယ်ရှိကာ လက်ကျန်ပဲလည်းရှိခဲ့သည့်အတွက် ဒေသတွင်းလက်လီသမားများ ဝယ်ယူမှုရှိခဲ့ကြသည်။ ထို့ကြောင့် တစ်ရက်အိတ် ၂၀ မှ ၃၀ ကျော်ရောင်းဝယ်မှုရှိပြီး ပဲဈေးမှာတစ်တင်းကျပ် ၁၇၅၀၀ ဖြင့်ဈေးငြိမ်နေခဲ့ကာ ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေသည့်သီးနှံဖြစ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပဝယ်လက် ပဲအားလုံးလိုလို ယခုနှစ်၌ ဈေးကောင်းရသော်လည်း ဘိုကိတ်ပဲသီးနှံသည် ယခုနှစ် ဈေးအေးခဲ့ကြောင်း လေ့လာသိရှိရသည်။

ခင်ဆွေဝင်း

## ပြည်ပဲစင်းငုံသီးနှံ ယခုနှစ် ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ယခုတစ်ပတ်မှာ ပဲစင်းငုံသီးနှံအနေဖြင့် ပဲဝင်ရောက်မှုမရှိသလောက်ဖြစ်ခဲ့ပြီး လက်ကျန် ပဲများရှိခဲ့တဲ့အတွက် ပဲဟောင်း၊ ပဲသစ်နှစ်မျိုးစလုံး ဝယ်လိုအားရှိသည့်ရက်တွင် လိုသလောက်ရောင်းချမှုရှိခဲ့ကြသည်။ ရန်ကုန်ဝယ်လက်ဝယ်လိုအားရှိပြီး နေ့စဉ်ရောင်းဝယ်မှုမဖြစ်ဘဲ ရက်ခြားသာရောင်းဝယ်မှုဖြစ်ခဲ့ကြသည်။ ပဲဈေးမှာ ပဲဟောင်းတစ်တင်း ကျပ် ၂၈၅၀၀၊ ပဲသစ်တစ်တင်း ကျပ် ၃၁၅၀၀ ဖြင့် အသီးသီးရောင်းဝယ်မှုဖြစ်ခဲ့လို့ ယခုနှစ်မှာ ပဲစင်းငုံသီးနှံဟာ ပဲသစ်စပေါ်ကတည်းက ဈေးကောင်းခဲ့တဲ့သီးနှံဖြစ်ခဲ့ကြောင်း သိရသည်။

ခင်ဆွေဝင်း

## တောင်သူများ မျိုးအဖြစ် ဝယ်သောကြောင့် မြေပဲလုံးဆန်ဈေးမြင့်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် တောင်သူများ မျိုးပဲအဖြစ် စိုက်ပျိုးရန်အတွက် ဝယ်ယူသောကြောင့် အရောင်းအဝယ်သွက်နေကာ ဈေးမြင့်နေကြောင်းသိရသည်။

“တောင်သူတွေမိုးရွာရင်တော့ စိုက်ပျိုးဖို့လုပ်နေကြတယ်။ မျိုးပဲအဖြစ် တောင်သူတွေဝယ်နေရတယ်။ မြေပဲလုံးဆန်ဈေးတက်တယ်။ မြေပဲလုံးဆန် တစ်ပိဿာကျပ် ၃၃၀၀ ဝယ်နေတယ်။ ဧပြီလဆန်းပိုင်းကဆိုရင် တစ်တင်း ကျပ် ၂၈၀၀ ပဲရှိတယ်”ဟု မကျည်းတိုင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြေပဲဆန်မျိုးဈေးကောင်းလာသောကြောင့် တောင်သူများ၊ ပွဲစားများ၊ လှောင်လက်ကုန်သည်များနှင့် ပဲခွဲစက်များမှ မြေပဲအတောင့်များကြိတ်ခွဲပြီး မြေပဲဆန်အဖြစ် ထုတ်ရောင်းနေကြကြောင်း ပဲပွဲစားတစ်ဦးက ပြောသည်။

ပြည်ပနိုင်ငံနှင့်ပြည်တွင်းစားသုံးဆီဈေးကွက်နှင့်မုန့်လုပ်ငန်းများ၌ အသုံးများပြီး ဈေးကောင်းရသောကြောင့် တောင်သူများ ယခုနှစ် မြေပဲကို အဓိကထားစိုက်ပျိုးလာကြကြောင်း တောင်သူများနှင့်ပွဲစားများထံမှ သိရသည်။

ရွှေဇင်(ရေနံချောင်း)

# ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေဖို့နည်းစနစ်မှန်စွာစိုက်ကြစို့

ကမ္ဘာ့နိုင်ငံအသီးသီးတွင်မိမိတို့နိုင်ငံ၏ စားသုံးမှုဖူလုံရေး၊ မပြည့်စုံသည့်ကုန်ပစ္စည်းများ စားသုံးရန်သီးနှံများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံပို့ကုန်သွင်းကုန်များကို ပူးပေါင်းလုပ်ကိုင်လျက်ရှိပေသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောနိုင်ငံသူနိုင်ငံသားတို့၏အကျိုးစီးပွားနှင့်စားသုံးသူများ၏ ဘေးဥပဒ်အန္တရာယ်ရှိ/ မရှိကို စိစစ် ရွေးချယ်လုပ်ကိုင်ဆောင်ရွက်ကြပေသည်။ အဓိကအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးပြုလုပ်ကြရာတွင် တင်ပို့လက်ခံသည့်ကုန်ပစ္စည်းများ၏အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိ ကိုတိုင်းတာ စစ်ဆေးပြီးမှ အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီသည့်ကုန်စည်များကိုသာ ကူးသန်းရောင်းဝယ်မှုပြုလုပ်ခြင်းကိုအလေးထား ဆောင်ရွက်လာသည်ကိုလည်း တွေ့ရှိရပေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတတ်အောင် တည်ဆောက်လျက်ရှိပေသည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှဆန်/စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကိုပြည်တွင်းစားသုံးပိုလျှံမှုမှတစ်ဆင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ပြည်ပပို့ကုန်မြင့်မားလာစေပြီး နိုင်ငံတော်ကလည်း ပို့ကုန်ဝင်ငွေများရရှိကာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ အကျိုးစီးပွားနှင့်လူနေမှုဘဝမြင့်မားလာစေပြီး အကျိုးအမြတ်ပိုမိုရရှိစေနိုင်မည့်လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိသော တောင်သူများအနေဖြင့်လည်း ဈေးကွက်ပိုမိုရရှိရေးနှင့် အထွက်နှုန်းများ မြင့်မားလာစေရေးအတွက် နိုင်ငံတကာအဆင့်မီအရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီစွာ ဈေးကွက်များသို့ ဝင်ရောက်ထိုးဖောက် ယှဉ်ပြိုင်နိုင်စွမ်းရှိပါမှဖြစ်ပေလိမ့်မည်။

မြန်မာ့လယ်ယာထွက်ကုန်များ၏ ပြည်ပပို့ကုန်သီးနှံများထဲမှအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီသောစိုက်ပျိုးထုတ်လုပ်မှုစနစ်နှင့်နည်းပညာများအား လေ့လာမှတ်သားထားမိသလောက် နှမ်းစိုက်တောင်သူများ သိရှိလေ့လာစေရန် ရည်ရွယ်၍ ရေးသားတင်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ဆီထွက်သီးနှံများအနက်နှမ်းသီးနှံသည် စိုက်ဧက အများဆုံးဖြစ်ပြီး ပြည်ပပို့ကုန်သီးနှံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံတော်၏ပို့ကုန်ဝင်ငွေရရှိအောင် တစ်စိတ်တစ်ပိုင်း အထောက်အပံ့ပေးနေသောကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိပေသည်။ နှမ်းကို နှမ်းကြီးနှင့်နှမ်းရင်ဟူ၍ နှစ်မျိုးခွဲထုတ်ထားရှိပြီး နှမ်းစိုက်ပျိုးသည့် စိုက်ပျိုးချိန်ပေါ်မူတည်၍ မိုးနှမ်း၊ ဆောင်းနှမ်းနှင့်မိုးကြိုရေသွင်း နှမ်းဟူ၍လည်း ခွဲခြားထားပေသည်။

နှမ်းသီးနှံသည်ပြည်ပပို့ကုန်သီးနှံဖြစ်သည့်အလျောက် ဈေးကွက်ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စိုက်ပျိုးမှုနည်းစနစ်ဖြင့် အရည်အသွေးနှင့်စံချိန်စံနှုန်းပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးသည်လည်း နှမ်းစိုက်တောင်သူများအနေဖြင့် အလေးထားဆောင်ရွက်လုပ်ကိုင်ရမည့် အဓိကကျသောအခန်းကဏ္ဍတစ်ခုလည်းဖြစ်ပေသည်။

နှမ်းသီးနှံအထွက်နှုန်းကောင်းသော မြေအမျိုးအစားများမှာလယ်မြေ၊ နုန်းမြေ၊ နုန်းသမမြေ၊ သဲနုန်းမြေနှင့် ကိုင်းကျွန်းမြေများသည် နှမ်းအထွက်ကောင်းသောမြေများပင် ဖြစ်ပေသည်။

နှမ်းတစ်ပင်မှ နှမ်းသီးနှံအနည်းဆုံး ၃၅ သီးရရှိပြီး တစ်ဧကတွင်နှမ်အပင်ပေါင်း သုံးသိန်းကျော်ရရှိအောင် စိုက်ပျိုးထားရှိမှသာလျှင်တစ်ဧကနှမ်းတင်း ၂၀ ကျော်ထွက်ရှိနိုင်မည်ကိုလည်း သတိချပ်သင့်ပေသည်။ နှမ်းစိုက်ပျိုးမည့်မြေသည်လည်း မြေအင်န်ဓာတ် ၅ ဒသမ ၅ မှ ၈အတွင်းရှိလျှင် နှစ်သက်ပေသည်။ မိမိတို့စိုက်ပျိုးမည့်မြေ၏ အင်န်ဓာတ် လွန်ကဲမှုရှိ/မရှိကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနဖြင့် ပူးပေါင်းစစ်ဆေးသင့်ပေသည်။ နှမ်းပင်သည် ရေဝပ်သောမြေများကိုနှစ်သက်မှုမရှိသည်ကိုလည်း အထူးဂရုပြုအပ်ပေသည်။

[မျိုးအောင်]

နှမ်းသီးနှံ အထွက်နှုန်းကောင်းမွန်ရေးအတွက် တစ်ဧကလျှင် အပင်တစ်သိန်းကျော်ရအောင် စိုက်ပျိုးနိုင်ရန် အဓိကကျသည့်အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းကျော်ရှိသည့် နှမ်းမျိုးကို ရွေးချယ်စိုက်ပျိုးရပေမည်။ နှမ်းသီးနှံစိုက်ပျိုးပြီးချိန်တွင် အပင်အသေအပျောက် ၂၀ မှ ၃၀ အထိရှိသည့်အလျောက် အပင်တစ်သိန်းကျော်ကာမိအောင် စိုက်ပျိုးထားရမည့်အပြင် အပင်အရေအတွက် တစ်သိန်းအောက် ကျဆင်းမသွားစေရန်လည်း အပင်များမှုန်းခြင်း၊ လက်ကြားခွဲခြင်းတို့တွင် အထူးဂရုပြုအပ်ပေသည်။

### မြေပြင်ခြင်း

နှမ်းပင်၏အမြစ်သည်မြေထဲသို့ နက်နက်ထိုးဖောက်ဝင်ရောက်နိုင်သောကြောင့် အပင်သက် ၁၀ ရက်မှ ၂၀ ရက်သားတွင် အပင်ရှင်သန်နှုန်းအားကောင်းလာကာ မြေထဲသို့ ထိုးဖောက်ဝင်ရောက်ပြီး တဖြည်းဖြည်းနှင့် ၄၅ ရက်သား ရရှိသောအချိန်သည် ထိုးဖောက်မှုအားအကောင်းဆုံးအချိန်ဖြစ်ပေသည်။ ထို့ကြောင့်စိုက်ခင်းမြေပြုပြင်ရာတွင် ထယ်ရေးနက်နက်နှင့်ညက်ရန် အထူးလိုအပ်ပေသည်။ ၎င်းနောက် သဘာဝမြေဩဇာများထည့်ပြီး မိုးနှောင်းထယ်ရေးနှစ်စပ်ထိုးကာ မြေကိုလှန်၍ထားရပေမည်။ အပေါ်ရေနှင့်အောက်ခံဓာတ်ရေ အစိုဓာတ်များ ဆက်မိစေရန် ရေပြန်သွင်းပေးထားရပေမည်။ ပြီးနောက် ထယ်စာခေါင်းခြောက်သည်ထိ မြေလှန်ထားရပေမည်။ အစိုဓာတ်အနေတော်ဖြစ်ချိန်တွင် ထယ်ထိုးထွန်မွှေကြမ်းတုံးရိုက် သုံးကြိမ်ခန့်ပြုလုပ်ကာ စိုက်ကြောင်းကို ၁၂ လက်မခြား အနက် ၁ လက်မမှ ၁၂ လက်မခွဲခန့်ဖြင့် ဆွဲထားရပေမည်။

**နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးနှင့် စံချိန်စံညွှန်းနှင့် ပြည့်မီသော မြန်မာ့ပို့ကုန်နှမ်းသီးနှံအဖြစ် ဈေးကွက်အတွင်း ဝင်ရောက်ထိုးဖောက် ယှဉ်ပြိုင်နိုင်စွမ်းရှိစေဖို့ နည်းစနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း**

### မျိုးစေ့ချခြင်း

မျိုးစေ့ချခြင်းကိုမျိုးစေ့ချစက်အသုံးမပြုနိုင်ပါက နို့ဆီဘူးအောက်ခြေအလယ်တည့်တည့်တွင် သုံးလက်မသံဖြင့် အပေါက်ဖောက်ပြီး လက်ကိုင်တုတ်တပ်ကာစိုက်ကြောင်းအတွင်း မျိုးစေ့ချရန် အသုံးပြုနိုင်ပေသည်။ မျိုးစေ့ချရာတွင် ၄ လက်မ၊ ၅ လက်မ မခြားမိစေရန် ဂရုစိုက်ရပေမည်။မျိုးစေ့ချပြီးပြီးချင်း အစိုဓာတ်ပြည့်စေရန် ကြမ်းတုံးဖြင့် ပြန်အုပ်ပေးရပေမည်။

### အပင်ကို ဂရုစိုက်ခြင်းနှင့် ရေဖျန်းခြင်း

နှမ်းအပင်အသက်ငယ်စဉ်တွင် အမြစ်များဖွံ့ဖြိုးနေချိန်ဖြစ်၍အစိုဓာတ်ပြတ်လပ်မသွားစေရန်နှင့် ပေါင်းမြက်များကင်းရှင်းရန် ပိုးမွှားရောဂါ မကျရောက်စေရန် လိုအပ်ပေသည်။ အပင်သက်နှစ်ပတ်သားမှ ပန်းပွင့်ချိန်မတိုင်မီထိ သုံးကြိမ်ခန့်မျှ ကြားပေါင်းလိုက်ခြင်း၊ ပေါင်းရှင်းခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင်စိမ့်ရေနှစ်ကြိမ်၊ အသီးထွားချိန်နှင့်အစေ့ဖြစ်တည် ကြီးထွားနေချိန်တွင် တစ်ကြိမ်ရေသွင်းပေးရန် လိုအပ်ပေသည်။

### ရိတ်သိမ်းခြင်း

နှမ်းပင်ကိုစောစောရိတ်သိမ်းမိလျှင် နှမ်းသီးနှံများဆုံးရှုံးပြီး အထွက်နှုန်းလျော့နည်းနိုင်ပေသည်။ နောက်ကျ၍ ရိတ်သိမ်းမိပါကလည်း အောက်ခြေအသီးများကွဲအက်၍ဆုံးရှုံးတတ်ပေသည်။ ထို့ကြောင့် နှမ်းအောက်ခြေသီးများနှင့်အောက်ရွက်များ ဝါလာပါက ရိတ်သိမ်းသင့်ကြောင်း အထူးသတိပြုအပ်ပေသည်။

နှမ်းစိုက်တောင်သူများအနေဖြင့် အထက်ဖော်ပြပါ နည်းစနစ်အတိုင်း လေ့လာဆည်းပူး၍ စေ့စပ်သေချာစွာ ဆောင်ရွက်လုပ်ကိုင်ပါက သီးနှံအထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီသောနှမ်းသီးနှံအဖြစ် ရပ်တည်နိုင်မည်ဟု ယူဆမိပါသည်။

တောင်သူများ၏အကျိုးစီးပွားဖြစ်ထွန်းစေမည့်စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်နှင့်နည်းပညာများ၏ အကူအညီဖြင့် နိုင်ငံတကာဈေးကွက်တွင် အရည်အသွေးနှင့် စံချိန်စံညွှန်းနှင့်ပြည့်မီသော မြန်မာ့ပို့ကုန်နှမ်းသီးနှံအဖြစ် ဈေးကွက်အတွင်း ဝင်ရောက်ထိုးဖောက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေဖို့ နည်းစနစ်အတိုင်း စိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

♦

## မြန်မာ့ဆိပ်ကမ်းတွင် ၉.၅.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | - IAL-001 | TEU 440 တင်TEU 653 ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | TEU 740 တင်TEU 609 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR BAIL | TEU 745 တင်TEU 827 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၂) | - BIPL TRUST | TEU 106 တင်TEU 55 ချဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - BMC ALPHA | ဆန်တန်ချိန် ၇၇၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ELENA-K | ဆန်တန်ချိန် ၁၇၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - DONG AN | Urea (In Bulk) ၆၅၀၀တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | -TRUONG MINH DRAGON | Urea (In Bulk) ၁၂၅၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - ORNELLA | TEU 920 တင် TEU 304 ချဆဲ |
| MIPL ဆိပ်ကမ်း | - ZOES | Steel &Fertilizer ၂၆၄၄၆ ချရန် |
| သီလဝါဆိပ်ကမ်း(၂) | - ALS SUMIRE | TEU 385 တင်ရန် |
| သီလဝါဆိပ်ကမ်း(၄) | - DENSA LEOPARD | Steel ၂၉၃၄၁ တင်ရန် |
| သီလဝါဆိပ်ကမ်း(၅) | - PACIFIC ACTIVITY | Steel Product&Fertilizer ၃၁၇၃၈ ချရန် |
| WILMAR JETTY | - CORAL QUEEN | Coal(In Bulk) တန် ၃၂၉၀၀ ချရန် |
| IBTT JETTY | - NEW JURNEY | WHEAT တန် ၂၀၀၀၀ ချရန် |
| PUMA JETTY | - MT OCEAN JACK | Mogas 92RON ၁၁၀၂၂ ချရန် |
| Green Asia JETTY | - MT YUHAI | Diesel Oil+ Mogas 92 RON ၁၈၂၀၆ ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THAI BINH-99 | RICE တန်၉၈၀၀ကုန်တင်ရန် | SINGAPORE | ၁၀.၅.၂၀၁၉ |
| REEN ISLAND | DREDGER VESSEL | SINGAPORE | ၁၀.၅.၂၀၁၉ |
| TRUONG MINH STAR | Urea(In Bulk) 9000 တန်ချရန် | MALAYSIA | ၁၁.၅.၂၀၁၉ |
| CO CO KYUN | STEEL BAR BTK ၉၅၉၂တန်ချရန | IRAN | ၁၂.၅.၂၀၁၉ |
| KEN ORCHID | Urea& Steel တန် ၁၆၃၆၀ ချရန | UAE | ၁၄.၅.၂၀၁၉ |
| MOSEL ACE | Unit Vehicle (RO/RO) ၈၇တန်ချရန် | JAPAN | ၁၆.၅.၂၀၁၉ |
| MODERN LINK | Unit Vehicle (RO/RO) ၃၈၂တန်ချရန် | JAPAN | ၁၆.၅.၂၀၁၉ |
| ESENIYA | G/C+ 8 Unit Contr(Gear Less)၇၂ချရန် | RUSSIAN | ၁၉.၅.၂၀၁၉ |
| JIN ZHOU HAI | Steel တန် ၂၀၀၀၀ ချရန် | CHINA | ၂၃.၅.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၅.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၀.၅.၂၀၁၉ |
| MCC DHAKA | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၅.၂၀၁၉ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၅.၂၀၁၉ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၅.၂၀၁၉ |
| MITRA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၅.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၂.၅.၂၀၁၉ |
| BOX ENDEAVOUR | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၅.၅.၂၀၁၉ |
| MCC SHANGHAI | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၅.၂၀၁၉ |
| MOUNT KELLETT | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၅.၅.၂၀၁၉ |
| MAERSK WIESBADEN | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၇.၅.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN MANTA | DIESEL OIL | - | ၁၀.၅.၂၀၁၉ |
| MT.OCEAN SEAL | DIESEL OIL | - | ၁၀.၅.၂၀၁၉ |
| MT. GLORY OCEAN | DIESEL OIL | SINGAPORE | ၁၁.၅.၂၀၁၉ |
| MT.OCEAN COD | DIESEL OIL | SINGAPORE | ၁၁.၅.၂၀၁၉ |
| MT.KIRANA HASTA | DIESEL OIL | SINGAPORE | ၁၀.၅.၂၀၁၉ |
| MT.GLORY STAR | DIESEL OIL | SINGAPORE | ၁၁.၅.၂၀၁၉ |
| MT.THERESA BEGONIA | P.Oil(In Bulk) | SINGAPORE | ၁၃.၅.၂၀၁၉ |
| MT.OCEAN MARLIN | DIESEL OIL | SINGAPORE | ၁၃.၅.၂၀၁၉ |
| MT.SENNA-3 | LPG Gas | SINGAPORE | ၁၅.၅.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | SINGAPORE | ၁၇.၅.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | SINGAPORE | ၂၀.၅.၂၀၁၉ |

## ကြက်သွန်

# ဆိပ်ဖြူနှင့်ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်တို့တွင် ကြက်သွန်နီလှိုင်လှိုင်ဝင်၍ဈေးငြိမ်နေ

ယခုတစ်ပတ် ကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ အနယ်နယ်အရပ်ရပ်မှ ကြက်သွန်နီများလှိုင်လှိုင် ဝင်ရောက်အရောင်းအဝယ်ဖြစ်နေသည်။ ပခုက္ကူကြက်သွန်နီစိုက်ပျိုးသော ပေါက်၊ ရေပြာ၊ ကမ္မ၊ ရေစကြိုနယ်များသာမက အခြားနယ်များဖြစ်သော ကလေး ၊ ပုလဲ၊ ကျတတ်နယ်များမှလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပခုက္ကူကြက်သွန်နီကုန်ဝယ်ဒိုင်သို့ နေ့စဉ် ကုန်ချိန် ၁၅၀၀၀၀ မှ ၂၄၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပြီး ကြက်သွန်နီ လှိုင်လှိုင်ဝင်ရောက်သော်လည်း ဈေးနှုန်းမှာ အတက်အကျမရှိ ဈေးငြိမ်နေသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီဈေးနှုန်းမှာထိပ်စတစ်ပိဿာလျှင် ကျပ် ၄၁၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၂၀၀ ဈေးနှုန်းဖြင့် နေ့စဉ်ကုန်ချိန် ၂၄၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ကျပ် ၄၆၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၃၇၀၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၂၉၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ကြက်သွန်နီဈေးကွက် အရောင်းအဝယ်ကောင်းလျက်ရှိ

ပြည်ကြက်သွန်နီဈေးကွက်သို့ ယခုတစ်ပတ်တွင်လည်း မကွေးတိုင်းဒေသကြီး၊ အောင်လံ၊ တောင်တွင်းဘက်မှ ကြက်သွန်နီများသာမက ပြည်ဒေသပတ်ဝန်းကျင်တစ်ဝိုက်မှ စိုက်ပျိုးထွက်ရှိသော (မှော်ဇာ၊ ကုန်းရိုး) ကြက်သွန်နီများလည်း ဝင်ရောက်မှုရှိနေသေးကြောင်းသိရပြီး ပိဿာ ၃၀ ဝင် အိတ် ၄၀၀-၄၅၀ ခန့်ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဝင်ရောက်မှုမှာ ပုံမှန်ရှိနေပြီး ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရည်အသွေးကောင်းသည့်အတွက် ပုံမှန်ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သို့ နယ်ကျော်တင်ပို့မှုများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဈေးနှုန်းများအနေနဲ့ ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး/ လတ်/သေး)ကျပ် ၆၀၀-၅၅၀-၅၀၀ နှုန်းတို့ရှိပြီး လက်လီဈေးမှာ ကြီး/လတ်/သေး တစ်ပိဿာလျှင် ကျပ် ၈၀၀-၇၀၀-၆၀၀ နှုန်းတို့ရှိသည့်အတွက် ယခင်တစ်ပတ်များထက် လက်လီ/လက်ကားဈေးအနည်းငယ်မြင့်သွားကြောင်း သိရသည်။

**ဝင်းလှဲ့ဝါ(ပြည်)**

# မိတ္ထီလာကြက်သွန်နီ အရောင်းအဝယ်အေးပြီး ဈေးအနည်းငယ်ကျနေ

ယခုတစ်ပတ် မိတ္ထီလာဈေးကွက်အတွင်း ကြက်သွန်နီအဝင်များပြီး အရောင်းအနေဖြင့် ပုံမှန်သာရှိကြောင်း၊ တင်ပို့မှုအနေဖြင့် ကြက်သွန်နီ ရှယ်စများသာ တရုတ်ဈေးကွက်သို့ အနည်းငယ်တင်ပို့ပြီး မူဆယ်ဘက်သို့ရောက်နေသည့် ကြက်သွန်များကိုလည်း တရုတ်ကုန်သည်များမှ ဈေးနှိမ်နေ၍ ကုန်သည်များကမရောင်းဘဲ ပစ္စည်းထိန်းထားရကြောင်း၊ အခြား ဂွန်စများသာ ပုံမှန်ဈေးကွက် ရန်ကုန်၊ မော်လမြိုင်ဘက်သို့တင်ပို့ကြကြောင်း၊ ဈေးနှုန်းအနေဖြင့်လည်း ယခင်တစ်ပတ် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀/၅၀၀ ဈေးရှိရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀/၄၅၀ ဈေးသာရှိကြောင်း ကြက်သွန်နီ ကုန်သည်/ပွဲစားများထံမှ လေ့လာသိရှိရသည်။

**မူမူသန်း**

# ရှမ်းမြွာကြက်သွန်ဖြူသစ်များ အရောင်းအဝယ်သွက်နေ

ပြည်ဈေးကွက်သို့ ရှမ်းတောင်၊ ရှမ်းမြောက်တို့မှ ကြက်သွန်ဖြူများ ပုံမှန်ဝင်ရောက်နေပြီး ရှမ်းမြွာကြက်သွန်ဖြူအသစ်များမှာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

အရွယ်အစားနှင့် အရည်အသွေးကောင်းလာခြင်းကြောင့် ပေါင်းတလည်၊ ပေါက်ခေါင်း၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ ကြံခင်းတို့မှ ဝယ်လက်များနေပြီး အရောင်းအဝယ်သွက်နေကြောင်း ကြက်သွန်ဖြူရောင်းဝယ်သူတစ်ဦးကပြောသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးမှာ ပွဲရုံဈေး(ရှမ်းမြွာ) ကျပ် ၁၀၀၀၊ ၁၁၀၀၊ ၁၄၀၀ တို့နှင့် (ကြူကုတ်) ကျပ် ၂၇၀၀၊ ကျပ် ၂၈၀၀ တို့ဖြင့် ရောင်းဝယ်နေသည်။

ဒေသတွင်းလက်လီဈေးတွင် ရှမ်း(မြွာ) ကျပ် ၂၀၀၀၊ ကျပ် ၂၂၀၀နှင့် (ကြူကုတ်စ) တစ်ပိဿာကျပ် ၃၀၀၀၊ ကျပ် ၃၂၀၀ တို့ဖြင့် အသီးသီးရောင်းချနေပြီး ယခင်တစ်ပတ်ကထက် ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

**နီနီဝင်း**



## ချင်း

# ယခင်တစ်ပတ်ထက် ချင်းတန်ချိန် ၃၀၀ကျော် ပိုမိုတင်ပို့

ဧပြီ ၂၈ ရက်မှ မေ ၄ ရက်သီတင်းပတ်အတွင်း ချင်း ၆၇၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၅ တန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၆၄၇ တန်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း ၂၉၃ တန်ကျော်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန်၃၇၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၉၉၅၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## နနွင်း

# နနွင်းတန်ချိန် ၄၀၀နီးပါး တင်ပို့ခဲ့

ဧပြီ ၂၈ ရက်မှ မေ ၄ ရက်သီတင်းပတ်အတွင်း နနွင်း ၃၉၄ ဒသမ ၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၂၀၇ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၈၄ တန်၊ စင်ကာပူနိုင်ငံသို့တန်ချိန် ၇၀၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ တစ်တန်နှင့် ယီမင်နိုင်ငံသို့ ၃၂ ဒသမ ၉ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နနွင်း ၂၂၁ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဒီတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၇၀ ကျော် တင်ပို့မှုလျော့နည်းခဲ့ကြောင်းသိရသည်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၅၇၀ ဝန်းကျင်ရရှိခဲ့ပြီး နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂၄၅၇၅ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## မန်ကျည်း



# မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော် ဝင်ငွေရ

ဧပြီ ၂၈ ရက်မှ မေ ၄ ရက် သီတင်းပတ်အတွင်း မန်ကျည်းတန်ချိန် ၁၂၂၂ ဒသမ ၈၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ တန်၊ မလေးရှားနိုင်ငံသို့ ၄၁၆ ဒသမ ၈၅ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၆၂၈ တန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၂၈တန် တင်ပို့ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၉၆၀ တင်ပို့နိုင်ခဲခြင်းကြောင့် ဒီတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၃၁၆၃ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတဝင်း(DOT)**

## တာချီလိတ်ကုန်သွယ်ရေးစခန်း၌ ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်ထိ အမှန်လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်ဒေါ်လာ သုည ဒသမ ၃၆၃သန်း၊ သွင်းကုန်ဒေါ်လာ ၁ ဒသမ ၇၀၇ သန်း၊ ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၂ ဒသမ ၀၇၀သန်းဖြစ်ပြီး ယခင်နှစ်ကာလတူ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဧပြီ ၂၇ ရက် မှ မေ ၃ ရက်ထိ လုပ်ငန်းဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ဒေါ်လာ သုည ဒသမ ၂၅၇ သန်း၊ သွင်းကုန် ၁ ဒသမ ၃၀၁ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅၅၈ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာသုည ဒသမ ၁၀၆ သန်း၊ သွင်းကုန်တွင်ဒေါ်လာ သုည ဒသမ ၄၀၆ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် ဒေါ်လာ သုည ဒသမ ၅၁၂ သန်းပိုမိုခဲ့သည်။

ကုန်သွယ်မှုပမာဏ ပိုမိုရသည့်အကြောင်းအရင်းမှာ ပို့ကုန်ပိုင်းတွင် ယခင်နှစ်ကာလတူတွင် တင်ပို့မှုမရှိခဲ့သော နာနတ်သီး၊ လိမ္မော်သီး၊ထောပတ်သီး၊ ဖရဲသီး ၊ ကြက်သွန်ဖြူနှင့်ရော်ဘာတို့ကို တင်ပို့နိုင်ခဲ့ခြင်းနှင့် သတ္တုတွင်းထွက်ပစ္စည်းဖြစ်သော Manganese Dioxide မှာ ဈေးနှုန်းတိုးမြှင့်ရရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ သွင်းကုန်တင်သွင်းမှုပိုမိုခဲ့ခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းဖြစ်သော ဘိလပ်မြေနှင့်ရေနံထွက်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းနှင့် ယခင်နှစ်တင်သွင်းမှုမရှိသော တာယာနှင့်ကျွတ်တို့ တင်သွင်းလာခဲ့ခြင်းတို့ကြောင့် ပိုမိုခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **တာချီလိတ်မောင်**

# ကမ္ဘာ့မူပိုင်ခွင့်နေ့ကို မူပိုင်ခွင့် ဥပဒေများဖြင့် ကြိုဆို

[ဒေါက်တာမိုးမိုးသွယ်]




၂၀၁၉ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ကျရောက်သည့် "ကမ္ဘာ့မူပိုင်ခွင့်နေ့" အထိမ်းအမှတ် အခမ်းအနားကို ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ နေပြည်တော်ရှိ Park Royal Hotel တွင် ကျင်းပသည်။ ပညာရေးဝန်ကြီး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအောက်ရှိ မူပိုင်ခွင့်ဌာနသည် ကမ္ဘာ့မူပိုင်ခွင့်နေ့ အခမ်းအနားကို ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ယနေ့ကမ္ဘာ့မူပိုင်ခွင့်နေ့အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး ယနေ့ကမ္ဘာ့မူပိုင်ခွင့်နေ့ ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် USAID မှ ကိုယ်စားလှယ် Ms.Jannifer Peterson နှင့် JICA မှ ကိုယ်စားလှယ် Ms. Hiromi TAKAOKA တို့ကလည်း ကမ္ဘာ့မူပိုင်ခွင့်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်းစသည်ဖြင့် အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၂၀၀၁ ခုနှစ်မေလတွင် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး (World Intellectual Property Organization) ၏ ၁၇၆ ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နောက်ပိုင်းတွင် လက်ရှိပြဋ္ဌာန်းထားရှိသော မူပိုင်ခွင့်ဥပဒေများနှင့် ကျင့်သုံးဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေများကို ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးနှင့် ပင်တိုင်ဆက်သွယ်ဆောင်ရွက်သည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကပူးပေါင်း၍ ရေးဆွဲခဲ့ကြသည်။ မူပိုင်ခွင့်ဥပဒေ(မူကြမ်း)များဖြစ်သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေများကို ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့် အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (Trade Related Aspects of Intellectual Property Rights-TRIPS) တွင် ဖော်ပြထားသည့် စံနှုန်းများကို အခြေခံပြီး မြန်မာနိုင်ငံ၏ ပြဋ္ဌာန်းထားသော မူဝါဒများ၊ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိစေရန် ရည်ရွယ်၍ ရေးဆွဲခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်များအထိ အဆိုပါ ဥပဒေ(မူကြမ်း)များအပေါ်တွင် အကြံပြုချက်များရရှိနိုင်ရန်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်များ၊ ဥပဒေရေးဆွဲသူများပါဝင်သော အဖွဲ့သည် အစည်းအဝေး အကြိမ်ပေါင်း ၅၀ နီးပါး ပြုလုပ်ကျင်းပခဲ့ပြီး ဥပဒေမူကြမ်းများကို ပြင်ဆင်ရေးဆွဲခဲ့သည်။ ထိုသို့ ပြင်ဆင်ရေးဆွဲရာတွင် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးမှ ဥပဒေပညာရှင်များ ထံမှ အကြံပြုချက်များကိုလည်း ရယူခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ဥပဒေ(မူကြမ်း)များသည် နဝမကြိမ် ပြင်ဆင်ပြီးသည့် အဆင့်ကိုရောက်ရှိခဲ့သော်လည်း ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ ထိုသို့ ပြဋ္ဌာန်းနိုင်ခဲ့ခြင်းမရှိခဲ့သည့် အဓိက အကြောင်းအရင်းမှာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) ၏ နှစ်ပတ်လည် အစည်းအဝေးတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား TRIPS ကို လိုက်နာဆောင်ရွက်ရမည့်ကာလကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁ ရက်အထိ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်ပါ၍ မူပိုင်ခွင့်ဌာန သည် မူပိုင်ခွင့်ဥပဒေ(မူကြမ်း)များကို ၂၀၁၂ ခုနှစ် နောက်ပိုင်းကာလတွင်မှ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးမှ ဥပဒေပညာရှင်များ၏ အကူအညီဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရသည်။ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်စနစ်နှင့်လျော်ညီသည့် မူပိုင်ခွင့်ဥပဒေများ ရရှိနိုင်ရေးအတွက် ပြန်လည်ပြင်ဆင် ရေးသားခဲ့သည်။ ပြည်တွင်းပြည်ပမှ မူပိုင်ခွင့်ကျွမ်းကျင်သူပညာရှင်များ၊ မူပိုင်ခွင့်နှင့်ဆက်နွယ်သော အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ပြည်သူများထံမှဝေဖန်အကြံပြုချက်များကို လက်ခံ၍လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်ဇွန်လ ၂၄ ရက်တွင် မူပိုင်ခွင့်ဥပဒေများကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့တင်သွင်းနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်ဆွေးနွေးနိုင်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ နိုင်ငံတော်အတွင်း ရွေးကောက်ပွဲများ ကျင်းပရမည့်အချိန်နှင့် တိုက်ဆိုင်နေသောကြောင့်၂၀၁၆ ခုနှစ်အတွင်း မူပိုင်ခွင့်ဥပဒေ လေးရပ်လုံးကို ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်မလုံလောက်ခဲ့သဖြင့် ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။




သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ် လက်ရှိအစိုးရလက်ထက်တွင် မူပိုင်ခွင့်ဥပဒေ(မူကြမ်း)များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြန်လည်ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ၂၀၁၇ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို လည်းကောင်း လွှတ်တော်သို့တင်သွင်းနိုင်ခဲ့သည်။ မူပိုင်ခွင့်ဥပဒေများကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်အထိ အမျိုးသားလွှတ်တော်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လ ၂၈ ရက်ထိ ပြည်သူ့လွှတ်တော်တွင်လည်းကောင်း ဆွေးနွေး အတည်ပြုနိုင်ခဲ့သည်။ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော်တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် တီထွင်မှု မူပိုင်ခွင့် ဥပဒေ ကိုအတည်ပြုဆွေးနွေးနိုင်ခဲ့သည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်၊ ၇ ရက်နှင့် ဧပြီ ၁၈ ရက်တို့တွင် အတည်ပြုနိုင်ရေးအတွက် သုံးကြိမ်တိုင်တိုင် ဆွေးနွေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂/ ၂၀၁၉ ဖြင့် လည်းကောင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃/ ၂၀၁၉ ဖြင့် လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇/ ၂၀၁၉ ဖြင့် ၂၀၁၉ ခုနှစ် မတ်လ ၁၁ ရက်တွင်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ခဲ့သည်။ စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကိုလည်း မကြာမီအတည်ပြုနိုင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်မည့် မူပိုင်ခွင့် အေဂျင်စီအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်တွင် ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းအပြင် မူပိုင်ခွင့်ဗဟိုကော်မတီကိုလည်း ဒုတိယသမ္မတ ဦးဆောင်ပါဝင်မည့်အဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ နှစ် ဧပြီလတွင် ကျရောက်သည့် 'ကမ္ဘာ့မူပိုင်ခွင့်နေ့'ကို မူပိုင်ခွင့် ဥပဒေများပြဋ္ဌာန်း၍ ကြိုဆိုခဲ့ပါသည်။

♦ ♦ ♦

## ယခုတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်လျော့

မေ ၂၈ ရက်မှ မေ ၄ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၃၆၈၁၀၉၆၅ တန်ဖိုးရှိ ဒီဇယ် ၅၉၂၄၄ ဒသမ ၉၁ တန်နှင့် အမေရိကန်ဒေါ်လာ ၁၃၇၅၃၁၆၅ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၀၇၅ ဒသမ ၀၃ တန်၊ စုစုပေါင်း ၈၆၃၁၉ ဒသမ ၉၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခင်သီတင်းပတ်က တင်သွင်းခဲ့သည့် ဒီဇယ်တန်ချိန် ၁၃၁၇၄၃ တန်ကျော် နှင့်နှိုင်းယှဉ်လျှင် ၇၂၄၉၀ တန်ကျော် တင်သွင်းမှုလျော့နည်းခဲ့ပြီး ယခင်တစ်ပတ် တင်သွင်းခဲ့သည့် ဓာတ်ဆီတန်ချိန် ၅၁၇၄၀ ကျော်နှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၆၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ အဝင်လျော့ခဲ့ကြောင်းသိရသည်။

နယ်စပ်စခန်းများဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၀၂၄၈၅ တန်ဖိုးရှိ ဒီဇယ် ၆၄၃ ဒသမ ၃၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၄၄၀၈၉ တန်ဖိုးရှိ ဓာတ်ဆီ ၅၇၁ ဒသမ ၀၇ တန်တင်သွင်းခဲ့ကြောင်းလည်း သိရသည်။

**သီတာဝင်း(DOT)**

## မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ တရုတ်သို့တင်ပို့သရက်သီး နည်းသွားသော်လည်း ဈေးကောင်းရနေ

ယခုရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅)မိုင်သစ်သီး ဝလံကုန်စည်ဒိုင်မှ တရုတ်သို့ဖရဲသီးတင်ပို့မှုအနေဖြင့် ဖရဲကျားသီး၊ ဖရဲဖြူသီး၊ ဖရဲအဝိုင်းကျားသီးတို့ တင်ပို့ခဲ့ကြပြီး ဖရဲတင်ပို့မှုမှာ နည်းသွားသော်လည်း ဈေးကောင်းရနေသကဲ့သို့ သခွားနှင့်သရက်တင်ပို့မှုလည်း နည်းသွားကာ သရက်သီးမှာ ဈေးကောင်းဆက်လက်ရနေသည်။

မေ ၁ ရက်မှ ၇ ရက်အတွင်း ဖရဲကား ၅၄၂ စီး၊ တန်ချိန် ၆၄၅၃ တန်၊ ရွှေသခွားကားလေးစီး၊ တန်ချိန် ၄၃ တန်၊ သရက်ကားစီးရေ ၂၃၀၊ တန်ချိန် ၁၃၈၀၊ ကန်စွန်းဥကား ကိုးစီး၊ တန်ချိန် ၁၂၉ တန် ၊ နာနတ်သီးကားတစ်စီး၊ တန်ချိန် ၁၃ တန်တင်ပို့ရောင်းချခဲ့ကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ သိရှိရသည်။ သခွားတင်ပို့မှုတွင် ရွှေသခွားတစ်မျိုးသာတင်ပို့မှုရှိ ကြောင်းသိရပြီး သရက်တင်ပို့မှုမှာ ယခင်တစ်ပတ်နှင့်စာလျှင် နည်းသွားခဲ့သည်။ ဖရဲတွင် ဖရဲအဖြူသီးဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၂၀၀၀- ၃၆၀၀၊ ကျပ် ၄၃၄၀၀၀-၇၈၂၀၀၀၊ ဖရဲအကျားသီးမှာ တစ်တန်လျှင် ယွမ်၊ ၁၆၀၀-၅၂၀၀၊ ကျပ် ၃၄၈၀၀၀-၁၁၃၀၀၀၀၊ ဖရဲအဝိုင်းကျားသီးမှာ တစ်တန်လျှင် ယွမ် ၂၃၀၀-၄၈၀၀၊ ကျပ် ၅၀၀၀၀၀-၁၀၄၄၀၀၀ရရှိကြောင်း သိရသည်။

သခွားသီးနှံတွင် ရွှေသခွားတစ်မျိုးသာတင်ပို့မှုရှိပြီး တစ်တန်လျှင် ယွမ် ၂၃၀၀-၆၀၀၀၊ မြန်မာကျပ်ငွေ ၅၀၀၀၀၀- ၁၃၀၄၄၀၀ ရရှိသည်။ ယခုရက်သတ္တပတ်အတွင်း ကန်စွန်းဥ စတင်တင်သွင်းခဲ့ပြီး တစ်တန်လျှင်ယွမ် ၁၀၀၀-၁၅၀၀၊ ကျပ် ၂၁၇၄၀၀-၃၂၆၀၀၀၊ သရက်သီးတင်ပို့မှု နည်းသွားပြီး တစ်တန်လျှင်ယွမ် ၂၅၀၀-၉၀၀၀၊ ကျပ် ၅၄၃၅၀၀-၁၉၅၆၅၀၀ ဖြင့် ဈေးကောင်း ဆက်လက်ရရှိနေသည်။ နာနတ်သီးမှာလည်း တစ်တန်လျှင် ယွမ် ၈၀၀-၁၆၀၀၊ ကျပ် ၁၇၄၀၀၀-၃၄၇၈၀၀ ပေါက်ဈေးဖြင့် စတင်အရောင်းအဝယ်ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငွေဈေးနှုန်းမှာတစ်ယွမ်လျှင် ၂၂၁ ကျပ်မှ ၂၂၆ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင်မှ လေ့လာသိရှိရသည်။

**စုစုသာ(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

## Energy NYMEX 10-5-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 61.86 | 0.16 | 0.26 |
| Brent Crude Futr (USD/bbl) | 70.58 | 0.19 | 0.27 |
| Gasoline Rbob Fut (Cent/gal) | 197.80 | 0.26 | 0.13 |
| Natural Gas Futr (USD/MMBtu) | 2.58 | -0.02 | -0.66 |
| Heating Oil Futr (Cent/gal) | 204.94 | 0.58 | 0.28 |

## ပြည်တွင်းရွှေနှင့်နိုင်ငံတကာရွှေဈေး မြင့်တက်လာ

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ပြန်လည်မြင့်တက်ခဲ့ပြီး ယခင်တစ်ပတ်က ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၃၆၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ကျပ်၁၀၅၀၀၀၀သို့ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ် စဝင်လာကတည်းက ပြည်တွင်းရွှေဈေးတက်လာတယ်။ ပြည်တွင်းမှာက လောင်စာဆီဈေးနှုန်းတွေကလည်း မြင့်တက်နေတယ်။ ဒါကြောင့်လည်း ကျန်တဲ့ကုန်စည်တွေ ဈေးတက်လာတယ်လို့မြင်တယ်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း ဈေးကပြန်မြင့်တက်တယ်။ ကုန်သွယ်ရေးသဘောတူညီမှုဆွေးနွေးပွဲတွေ အပြီးမသတ်နိုင်သေးခင်မှာဘဲ တရုတ်ကုန်စည်တွေအပေါ် အခွန်မြှင့်တင်လိုက်ရာကနေ ကုန်သွယ်ရေးစစ်ပွဲ ပြန်စတင်လိုက်သလိုဖြစ်ရာက ကမ္ဘာ့ရွှေဈေးကို ဆွဲတင်လိုက်သလိုဖြစ်သွားတာပါ"ဟု ပြည်တွင်းရွှေအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မေ ၆ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၄၃၀၀၀ရှိခဲ့ရာမှ မေ၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၄၇၀၀၀သို့မြင့်တက်ခဲ့ရာမှ မေ ၁၀ရက်တွင် ကျပ်၁၀၅၀၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ မေ ၆ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၂၈၂ ရှိခဲ့ရာမှ မေ ၈ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၈ ဒေါ်လာသို့ဈေးမြင့်ခဲ့ရာမှ မေ ၁၀ရက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၄ဒေါ်လာဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း ပြန်မြင့်တက်ခဲ့သော ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးနှုန်းမြင့်တက်နေခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကရည်ညွှန်းငွေလဲနှုန်းကို ယခင်ရက်သတ္တပတ်က အမေရိကန်တစ်ဒေါ်လာလျှင်၁၅၂၃ကျပ် သတ်မှတ်ခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ၁၅၃၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်၌ ယခုရက်သတ္တပတ်တွင် အမေရိကန်ဒေါ်လာ ဝယ်လိုအားများသော်လည်း ရောင်းလိုအားနည်းနေခြင်းကြောင့် ဈေးမြင့်တက်လာခြင်း၊ ပို့ကုန်ရငွေဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာဈေးမြင့်တက်နေခြင်း၊ ယခုရက် သတ္တပတ်အတွင်း အမေရိကန်-တရုတ်ကုန်သွယ်ရေး တင်းမာမှုပြန်လည်မြင့်တက်လာချိန်တွင် တရုတ်ငွေကြေးတန်ဖိုးလျော့ကျခြင်းကိုကုန်သည်များ ထိတ်လန့်နေခြင်းတို့ကြောင့် အမေရိကန်ဒေါ်လာမှာ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မေ ၆ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၇ကျပ်၊ ဝယ်ဈေး ၁၅၁၄ ကျပ်မှ မေ ၈ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၂၂ကျပ်၊ဝယ်ဈေး ၁၅၁၈ကျပ်သို့ရောက်ရှိခဲ့ပြီး ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၂၆ ကျပ်၊ ဝယ်ဈေး ၁၅၂၂ကျပ်သို့ ဈေးမြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။ **သန်းထိုက်အောင်**

## Myanmar Stock Market Outlook & Trend 2019 ပြုလုပ်မည်

မြန်မာနိုင်ငံ အစုရှယ်ယာဈေးကွက်၏ အခြေအနေနှင့် အနာဂတ် အလားအလာများနှင့် စပ်လျဉ်း၍ "Myanmar Stock Market Outlook & Trend 2019" ဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သတင်းရရှိသည်။

ယခုဟောပြောပွဲကို မေ ၁၇ရက် မွန်းလွဲ ၁နာရီခွဲမှ ညနေ ၅ နာရီအထိ ရန်ကုန်စတော့အိတ်ချိန်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံငွေဈေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့မှတာဝန်ရှိသူတို့က အဖွင့်အမှာစကားပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် Living Color Media ၏Publisher ဦးဇေယျသူက Moderatorအဖြစ် တာဝန်ယူကာ Panelistsများအဖြစ်ဦးကျော်မျိုးထွန်း၊ ဦးသက်ထွန်းဦးနှင့် ဦးသူရိန်အောင် အစရှိသောပညာရှင်များပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုစာရင်း(Securities Account)ဖွင့်လှစ်လိုသူများအနေဖြင့် အမျိုးသားမှတ်ပုံတင်ကတ်နှင့် ဘဏ်စာရင်းစာအုပ်ကို ယူဆောင်လာပြီး အစုရှယ်ယာရင်းနှီးမြှုပ်နှံမှုစာရင်းဖွင့်လှစ်နိုင်စေရန် စီစဉ်ပေးထားကြောင်းသိရသည်။

ဆွေးနွေးပွဲသို့တက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၀၁-၃၇၁၂၇၄ ၊ ၀၉-၂၅၁၁ ၆၉၃၄၇ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 6-May | 14.82 | 2872.47 | 1773.34 | 6247.68 | 860.00 |
| 7-May | 14.88 | 2847.13 | 1761.44 | 6240.41 | 880.00 |
| 8-May | 14.91 | 2784.53 | 1787.00 | 6161.72 | 870.00 |
| 9-May | 14.82 | 2752.14 | 1759.23 | 6093.18 | 859.00 |
| 10-May | 14.77 | 2755.44 | 1766.06 | 6144.31 | 856.00 |

## Currency Exchange Rate

May 10, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.43 |
| BDT | Bangladesh Taka | 84.25 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.79 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 69.93 |
| I DR | Indonesia Rupiahs | 14357.19 |
| JPY | Japan Yen | 109.73 |
| MYR | Malaysia | 4.15 |
| PKR | Pakistan Rupees | 141.62 |
| PHP | Philippines Pesos | 52.19 |
| RUB | Russia Rubles | 65.20 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1176.18 |
| LKR | Sri Lanka Rupe | 175.69 |
| THB | Thailand Baht | 31.66 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23345.49 |

*Source:xe.com*

## World Gold Price

May- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 6 | 1286 | 1286 | 1285 |
| 7 | 1286 | 1286 | 1285 |
| 8 | 1290 | 1289 | 1289 |
| 9 | 1285 | 1283 | 1284 |
| 10 | 1290 | 1288 | 1285 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 6-5- 2019 | 1042.00 | 1042.30 |
| 7-8- 2019 | 1043.00 | 1042.50 |
| 8- 5- 2019 | 1047.00 | 1047.00 |
| 9-5- 2019 | 1047.50 | 1047.00 |
| 10-5- 2019 | 1050.00 | 1050.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 6 | 6.74 | 31.94 | 84.11 | 69.36 |
| 7 | 6.77 | 31.90 | 84.38 | 69.34 |
| 8 | 6.76 | 31.75 | 84.52 | 69.60 |
| 9 | 6.82 | 31.81 | 84.49 | 69.98 |
| 10 | 6.79 | 31.66 | 84.25 | 69.93 |

## ဘိုလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပို

ဧပြီ ၂၈ ရက်မှ မေ ၄ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၁၆၀ တန်ဖိုးရှိဘိလပ်မြေ ၁၁၉ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ကြောင်း သိရပါသည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၄၄ ဒသမ ၈၀ တန်နှင့် ထိုင်းနိုင်ငံမှ ၇၅ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၆၃၀ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၅၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၁၄၂၃၉ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၆၁၉၇ တန်ကျော်ရှိခဲ့ခြင်း ကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၈၀၄၀ ကျော် အဝင်ပိုခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ ရေလမ်းမှ တင်သွင်းမှုလျော့နည်းခဲ့ပြီး နယ်စပ်လမ်းမှ တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့နှစ်ကောင် (အပြာ)ကျပ် ၆၂၀၀၊ ဆင်မြန်မာ ကျပ် ၆၃၀၀၊ ကြံ့နှစ်ကောင်(နီ)(စိမ်း) ကျပ် ၆၃၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပါးနေကြောင်းသိရသည်။ ယခုတစ်ပတ် အရောင်းအဝယ်ပါးသော်လည်း ဘိလပ်မြေဈေး နည်းနည်းမြင့်လာကြောင်း သိရသည်။ ကြံ့နှစ်ကောင်နှင့် အေသုံးလုံးက ကျပ် ၃၀၀၊ အယ်လ်ဖာက ကျပ် ၂၀၀ နဲ့ ခရောင်းဘိလပ်မြေက ကျပ် ၁၀၀ဈေးမြင့်ခဲ့ကြောင်း သိရသည်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၀၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၁၀၀၊ အယ်လ်ဖာ ကျပ် ၅၁၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီကျပ် ၅၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၉၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် စိန်(ထိုင်း)က ကျပ် ၂၀၀၊ အပါချီက ကျပ် ၅၀၀၊ ကမ္ဘောဇက ကျပ် ၆၀၀ ဈေးမြင့်လာကြောင်းသိရသည်။ ဈေးကွက်ထဲ ဆင်(ထိုင်း)က ပစ္စည်းပြတ်နေကြောင်း သိရသည်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၀၀၀၊ ကမ္ဘောဇ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက် မြေသြဇာတန်ချိန် ၁၀၀၀၀ကျော် အဝင်လျော့

ဧပြီ ၂၈ ရက်မှ မေ ၄ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၇၁၃၃၈၁၄ တန်ဖိုးရှိ မြေသြဇာ ၂၇၁၉၅ ဒသမ ၁၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၁၃ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၃၅၀၊ တရုတ်နိုင်ငံမှ ၇၀၁၇ တန်၊ ဂျာမနီနိုင်ငံမှ ၂၅၂၀ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၀၊ မလေးရှားနိုင်ငံမှ ၁၃၇၆၀ ဒသမ ၅၆ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ၁၀၂၆ ဒသမ ၀၆ တန်၊ အီရန်နိုင်ငံမှ၂၇၃တန်၊ ထိုင်းနိုင်ငံမှ ၁၃၆၅ဒသမ၅၃ တန်နဲ့ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၅၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် မလေးရှားနိုင်ငံမှအများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှဒုတိယအများဆုံးတင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သော အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၆း၁၆း၈) ဓာတ်ဆား၊ ယူရီးယား၄၆%တို့ဖြစ်ပါသည်။ ယခင်သီတင်းပတ် က မြေသြဇာတန်ချိန် ၃၈၃၂၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှု နှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၁၁၃၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

# မြေသြဇာဈေးကွက် အရောင်းအေး

ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၁၄၇၃၃ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၉၀၂၄ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၅၇၀၀ ကျော်အဝင်ပိုခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မော်လမြိုင်၊ မကွေး၊ တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး မန္တလေးမှာ အရောင်းအေးကြောင်း သိရသည်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် မြေသြဇာဈေးတွေ ငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်) ကျပ်၃၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅)ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်) (ထိုင်း)ကျပ် ၄၀၅၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ်၂၅၀၀၀၊ ပိုတက် (မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊တီစူပါ (၁၂း၁၃) (မြားကမ္ဘာ) ကျပ်၁၃၅၀၀၊ ပိုတက်(အာမို) ကျပ် ၃၁၅၀၀နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်းသိရှိရသည်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်မှာတီစူပါ၂၀%(တရုတ်)က ကျပ် ၁၁၀၀၊ တီစူပါ ၁၅ပတ်လည်က ကျပ် ၅၀၀၊ တီစူပါ(၁၀း၁၀း၅)နဲ့ မြားကမ္ဘာက ကျပ် ၁၀၀၀ဈေးမြင့်ပြီး ကျန်မြေသြဇာများက ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၃၀၀၀၀၊ တီစူပါ၂၀%(တရုတ်) ကျပ် ၁၅၆၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ပတ်လည် (တရုတ်)ကျပ်၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၂၉၀၀၀၊ မြားကမ္ဘာကျပ် ၁၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း ၁၃) ကျပ် ၁၇၇၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၅၀၀၊အာမို၁၅း၁၅း၁၅ကျပ် ၄၀၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ကျပ်၁၉၃၀၀၊မြားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၃၀၀၊ တက်တိုးကျပ် ၂၂၃၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီနှင့် နို့မှုန့် ပိုမိုတင်သွင်းနိုင်

ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အတွင်း အမေရိကန်ဒေါ်လာ ၇၅၄၂၆၅ တန်ဖိုးရှိနို့ဆီ ၆၇၄ ဒသမ ၂၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၇၀ ဒသမ ၈၂ တန်နှင့် စင်ကာပူနိုင်ငံမှ ၅၀၃ ဒသမ ၄၂၄ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်တံဆိပ်များမှာ တီးပေါ့၊ အိုကေ၊ ဒွန်းနဲ့ Hawk တို့ ဖြစ်ကြသည်။ ယခင်သီတင်းပတ်က နို့ဆီ တန်ချိန် ၃၆၀ ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၃၁၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၆၇၂၂၁၀ တန်ဖိုးရှိနို့မှုန့် ၂၅၈ ဒသမ ၂၅၆ တန်ကိုလည်း တင်သွင်းခဲ့သည်။ ယခုတစ်ပတ် သြစတြေးလျနိုင်ငံမှ ၂၄ ဒသမ ၄ တန်၊ ပြင်သစ်နိုင်ငံမှ သုည ဒသမ ၇၂၀ တန်၊ နယူးဇီလန်နိုင်ငံမှ ၂၂၈ ဒသမ ၃၄၈ တန်နှင့် နိုင်ဂျာနိုင်ငံမှ ၄ ဒသမ ၇၈၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့်တန်ချိန် ၂၂၀ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၃၀ ကျော် တင်သွင်းမှုပိုခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့ကြောင်းသိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၄ မှ ၃/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၄ မှ ၂၆/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၉.၁၀ | ၇.၆၀ | (+) | ၃၁.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | ၄၀.၀၀ | (-) | ၄၀.၀၀ |
| ၅။ | တာချီလိတ် | ၉၈၀၀.၀၀ | ၄၃၅၀.၀၀ | (+) | ၅၄၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| ၈။ | မြိတ် | ၄၃၅၀.၀၀ | ၁၈၀၀.၀၀ | (+) | ၂၅၅၀.၀၀ |
| | စုစုပေါင်း | ၁၄၂၃၉.၁၀ | ၆၁၉၇.၆၀ | (+) | ၈၀၄၁.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၄ မှ ၃/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၄ မှ ၂၆/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၉၄၇.၇၅ | ၂၉၅၉.၅၀ | (+) | ၉၈၈.၂၅ |
| ၂။ | လွယ်ဂျယ် | ၆၅၅.၀၀ | ၇၁၆.၀၀ | (-) | ၆၁.၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၉၅၈.၄၉ | ၂၇၆၆.၀၀ | (+) | ၂၁၉၂.၄၉ |
| ၄။ | ကန်ပိုက်တီ | ၃၃၇၂.၀၀ | ၂၄၈၂.၅၀ | (+) | ၈၈၉.၅၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၈၀၀.၀၀ | ၁၀၀.၀၀ | (+) | ၁၇၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၄၇၃၃.၂၄ | ၉၀၂၄.၀၀ | (+) | ၅၇၀၉.၂၄ |

ခင်မိုးသူ

# ခရမ်းချဉ်စိုက်ပျိုးတောင်သူများ တစ်ဖက်တစ်လမ်းကဝင်ငွေတိုး

[သင်းသင်းအေး(မုံရွာ)]

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာများတွင် ခရမ်းချဉ်ကိုစီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ခရမ်းချဉ်စိုက်ပျိုးရတာလွယ်မလိုနဲ့ခက်၊ တိမ်မလိုနဲ့နက်ပါတယ်။ ခက်မလိုနဲ့လည်း လွယ်ပါတယ်။ ကျွန်မတို့ကမ္ဘာနှင့်မြန်မာမှာဆိုရင် ငှက်ပျောသီးနဲ့ပန်းသီးပြီးရင် အစားအများဆုံးအသီးအမျိုးအစားထဲပါတဲ့ခရမ်းချဉ်ဟာ မြန်မာနိုင်ငံမှာတော့ အိမ်တိုင်းအတွက် အမြိန်ဆုံးဟင်းတစ်မည်ဖြစ်ပါတယ်။ ကျွန်မတို့တောင်သူတွေဟာဆိုရင် ကိုယ်စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေကို နေ့စဉ်အရိပ်တကြည့်ကြည့်နဲ့ ရေလောင်းပေါင်းသင်းလို့ပြုပြင်ခဲ့ရတာ စိုက်ပျိုးရေးသမားများရဲ့ တာဝန်ပဲဖြစ်ပါတယ်။ မြေကြီးကို ပျိုးစေ့ချပြီဆိုကတည်းက တယုတယနဲ့ပြုစုခဲ့ရတာလည်း နေ့စဉ်နှင့်အမျှပါ၊ နည်းမှန်လမ်းမှန် မြေဩဇာကျွေးရေသွင်းပေး ဆေးသုံးမှန် အချိန်တန်လို့ ပွင့်ချိန်တန်ပွင့်သီးချိန်တန်သီးတော့ရတာမရတာထက် မြတ်တာမြတ်တာထက် ရှုမငြီးအောင်ဖြစ်ပြီး ပီတိစားအားရှိနေရတာလည်း ဖြစ်ပါတယ်။

စည်းကမ်းတကျနည်းလမ်းကျ စိုက်ပျိုးတော့လည်း သီးပန်းလှပြီး လိုချင်ရာ ပန်းအဝတော့ လှမ်းမြင်နေရပါတယ်လို့ တောင်သူများက ဆိုပါတယ်။ တောင်သူများအဆင်ပြေရင် လယ်ယာမြေမရှိတဲ့ လက်လုပ်လက်စားများကလည်း အဆင်ပြေပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိမှာဖြစ်ပါတယ်။

ခရမ်းစိုက်ပျိုးလျှင်မြေတစ်ဧကကို ခရမ်းမျိုးစေ့ SP မျိုးနှစ်ထုတ် စိုက်ပျိုးရပြီး ခရမ်းချဉ်မျိုး အများအပြားရှိသော်လည်း ၁၂၈၃၊ ၁၁၁၊ SP မျိုးများကိုသာ အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ မျိုးစေ့တစ်ထုတ်လျှင်ကျပ် ၈၀၀၀ မှ၁၀၀၀၀ ဝန်းကျင်ပေးရကြောင်း၊မြေတစ်ဧကလျှင် ထွန်ယက်ခ တစ်မနက်ကျပ် ၅၀၀၀ နှုန်းဖြင့် ထွန်ယက်ရကြောင်း၊ စိုက်ပျိုးဖို့ဘောင်ဆွဲလျှင် တစ်မနက် ကျပ် ၂၅၀၀ နှုန်းဖြင့် တစ်နေကုန်ကျပ် ၇၅၀၀ နှုန်းဖြင့် ငှားရမ်းရကြောင်း၊ တစ်ဧကကို ရေမြောင်း ၂တောင်နှင့် ဘောင် ၂ ဘောင်ဆွဲပေးရကြောင်း၊ လူငှား ငါးဦးဖြင့် ၁၀ မနက်လောက်ဆွဲပေးရကြောင်း၊ စိုက်ပျိုးဖို့ ပျိုးပင်ထုတ်များကိုလည်း နေ့တိုင်းရေလောင်းပေးရကြောင်း၊ ပျိုးပင်ထဲမှ အပင်ပေါက်က တစ်လသားအရွယ်မှာစိုက်ပျိုးရကြောင်း၊ နုန်းမြေမှာစိုက်ပျိုးလျှင် အပင်ကို ရေငါးရက်တစ်ခါ ရေလောင်းပေးရပါကြောင်း၊ သဲမြေစိုက်ပျိုးလျှင် သဲမြေသည် ရေစုတ်သည့်အတွက် နှစ်ရက်တစ်ခါ ရေလောင်းပေးပါရကြောင်း၊ အပင်အမြစ်တွယ်၊ အမြစ်ဆွဲလှပြီဆိုရင် အပင်ရင်းများကို ပေါင်းနုတ်၊ ခါးဆွပေးရပါကြောင်း၊ တစ်လပြည့်ရင် မြက်ရှင်း၍ ရေမြောင်းထဲက မြေများကို ပေါက်ပြားနှင့် ပေါက်ကော်၍ အပင်ခြေရင်းတွင်ပုံပေးရပြီး ဘောင်တင်ပေးရပါကြောင်း၊ တစ်လပြည့်ရင် တိုင်စိုက်တိုင်ထိပ်ကိုကြိုးတုတ်ပြီး အပေါ်က ဝါးခြမ်းတန်းပေးရပါတယ်၊ အပင်ကို ဆေးနှစ်ရက်ခြားတစ်ခါ၊ မှိုဆေးတစ်လှည့်၊ ပိုးသတ်ဆေးတစ်လှည့် ဖျန်းပေးရကြောင်း၊ ခရမ်းချဉ်များသည် မျိုးအလိုက်ကွာခြားပြီး အသီးကလည်း အနိမ့်ဆုံးပန်းခိုင်တစ်ခိုင်ကို ၆လုံးမှ ၉လုံးအထိ သီးတာရှိပြီး တချို့မျိုးများက အများဆုံးငါးလုံးထိပဲ သီးတာလည်းရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

အသီး အဖွင့်ထွက်ပြီဆိုရင် အားဆေးကို ပိုးသတ်ဆေးနှင့် ရော၍ဖျန်းပေးရကြောင်း၊ အသီးကင်းလေးများပေသီးလုံးလောက်ရှိပြီဆိုရင် မြေဆီကျွေးပေးရကြောင်း၊မြေဆီကို ပုလဲခေါ်တ်ပါသော အဖြူမကျွေးရ၊ အာမို ၁၅ ပတ်လည်၊ နိုက်ထရို၊ သားပိုက်များကိုသာ ကျွေးရကြောင်း၊ အသီးစိမ်းများကိုနှစ်လပြည့်ရင် ကောက်၍ အမှည့်ကို နှစ်လခွဲလောက်ကောက်ရကြောင်း၊ ခရမ်းချဉ်ပင်ကို ဇူလိုင်လနှင့် ဩဂုတ်လများတွင် ကုန်းပေါ်ဒေသများမှာ စိုက်ပျိုးကြပြီး အောက်တိုဘာလပိုင်းတွင် နုံးမြေများတွင် စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင်လူငှား၅ဦးဖြင့် အညွန့်ချိုငှားရကြောင်း၊ အသီးလှိုင်လှိုင်ပေါ်ချိန်တွင်လည်း လူငှားငါးဦးဖြင့် ကောက်ပေးရကြောင်း၊ တစ်ဧကလျှင်အချိန် ၆ထောင် မှ ၇၀၀၀ ကျော်ထိထွက်ရှိပါကြောင်း၊ အရှုံးအမြတ်မှာ ဈေးကွက်ပေါ်မူတည်တဲ့အတွက် တစ်ပိဿာလျှင် ကျပ် ၂၅၀ မှ ၃၀၀ဆိုရင် အခင်းရှင်အတွက် အရှုံးမရှိကြောင်း၊ ကျပ် ၁၀၀ မှ ၁၀၀ ကျော်ဆိုလျှင်အရှုံးရှိပါကြောင်း၊ ခရမ်းချဉ်သည်ပေါ်ပင်ဆိုလျှင် အမြတ်များစွာရရှိကြောင်း၊ ခုနစ်ရက်ကြာတစ်ပတ် ကောက်ပေးရပါကြောင်း၊ အခြားသီးနှံစိုက်ပျိုးလျှင် လူစာများအပြင် နွားစာများစွာရရှိပါကြောင်း၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလစပေါ်ချိန်တွင် ဈေးကွက်သည်ကျပ် ၂၀၀၀မှ ၂၀၀၀ကျော်ရောင်းချရပါကြောင်း၊ ဒီဇင်ဘာလများတွင် နှစ်တိုင်း ဈေးကွက်ကျဆင်းသွားကြောင်း၊ ခရမ်းချဉ်ကို မုံရွာမြို့ရှိ ပွဲရုံများသို့ လာရောက်သွင်းပေးရပါကြောင်း၊ တောင်သူများသည် ခရမ်းဈေးကွက်ရှိရင်ရှိသလို ဆေးများလိုက်ပြီး ခရမ်းဈေးကွက်ကျဆင်းသွားလျှင် ငွေကြေးအကုန်ကျမခံတော့ဘဲ အားဆေးမလိုက်တော့ကြောင်း၊ ဈေးကွက်မရှိတော့သည့်အတွက် တောင်သူများသည် ခရမ်းချဉ်သီးကို ကောက်ချင်သူကောက်၊ တချို့သည်လည်း နွားစာအဖြစ် ကျွေးပစ်ကြောင်း လေ့လာသိရှိရပါတယ်။

ကျွန်မ စာရေးသူကိုယ်တိုင် ခရမ်းချဉ်ကို ပေါ်ကစမှာဝယ်စားလျှင် ကျပ် ၂၀၀၀ မှ ၂၀၀၀ ကျော်ထိ ဝယ်စားဖူးပါတယ်။ နောက်ပိုင်း ခရမ်းဈေးကွက် ဈေးက တဖြည်းဖြည်းကျဆင်းလာပြီး ကျပ် ၁၀၀ ကျော်မှ ၁၀၀ ထိ ကျဆင်းလာပါတယ်။ ခရမ်းချဉ်စိုက်တောင်သူများသည့် ခရမ်းချဉ်ရောင်းရတာလည်း ပွဲစားများကို လုပ်ကျွေးရသလိုပဲဗျို့၊ အသီးကြီးတော့ကြီးလို့၊ သေးတော့သေးလို့တဲ့ဗျာ၊ ပွဲစားများဆီသွင်းတော့ဈေးကတစ်မျိုး၊ သူတို့ပြန်ရောင်းချတော့ ဈေးကတစ်မျိုးကောင်းလိုက်တာဗျာ၊ တောင်သူတွေမှာ ဆေးဈေးကကြီးနဲ့ ဇီးကွက်ခေါင်းဖြတ်သလိုပါပဲဗျာလို့ ညည်းသံကိုကြားခဲ့ရပါတယ်။

ခရမ်းချဉ်စိုက်တောင်သူများအတွက် ပွဲစားများ၏ခေါင်းပုံဖြတ်မှု ဘေးမှလွတ်ကင်းအောင် စာရေးသူ ကျွန်မအနေနဲ့ ခရမ်းချဉ်စိုက် တောင်သူများ ကုန်ကြမ်းဝင်ငွေတွင်မကဘဲ ကုန်ချောဝင်ငွေပါရရှိအောင် ဈေးကွက်မရှိ၍အလဟဿဖြစ်နေတဲ့ ခရမ်းချဉ်သီးများကို တန်ဖိုးမြှင့် ထုတ်ကုန်ပြုလုပ်နိုင်ရန်အတွက် ကုန်ချောပြုလုပ်နည်းများကိုလက်ဆင့်ကမ်း မျှဝေပေးချင်ပါတယ်၊ အဲဒါမှသာ ခရမ်းချဉ်စိုက်တောင်သူများ တစ်ဖက်တစ်လမ်းဝင်ငွေတိုးပြီး အလုပ်အကိုင်အခွင့်အလမ်းလည်း ရရှိမှာဖြစ်ပါတယ်။ တချို့ ခရမ်းချဉ်စိုက် တောင်သူများသည် ခရမ်းချဉ်စစိုက်ချိန်တွင် မိမိပိုင်ဆိုင်သည့် ရွှေထည်ပစ္စည်းများကို အရင်းအနှီးပြုလုပ်ထားသည့်အတွက် 'ခရမ်းစိုက်တောင်သူများပါးစပ်မှ ဈေးလေးရယ်မြန်မြန်လှုပ်ပါတော့ မြှုပ်နေတဲ့ကြိုးလေးတွေ မြန်မြန်ရွေးချင်လှပြီ”လို့ ခရမ်းချဉ်စိုက်တာလည်း ထီထိုးရသလိုပါပဲ ရင်တထိပ်ထိပ်နဲ့ဈေးမျှော် နေရပါကြောင်း လေ့လာသိရှိရပါတယ်။ ခရမ်းချဉ်စိုက်တောင်သူများ ဝမ်းသာပီတိ မြေမှာထိ၊ မြေကြီးမှ ရွှေသီးခရမ်းချဉ် စိုက်ပျိုးအထွက်တိုး ဝင်ငွေတိုးစေရန် ခရမ်းချဉ်ကို လူသုံးကုန် ပစ္စည်းအမျိုးမျိုးနှင့် အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်လာကြပါတယ်။ ခရမ်းချဉ်စိုက်တောင်သူများ တစ်ပိုင်တစ်နိုင်လုပ်ငန်းများထူတောင်ရန်၊ One Village One Product ကျေးရွာတစ်ရွာဒေသထွက်ကုန်တစ်မျိုး ဖွံ့ဖြိုးတိုးတက်ဖို့ပြုလုပ်နိုင်ရန်အတွက် မျှဝေပေးခြင်းဖြစ် ပါတယ်။



## ပြည်တွင်းဆီဈေးနှုန်းများ (၁၀-၅-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၆၀၀၀ | ၆၀၀၀ | □ | ၆၂၀၀ | ၆၆၀၀ | △ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၇၅၀ | ၁၈၀၀ | △ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၃၀၀ | ၇၀၀၀ | △ | ၇၀၀၀ | ၇၅၀၀ | △ | ၁၈၀၀ | ၁၆၀၀ | ▽ |
| မုံရွာ | ၅၅၀၀ | ၅၈၀၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၀-၅-၂၀၁၉ US$/Ton

| အမျိုးအစား | ပြီးခဲ့သည့်အပတ် | ယခုအပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၁.၀၀ | ၅၁၅.၅၀ | ▽ |
| RBD P.Olein | ၅၃၀.၅၀ | ၅၁၃.၅၀ | ▽ |
| RBD P.Stearin | ၄၈၂.၅၀ | ၄၈၄.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၀-၅-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၇၄.၁၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈.၇၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၄၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၁၅.၁၃၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၅-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 550 ဒေါ်လာနှင့် USD ဈေး ၁၅၂၉ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၀-၅-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၂၉ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# တည်ဦးကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်တွင် တည်ရှိသော တည်ဦးကုန်းလက်ကားဈေးကြီးအတွင်းသို့ မေ ၂ ရက်မှ ၅ ရက်အတွင်း ညောင်တုန်း၊မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်ပိုင်းအတွင်း ခရမ်းချဉ်သီးထိုင်ဝမ်(တစ်ပိဿာ)ကျပ် ၁၄၆၀၊ ခရမ်းချဉ်သီး(ကိုင်း) ကျပ် ၇၈၀မှ ၉၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၅၈၀ မှ ၆၀၀ အတွင်း၊ ပန်းဂေါ်ဖီ(တစ်ထုပ်) ကျပ် ၇၀၀၊ အာလူး(ပိဿာ) ကျပ် ၆၅၀၊ မုန်လာဥဖြူ(စီး)ကျပ် ၂၅၀ မှ ၃၅၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ်၁၂၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၁၅၀၀ မှ ၂၅၀၀အတွင်း၊ ဘူးသီး(လုံး)ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ မုန်ညင်း(ထုပ်) ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်နီ(မြစ်သား)(တစ်ပိဿာ)ကျပ် ၈၀၀၊ ကြက်သွန်နီ(ရှမ်း)(တစ်ပိဿာ) ကျပ် ၁၃၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်)(တစ်ပိဿာ) ကျပ် ၂၆၀၀၊ ချင်း(ပိဿာ) ကျပ် ၂၂၀၀၊ ဆလတ်ရွက်(တစ်စည်း) ကျပ်၁၂၀ မှ ၁၅၀ အတွင်း၊ ရုံပတီသီး(တောင့်) ကျပ် ၁၀မှ ၂၀ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (တစ်စည်း) ကျပ် ၁၈၀ မှ ၂၂၀ အတွင်း၊ ချဉ်ပေါင်ရွက်(တစ်စည်း) ကျပ် ၇၀၊ ခရမ်းသီး(မီးဖုတ်ခရမ်း)(လုံး) ကျပ် ၁၅၀ မှ ၃၀၀ အတွင်း၊ သံပုရာသီး (လုံး)ကျပ် ၆၀ မှ ၈၀ အတွင်း၊ ပဲသီး(တစ်စည်း) ကျပ် ၂၀၀ မှ ၃၅၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ) ကျပ် ၁၃၀၀ မှ ၁၄၀၀ အတွင်း၊ ဖရဲသီး(Size)(သေး)(တစ်လုံး) ကျပ် ၁၀၀၀၊ ဖရဲသီး(ဆိုဒ်လတ်)(တစ်လုံး) ကျပ် ၁၅၀၀ မှ ၂၀၀၀အတွင်း ဈေးအသီးသီးရှိကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရွှေဖရုံသီး၊ မုန်ညင်း၊ ပဲသီးနှင့် ဖရဲသီး(ဆိုဒ်လတ်)တို့၏ဈေးနှုန်းများမှာ အနည်းငယ်ဈေးတက်နေပြီး ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ပန်းဂေါ်ဖီ၊ အာလူး၊ မုန်လာဥ(နီ)၊ ကြက်သွန်နီ(မြစ်သား)၊ ကြက်သွန်ဖြူ(ရှမ်း/ကြူကုတ်)၊ ချင်း၊ ချဉ်ပေါင်ရွက်၊ဖရဲသီး(ဆိုဒ်သေး)တို့၏ဈေးနှုန်းများမှာ ဈေးအတက်/အကျမရှိ ဈေးနှုန်းတည်ငြိမ်နေကြောင်းသိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေ

၂၀၁၉ ခုနှစ်၊ မေလ ပထမပတ်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၀၀၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ဘက်မှ တစ်ဆင့် ပြန်လည်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၈၀၀ တန်ဖိုးရှိ ဟင်းချိုမှုန့် ၁၅၀၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် ၃၅၀ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၇၅၀ တန်ဖိုးရှိ သန့်ရှင်းရေးသုံးဆပ်ပြာရည် ၆၀၀၀ ကီလိုဂရမ်တို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏတန်ဖိုး ၃၇၀၀ ဒေါ်လာ ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါသည်။

မေလ ပထမပတ်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ဒေသထွက်ဧည့်မထဆန်အိတ် စုစုပေါင်း ၈၅၀အိတ် တန်ချိန်အားဖြင့် ၄၂ ဒသမ ၇၀ တန်ခန့်တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၂၀၇၀ အိတ်၊ မန္တလေးမြို့မှ ၈၅၀ အိတ်၊ ရွှေဘိုမြို့မှ ၁၃၅၀ အိတ် တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၄၂၇၀ အိတ် တန်ချိန်အားဖြင့် ၂၁၂ ဒသမ ၉၀ တန် တင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၁၂၂၅ အိတ် တန်ချိန်အားဖြင့် ၅၉၈ ဒသမ ၈၆ တန်နှင့် အာလူးတင်ပို့မှုအနေဖြင့် ၈၀၀ အိတ် တန်ချိန်အားဖြင့် ၃၉ ဒသမ ၁၉ တန် တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရသည်။

ကယားပြည်နယ်အတွင်း လက်ရှိကုန်ဈေးနှုန်းများမှာ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၃၃၅၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင်း၁၀၀ လျှင် ကျပ် ၉၅၈၅၀၀ ဈေးပေါက်ကြောင်း၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၇၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၄၃၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ်စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရသည်။ **ဖြိုးဝေအောင်(လွိုင်ကော်)**

# တရုတ်သို့ ကြက်သွန်နီတင်ပို့မှုများလာသော်လည်း ဈေးပြောင်းလဲမှုမရှိ

ယခုရက်သတ္တပတ်အတွင်း မေ ၁ ရက်မှ ၇ ရက်ထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်သို့တင်ပို့လျက်ရှိသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၄၄၀ မှ ၄၅၀ ဝန်းကျင်ဈေးရှိသည်။ ဧပြီ ၂၆ ရက်မှ ၃၀ ရက်ထိ တင်ပို့မှုမှာ ကားအစီးရေ ၁၂၂ စီး၊ တင်ပို့တန်ချိန် ၂၆၆၉ တန်ဖြစ်ကာ ဈေးနှုန်းမှာကျပ် ၄၅၀ ဝန်းကျင်ဖြစ်ပါသည်။ မေ ၁ ရက်မှ ၇ ရက်ထိ ကားစီးရေ ၂၀၈ စီး၊ တင်ပို့တန်ချိန် ၄၀၆၇ တန် အရောင်းအဝယ်ဖြစ်သဖြင့် မြန်မာမှတရုတ်သို့ ကြက်သွန်နီတင်ပို့မှုတန်ချိန်မှာ မြင့်တက်လာသော်လည်း ဈေးနှုန်းမှာ ကျပ် ၄၅၀ ဝန်းကျင်ဖြင့် ပုံမှန်ဖြစ်နေသည်။

ငွေဈေးအားဖြင့် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၇ ကျပ်ပေါက်ဈေးဖြစ်ခဲ့ပါသည်။ မေ ၁ ရက်မှ ၇ ရက်အတွင်း တရုတ်ငွေဈေးမှာတစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၂၂၅ ကျပ်ဈေးဖြစ်ပြီး ကြက်သွန်နီတစ်တန်လျှင် မြန်မာကျပ်ငွေ ၂၇၇၄၈၆ - ၂၈၁၉၈၉ ရရှိပါသည်။ တစ်ပိဿာဈေးနှုန်းမှာမြန်မာငွေကျပ် ၄၅၀ ဝန်းကျင်ရရှိပြီး တရုတ်ယွမ်နှစ်ယွမ်ခန့်ရရှိကြောင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်စာရင်းအရ သိရှိရသည်။ **စိုးသန္တာထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပြည်ဈေးကွက်တွင် စမုံနက်နှမ်းဈေး ပြန်မြင့်

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် နှမ်းနီဈေးမှာ ပြန်ကျသွားကြောင်း တွေ့ရသည်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက တရုတ်ကိုတင်ပို့ရန်အဝယ်ရှိခြင်းကြောင့် ဈေးပြန်မြင့်လာခြင်းဖြစ်သည်။ နှမ်းမှာယခုအချိန်ထိ ဝင်ရောက်မှုမရှိသေးသော်လည်း လှောင်သမားများကြောင့် တစ်နေ့လျှင်အိတ် ၂၀၀-၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၅၈၀၀၀ နှင့်နှမ်း နက်တစ်တင်းလျှင် ကျပ် ၆၃၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၉၁၀၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ **ဝေဝေမင်း(ပြည်)**

# ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး ပြန်ငြိမ်နေ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်သို့ မြေပဲဆန်များကို မင်းတုန်းနှင့် ရခိုင်ပြည်နယ်ဘက်မှ တစ်နေ့လျှင် အိတ် ၆၀၀ -၇၀၀ ခန့်ဝင်ရောက်လျက်ရှိသည်။

ရန်ကုန်ဝယ်လက်များက လုံးဆန်(အဖြူ) ကို ဝယ်ယူမှုရှိခြင်း၊ လုံးဆန်(အနီ)ကို အကြော်ဖိုသမားများက အဝယ်ရှိခြင်း၊ ဆီဆန်နှင့်ရွှေးကျ မြေပဲဆန်ကို ဆီစက်များက အဝယ်ရှိခြင်းတို့ကြောင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀၊(အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၅၀ ဖြင့် ယခင်တစ်ပတ်က အတိုင်း ဈေးငြိမ်နေပြီး မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှင့် လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၃၃၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ် လျက်ရှိသည်။ **ဝေဝေမင်း(ပြည်)**

# မွန်ပြည်နယ် ကြက်မောက်သီးဈေးနှုန်းနှင့် ကြက်မောက်သီး၏ ကျန်းမာရေးရှုထောင့်

မွန်ပြည်နယ်တွင် ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးစသဖြင့် သီးနှံများအား လှိုင်လှိုင်ပေါများစွာ ဝယ်ယူစားသုံးနိုင်သောအချိန်ကို ပြပါဆိုလျှင် ယခုရာသီချိန်ဖြစ်ပြီး ဒူးရင်းသီးပြီးလျှင် ကြက်မောက်သီးကိုလည်း ပေါများစွာ ဝယ်ယူရရှိနိုင်သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိကြက်မောက်သီးဈေးနှုန်းမှာ အမျိုးအစား၊ အလုံးအရွယ်အစားနှင့်အရသာပေါ် မူတည်ပြီး အနည်းငယ် ကွာခြားကြောင်းနှင့် အရသာကောင်းမွန်သော ကြက်မောက်သီးအလုံး တစ်ရာဈေးနှုန်းမှာ ကျပ် ၇၀၀၀ ခန့်ရှိကြောင်း၊ အရည်အသွေး အနည်းငယ်ညံ့သော ကြက်မောက်သီးအချို့မှာ ကျပ် ၆၀၀၀ ခန့် ရှိကြောင်း သိရှိရသည်။ စိုက်ပျိုးထားသော ကြက်မောက်သီးမျိုးများမှာ အများအားဖြင့် ယိုးဒယားကိုင်းကူး ကိုင်းဆက်ပင်များဖြစ်ပြီး အသားထူခြင်း၊ အသားကျွတ်ခြင်း၊ အချိုစူးခြင်းလက္ခဏာတို့ ရှိကြောင်း သိရှိရသည်။



မိမိတို့စားသုံးသော သီးနှံများ၏ အကျိုးအာနိသင်ကောင်းများကိုလည်း သိရှိထားမှသာ ကျန်းမာရေးနှင့်ညီညွတ်အောင် စားသုံးနိုင်မည်ဖြစ်သည်။ ကြက်မောက်သီးမျိုးရင်းမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ကြောင်းနှင့် Rambutan ဟု ခေါ်ပြီး Genus - Nephelium၊ သိပ္ပံအမည်မှာ Nephelium Lappaceum ၊ Family Name-Sapindaceae ခေါ်ဆိုကြောင်း၊ Rambutan ဟူသောစကားစုမှာ မလေးဘာသာစကားမှ ဆင်းသက်လာပြီး မလေးစကားလုံး Rambut အဓိပ္ပာယ်မှာ အမွေး Hair ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ကြက်မောက်သီးတွင် ဗီတာမင်စီ များစွာပါဝင်ပြီး ပိုတက်စီယမ်၊ သံဓာတ်၊ ဘီတာကယ်ရိုတင်း၊ ဗီတာမင်အေ၊ ကယ်လ်စီယမ် အနည်းငယ်၊ မဂ္ဂနီဆီယမ်၊ သွပ်(ဇင့်)၊ ဆိုဒီယမ်၊ နိုင်ယာစင်၊ အမျှင်ဓာတ်နဲ့ ပရိုတင်းဓာတ်တို့ ပါဝင်သည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတွေမှာ ကြက်မောက်သီးကို ရိုးရာဆေးတစ်လက်အဖြစ် နှစ်ပေါင်းများစွာ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် အူလမ်းကြောင်းရှိ ကပ်ပါးကောင်များကို သေစေခြင်းကြောင့် ဝမ်းလျှောသည့် ဝေဒနာကိုသက်သာစေကြောင်း၊ မလေးရှားနိုင်ငံတွင် ရိုးရာအနာကျက်ဆေးအဖြစ်လည်း အသုံးပြုကြောင်း သိရှိရသည်။ **ဝင်းမြတ်(ရာမည)**

# ကျန်းမာရေးအတွက် အကျိုးပြုသော မက္ကာဒေးမီးယား

**ယခင်တစ်ပတ်မှအဆက်**

စိုက်ပျိုးပြီးစပျိုးပင်ငယ်များအား အစိုဓာတ်မပြတ်စေရန် ရေလောင်းပေးရန်လိုအပ်ပါသည်။ မြေသြဇာ အချိုး ၁၀း၁၀း၁၀ တစ်လလျှင် တစ်ပင်ကို တစ်အောင်စနှုန်းဖြင့် ကျွေးပေးရပါသည်။ Trace element မြေသြဇာများကိုလည်း ပက်ဖျန်းပေးရပါမည်။ ကိုင်းဆက်ခြင်းမပြုလုပ်မီ တစ်လအလိုတွင် မြေသြဇာကျွေးခြင်းကို မပြုလုပ်ဘဲ ပျိုးပင်ပေါ်ရှိအရိပ်များကို ဖြည်းဖြည်းချင်း ဖယ်ရှားပေးရသည်။

စိုက်ပျိုးပြီး ပျိုးပင်အောက်ရှိ ချို့ယွင်းချက်ရှိ အရွက်များကို ဖယ်ရှားပြီး ၈၅ ရာခိုင်နှုန်း တစ(ဒိုင်ကော့ပါး၊ ထရိုင်ဟိုက်ဒရောစိုဆိုဒ်) သုတ်ဆေးဖြင့် သုတ်လိမ်းရပါမည်။ ဖျော်စပ်နည်းမှာ ၎င်းဆေးနှစ်ကီလိုဂရမ်ကို ရေဖျော်ဆေး ၁၉ လီတာဖြင့် ဖျော်စပ်ရပါသည်။ ဆေးကိုအောက်မြေမှ ကိုင်းဆက်နေရာထိ သုတ်လိမ်းရသည်။

စိုက်ပြီးနှစ်လအကြာတွင် ၁၅း၁၅း ၁၅း မြေသြဇာကို တစ်ပင် ၃၀ ဂရမ်နှုန်းဖြင့် တစ်နှစ်တွင် လေးကြိမ်ခွဲ၍ ကျွေးသင့်ပါသည်။ ဒုတိယနှစ်တွင် ၆၀ ဂရမ်နှုန်းဖြင့် လေးကြိမ်ခွဲ၍ ကျွေးရပါမည်။ တစ်ကြိမ်ဖြူးကျွေးပြီးပါက နောက်တစ်လတွင် အော်ဂဲနစ်မြေဆီဖြန့်ဖြူး ကျွေးခြင်းဖြင့် တစ်လလျှင်တစ်မျိုး တစ်လှည့်စီ ကျွေးရမည့်စနစ်ကိုသုံးရမည်ဖြစ်ကြောင်းသိရှိရသည်။ မြေသြဇာကျွေးရန်အတွက် နှစ်နှစ်တစ်ကြိမ် မြေဆီလွှာဓာတ်ခွဲစမ်းသပ်ပြီး ထောက်ခံချက်အရ ကျွေးသင့်သည်ဟုသိရသည်။

မက္ကာဒေးမီးယားအပင်သည်နှစ်ရှည်ခံအမြဲစိမ်းသောPerennial evergreen အပင်မျိုးဖြစ်ပြီး သက်တမ်းအားဖြင့် နှစ် ၁၀၀ ခန့်ရှည်သော အပင်ဖြစ်ကြောင်းသိရှိရသည်။ အပင်အမြင့်ပေ ၄၀ လောက်ထိမြင့်သော အပင်ဖြစ်ပြီး အရွက်သည် ရွက်ထီးများအဖြစ်တွေ့ရှိရသည်။ အရွက်ပုံစံသည် လှံသွားပုံ၊ ဘဲဥပြောင်းပြန်ပုံ၊ အီလစ်ပုံစသည်ဖြင့် အမျိုးမျိုးရှိ၍ ပန်းခိုင်ဖြစ်ပြီး ဆလင်ဒါပုံစံရှိပါသည်။ ပန်း၏အရောင်သည် White to pink or Purple အရောင်ရှိ၍ အသီးများမာကျောပြီး လုံးဝန်းသောပုံစံရှိ တစ်မြောင်းကွဲဖြစ်ပြီး ထိပ်ဖျားမှာ ထိပ်ချွန်ဖြစ်သည်။ အသီးများကို နည်းစနစ်မှန်မှန်ဖြင့် သိုလှောင်ထားရန် လိုအပ်သည်။ အခြားအပင်များကဲ့သို့ အရမ်းဂရုစိုက်ရန် မလိုအပ်ခြင်း၊ ဆူးပါသည့်အတွက် ကျွဲ၊ နွားမစား၍ အပင်ဆုံးရှုံးနိုင်မှုနည်းပါးကြောင်း သိရှိရသည်။

အသီးစုဆောင်းရာတွင် မြေပြင်ပေါ်၌ အသီးများလုံးဝ မကျန်စေခြင်း၊ စိုက်ခင်းအနီးနားတွင် မက္ကာဒေးမီးယားအကြွင်းအကျန်များ မရှိစေခြင်းတို့ကို ဆောင်ရွက်ရပါမည်။ သို့မှသာ အစာအလွယ်တကူမရရှိနိုင်သဖြင့် ကြွက်ကောင်ရေ တိုးပွားမှုကို ထိန်းထားနိုင်သည်။ ကြွက်တွင်းများကို ရေသွင်း၍ ဖျက်ဆီးခြင်း၊ ကြွက်သတ်ဆေးရောထားသောအစာများကို ကြွက်ခိုအောင်းနိုင်သောနေရာများ၊ ခြံအဆောက်အအုံ ပတ်ဝန်းကျင်များတွင် ချထားခြင်းဖြင့်လည်း ကြွက်အန္တရာယ်ကို ကာကွယ်နိုင်ပါသည်။ **( သတိပြုရန်မှာ - ၎င်းအဆိပ်အစာများကို ကလေးငယ်များနှင့် အခြားတိရစ္ဆာန်များအန္တရာယ်မဖြစ်စေရန် ဂရုပြုရပါသည်။)**

မက္ကာဒေးမီးယားသည် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ပန်းပွင့်ပွင့်ပြီး စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် အသီးသီးဆုံးအချိန်ဖြစ်ပါသည်။ ခူးဆွတ်ချိန်မရောက်မီ အခွံပါသီးဖြစ်၍ အလေးချိန်ကြောင့် ကိုင်းဆက်များအက်မသွားရန် အောက်ခြေကို ဒေါက်ထောက်ပေးရန် လိုအပ်ပါသည်။ ပျိုးပင်နှင့်ကိုင်းဆက်ပင်များ စိုက်ပျိုးလျှင် ၅နှစ်မှ စတင်ပွင့်သီးပြီး အစေ့စိုက်အပင်များသည် သက်တမ်းခုနစ်နှစ်မှစတင်ပွင့်သီးသည်။ အပင်တစ်ပင်လျှင် ထွက်နှုန်း ၂၀ မှ ၅၀ ကီလိုခန့်ပျမ်းမျှ ထွက်ရှိကြောင်းသိရှိရသည်။

မက္ကာဒေးမီးယားအဆီသည် အလွန်ကောင်းသောအစာတစ်ခုဖြစ်ပါသည်။ ဦးနှောက်ဟာ အဆီဖြစ်၍ အဆီစားဖို့လိုအပ်ပါသည်။ အဆီစားခြင်းဖြင့် အသက်ကြီးလာလျှင်လည်း သတိမေ့ရောဂါမဖြစ်နိုင်ပါ။ မက္ကာဒေးမီးယားအစေ့ ၁၀၀၀ ဂရမ်မှာ အာဟာရဓာတ်များအနေဖြင့် အောက်ပါအတိုင်းပါဝင်ပါသည်-

| | |
|---|---|
| (က) စွမ်းအင် | ၇၄၀ကယ်လိုရီ |
| (ခ) သိုင်ရာမင် | ၁၀၄ ရာခိုင်နှုန်း |
| (ဂ) မက်ဂနိမ် | ၁၉၅ ရာခိုင်နှုန်း |
| (ဃ) ဗီတာမင်ဘီ | ၂၁ ရာခိုင်နှုန်း |
| (င) သံဓာတ် | ၂၈ ရာခိုင်နှုန်း |
| (စ) မဂ္ဂနီစီယမ် | ၃၇ ရာခိုင်နှုန်း |
| (ဆ) ဖော့စဖရပ် | ၂၇ ရာခိုင်နှုန်း |
| (ဇ) အမျှင်ဓါတ် | ၉ ရာခိုင်နှုန်း |
| (ည) ကာဗွန်ဟိုက်ဒရိတ် | ၁၄ ရာခိုင်နှုန်း |
| ( ဋ ) ပရိုတိန်းဓာတ် | ၈ ရာခိုင်နှုန်း |
| ( ဌ ) မိုနိုမပြည့်ဝအချို | ၅၉ ရာခိုင်နှုန်း |



မက္ကာဒေးမီးယားစိုက်ခင်းတွင် အများအားဖြင့် ပိုးမွှားရောဂါထူးခြားစွာ ကျရောက်နိုင်ခြင်းမရှိကြောင်း လေ့လာသိရှိရသည်။ အပင်များကြီးရင့်လာသောအခါ ကိုင်းခွများတွင် ငှက်ချေးမှတစ်ဆင့်ကပ်ပါးအပင်များ ပေါက်ရောက်၍ ၎င်းအမြစ်ပွားများ၏ကုတ်အားကြောင့် အကိုင်းများ ချောက်သွားနိုင်၍ ဖယ်ရှားပေးရန် လိုအပ်ပါသည်။ မူရင်းဒေသမျိုးအလိုက် ပန်းပွင့်မှုအခြေအနေကိုလိုက်၍ ပိုးမွှားရောဂါကျရောက်မှု အမျိုးအစား အတိုင်းအတာကွဲပြားနိုင်ကြောင်း သိရှိရပါသည်။

သြစတြေးလျနိုင်ငံတွင် ပေါက်ဖက်များကို အဓိကပန်းပွင့်ချိန်ဖြစ်သော ဇူလိုင်လမှ စက်တင်ဘာလအတွင်း အများဆုံးတွေ့ရှိရသည်။ အဖူးစဖူးချိန်တွင် ပန်းခိုင်များပေါ်သို့ ဥများဥနိုင်ပြီး အဖူးများ၊ပန်းပွင့်များကို ပိုးများကစားသုံးကြ၍ အသီးတင်နှုန်းလျော့ကျစေပြီး ဆိုးရွားပါက အသီးလုံးဝမရသည်အထိ ပျက်ဆီးနိုင်ကြောင်းသိရှိပါသည်။ ဝတ်မှုန်ကူးပျားများကို မထိခိုက်စေရန် ညနေပိုင်းတွင်သာ ဆေးဖျန်းသင့်ကြောင်းသိရှိရပါသည်။

အရွယ်ရောက်သည့် ရွက်ဖုံးကောင်များသည် သီးနှံစိမ်းနှင့် အစေ့ဆန်များမှ သစ်ရည်ကို ထိုးဖောက်စုပ်စားနိုင်သည်။ ပိုးအနည်းငယ်ကျရောက်လာခဲ့လျှင် အစေ့အဆန် အထွက်နှုန်းနှင့် အရည်အသွေးကို ထိခိုက်စေနိုင်သည်။ သီးလုံးပြောက်စုပ်စားကြမ်းပိုးများသည် အစေ့အဆန် ဖွံ့ဖြိုးကြီးထွားစဉ်အတွင်း အချိန်မရွေး ပိုးကျရောက်နိုင်သည်။ သြစတြေးလျနိုင်ငံတွင် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ကျရောက်ဖျက်ဆီးမှုသည် ဆုံးရှုံးမှုအများဆုံးဖြစ်သည်။ တစ်ပတ် အတွင်း သီးစိမ်းကြွေ ၄ရာခိုင်နှုန်းခန့် ပိုးကျရောက်ဖျက်ဆီးပါက ပိုးသတ်ဆေးဖျန်းခြင်း၊ နှစ်ပတ်ဆက်တိုက်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်းပိုးကိုက်ကြောင်းတွေ့ရှိပါက ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ရသည်။

ပေါက်ဖတ်များသည် သီးနှံစိမ်းပေါ်ရှိ အစို့ပေါက်လမ်းကြောင်း တစ်လျှောက်နှင့် သီးနှံညှာတံတစ်ဝိုက်တွင် ဥများဥချပြီး သီးနှံစိမ်းကိုထိုးဖောက်စားသောက်သဖြင့် အစေ့အဆန်များကို ပျက်စီးစေပါသည်။ ပေါက်ဖတ်ငယ်များသီးနှံစိမ်းကို ထွင်းဖောက်စားသောက်နိုင်ခြင်း မပြုနိုင်စေနိုင် ဆေးဖျန်းနှိမ်နှင်းရသည်။

ရှောက်ပင်၊ သံပုရာပင်တွင်ကျရောက်တတ်သော ပိုးနက်များ၊ ပင်စည်ဖျက်ပိုးများ၊ ရွက်တွင်ပိုးများ ကိုင်းရစ်ဖြတ်ပိုးများ၊ ခူကောင်များနှင့်ရွက်စားကျိုင်းကောင်များသည်လည်း မက္ကာဒေးမီးယားအပင်များတွင် ကျရောက်နိုင်ပါသည်။

[အေးအေးထွန်း-ကချင်မြေ]

ကချင်ပြည်နယ်တွင် မက္ကာဒေးမီးယားကို မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ လွယ်ဂျယ်မြို့၊ မန်စီမြို့နယ်၊ မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့နယ်၊ လဂျာယန်ဒေသတို့တွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိပြီး မြစ်ကြီးနားခရိုင်တွင် ဧက ၂၀ ကျော် အသီးခူး၍ အစေ့ထုတ်ပြီးဖြစ်ကြောင်းလေ့လာသိရှိရသည်။ ကချင်ပြည်နယ်မှထွက်ရှိသော မက္ကာဒေးမီးယားဈေးကွက်အနေဖြင့် ပြည်နယ်အတွင်းသာ ရောင်းချနေကြောင်း သိရှိရသည်။ စိုက်ပျိုးထွက်ရှိသော မက္ကာဒေးမီးယားအသီးများကို ကွတ်ကီးမုန့်များ၊ ချောကလက်မုန့်ချိုများ၊ ရေခဲမုန့်များပြုလုပ်ရာတွင် အသုံးချနေကြောင်း လေ့လာသိရှိရသည်။

အခွံမာသီး၏ အစေ့အဆန်များကို တစ်ပတ်လျှင် ငါးရက်အထက် လက်တစ်ဆုပ်စာ ပုံမှန်စားခြင်းဖြင့် အသက်နှစ်နှစ်ပိုရှည်နိုင်ကြောင်းကို ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဆိုခဲ့ပါသည်။ အခွံမာအသီးအစေ့အဆန်ကို နေ့စဉ်စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ၃၀ရာခိုင်နှုန်းကင်ဆာရောဂါဖြစ်ပွားမှုကို ၁၅ ရာခိုင်နှုန်း၊ အရွယ်မတိုင်မီသေဆုံးမှုကို ၂၂ ရာခိုင်နှုန်း လျော့နည်းစေခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်မှုကို၅၀ရာခိုင်နှုန်းနှင့်ဆီးချိုရောဂါဖြစ်မှုကို ၄၀ ရာခိုင်နှုန်းနီးပါး လျော့နည်းစေကြောင်း သုတေသီများက မိန့်ဆိုထားကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ပရိုတင်းဓာတ်၊ အမျှင်ဓာတ်နှင့်အခြားသော ခန္ဓာကိုယ်ကို အကျိုးဖြစ်ထွန်းစေသည့် ဗီတာမင်ဓာတ်ပေါင်းများစွာပါဝင်သည်။

ဆာလောင်မွတ်သိပ်မှုကို မဖြစ်ပေါ်စေသည့်အတွက် ဝိတ်လျော့သူများအတွက် အထူးသင့်တော်သော အစာဖြစ်ကြောင်း သိရှိရသည်။ သွေးကြောမာခြင်း၊ သွေးတွင်းအဆီတက်ခြင်းတို့ကို ကာကွယ်နိုင်ခြင်း၊ အခွံမာသီးမှာပါတဲ့ Resveratrol ဓာတ်ပေါင်းတစ်မျိုးသည် ခန္ဓာကိုယ်ရဲ့ခုခံအားကို မြင့်တင်ပေးနိုင်ခြင်း သာမန်အသီးတွေမှာ ပါတဲ့ဓာတ်တွေထက် ဗီတာမင်ကြွယ်ဝမှုများခြင်း၊အာရုံကြောနှင့်အသားအရည်တို့ကိုလည်း အချိန်အတိုင်မီ အိုမင်းခြင်းမှ ကာကွယ်ပေးနိုင်ကြောင်းသိရှိရသည်။ နေ့လယ်စာမစားမီ စားသုံးပေးခြင်းက ပိုသင့်လျော်ပြီး အမြဲစားပေးသူများသည် မစားသုံးသူတွေထက် အသက်ပိုရှည်နိုင်ကြောင်း သိရှိရသည်။

ခန္ဓာကိုယ်ရောင်ရမ်းစေတဲ့ Free Ratiacl ကို ထုတ်မပေးသည့်အပြင် စွမ်းအင် APT 120 ကိုထုတ်ပေးပါသည်။ ကင်ဆာဆဲလ်များသည်အဆီကို၊စွမ်းအင်အဖြစ် အသုံးမပြုနိုင်ခြင်းကြောင့် ကင်ဆာရောဂါကာကွယ်စေသည့် အုန်းဆီ၊ သံလွင်ဆီ၊ ငါးကြီးဆီ၊ Cod Liver Oil၊ထောပတ်သီး၊ Organic ကြက်ဥ၊ ဗာဒံစေ့၊ သစ်ကြားသီး၊ Peacan၊ Macadamia Nut (မက္ကာဒေးမီးယားအစေ့)၊ Pistachio Nut များသည် ကောင်းမွန်သောအဆီများဖြစ်ပါသည်။ ထိုအဆီများထဲတွင် မက္ကာဒေးမီးယားအဆီသည် အခွံမာအသီးတွေထဲမှာ ဘုရင်တစ်ဆူဖြစ်ပါသည်။ Macadamia အစေ့များသည် တန်ဖိုးရှိသော အစာသီးထွက်ဖြစ်ပြီး Macadamia integrifolia , Macadamia tetraphylla မျိုးစိတ်သုံးမျိုးသာလျှင် စီးပွားရေးအရ အရေးပါသောသီးနှံများဖြစ်ကြောင်း လေ့လာသိရှိရသည်။

မက္ကာဒေးမီးယားစိုက်ပျိုးထုတ်လုပ်သူများ နည်းသေးသည့်အတွက် အသင်းဖွဲ့စည်းနိုင်ခြင်းမရှိသေးဘဲ တိုးချဲ့စိုက်ပျိုးသူများလာပါက အသင်းအဖွဲ့ဖွဲ့စည်းသွားရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ မက္ကာဒေးမီးယားသီးနှံသည် ရာသီဥတုကိုက်ညီမှုရှိပါက စိုက်ပျိုးသင့်သောသီးနှံဖြစ်၍ ဒေသတွင်းစားသုံးခြင်း၊ အခြားဒေသများနှင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့်လည်း ဝင်ငွေတိုးစေနိုင်ပါသည်။ ဈေးကွက်ခိုင်မာမှုရှိ၍ နှစ်ရှည်အကျိုးရှိသောအပင်ဖြစ်သည်။ ပုံမှန်စိုက်ပျိုးခြင်းထက် စီးပွားဖြစ်စိုက်ပျိုးလျှင် အကောင်းဆုံးသီးနှံဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးရန်သင့်တော်သောသီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မက္ကာဒေးမီးယားသည် ကျန်းမာရေးအတွက် အကျိုးပြုသော အသီးဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်ရန် လွယ်သောသီးနှံဖြစ်သည့်အပြင် ဈေးကွက်ဝင်သီးနှံလည်းဖြစ်သည့်အတွက် စနစ်တကျတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပါက ကုန်သွယ်မှုကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် သီးနှံဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေကို လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Costa Rica နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၁ ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဘာဘေဒို၊ ဘရာဇီး၊ ဒိန်းမတ်၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်နှင့် မက္ကဆီကို စသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၃ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ အိန္ဒိယ၊ ဟောင်ကောင်၊ ရုရှား၊ ကနေဒါနှင့် နယူးဇီလန် စသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၆ ဒသမ ၅၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ကာ ထိုင်းနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် South Africa နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁၃ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘာဘေဒို၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ အီဂျစ်နှင့်ပီရူး စသည့်နိုင်ငံများ အပါအဝင် ၄၄ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဘရာဇီး၊ ရုရှား၊ ပြင်သစ်နှင့် နယူးဇီလန် စသည့်နိုင်ငံ ၁၆ နိုင်ငံသာရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် လာအိုနိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းမြင့်တက်ခဲ့ကာ မြန်မာနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၁ | ၀.၆၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၁ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၃ | ၀.၈၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၆ | ၀.၇၆ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၇ ဒေါ်လာဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၄ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့် မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဒေါ်လာဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဒေါ်လာဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထိုင်းနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်များ ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်နေခဲ့သည်ကို တွေ့ရှိရသည်။ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်မှာ ဈေးတည်ငြိမ်နေခဲ့ပြီး ပေါင်းဆန်အမျိုးအစားမှာ ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပါကစ္စတန်နိုင်ငံအား ပေးအပ်သည့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အခွန်လွတ်ကုန်စည်တင်ပို့ခွင့်စီမံချက်အရ ပါကစ္စတန်နိုင်ငံသည် တရုတ်သို့ သကြားတန်ချိန်တစ်သိန်းခွဲတင်ပို့ခဲ့ပြီး ဆန်တန်ချိန် နှစ်သိန်းကိုလည်း လာမည့်ဇွန်လအတွင်း အပြီးသတ်တင်ပို့နိုင်မည်ဖြစ်ကြောင်း ပါကစ္စတန်ကုန်သွယ်ရေး၊ အထည်အလိပ်နှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၏ ဝန်ကြီးချုပ် အကြံပေးဖြစ်သူ Abdul Razak Dawood က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်ကိုသိရှိရသည်။ တရုတ်နိုင်ငံသည် ပါကစ္စတန်ကို ဆန်၊ သကြားနှင့်ဝါချည်မျှင် တန်ချိန်သုံးသိန်း ခွဲတို့အတွက် အခွန်လွတ်တင်ပို့ခွင့် သက်တမ်းတိုးပေးခဲ့ကြောင်း Dawood က လွှတ်တော်ကုန်သွယ်ရေးနှင့် အထည်အလိပ်ကော်မတီတွင် အစီရင်ခံခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းဆန်သတင်းများအနေဖြင့် ဈေးနှုန်းဆက်တိုက်မြင့်တက်နေသော ရွှေဘိုပေါ်ဆန်းနှင့် ဆန်ချောလက်ကားဈေးနှုန်းများသည် ယခုအခါ ဆက်လက်မြင့်တက်လာကြောင်း အဓိကဆန်ချောဈေးကွက်ဖြစ်သော ဝါးတန်းဆန်ဈေးကွက်အတွင်းမှ သိရှိရသည်။ ပြည်တွင်း၌ အဓိကစားသုံးသည့် ဆန်များဖြစ်သော ရွှေဘိုပေါ်ဆန်းနှင့် ကျားပျံကဲ့သို့ ဆန်ချောဈေးနှုန်းများသည် အရောင်းအဝယ် ကောင်းမွန်ခြင်းနှင့်အတူ ရန်ကုန်သို့အဝင်နည်းပါးနေခြင်းတို့ကြောင့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင်ယခင်ထက် ကျပ် ၂၀၀၀ ခန့်နှင့် ကျားပျံရှယ်တစ်အိတ်လျှင်ကျပ် ၁၅၀၀ မှ ၃၀၀၀ ခန့်အထိ ဈေးမြင့်တက်ကြောင်း သိရှိရသည်။

ယင်းဆန်များ ဈေးဆက်တက်လာသော်လည်း ဧရာဝတီတိုင်းထွက် ပေါ်ဆန်းဈေးနှုန်းများမှာအမြင့်ဈေးဖြင့် ငြိမ်သက်နေပြီး ရွှေဘိုပေါ်ဆန်းဈေးနှုန်းမှာလည်း အမြင့်ဈေးဖြင့် တည်ငြိမ်သွားနိုင်ကြောင်း ဆန်ကုန်သည်များက သုံးသပ်ပြောကြားကြသည်။ ရွှေဘိုပေါ်ဆန်း လက်ကားဈေးသည် ဧပြီလ တတိယပတ်မှ မေလပထမပတ်အထိ သုံးပတ်ဆက်တိုက် မြင့်တက်ခြင်းဖြစ်ပြီး သုံးပတ်အတွင်း ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၅၀၀၀ ခန့်အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆန်ဈေးကွက်အတွင်းမှသိရှိရသည်။ လက်ရှိဆန်ဈေးကွက်အတွင်း မြောင်းမြပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ အထိ၊ ဖျာပုံ/ ဒေးဒရဲပေါ်ဆန်းတစ်အိတ်လျှင်ကျပ် ၃၈၀၀၀ မှ ၄၀၀၀၀ အထိ၊ ပေါ်ဆန်းနယ်စုံတစ်အိတ်လျှင် ကျပ် ၃၃၀၀၀ မှ ၃၆၀၀၀ အထိ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၁၀၀၀ မှ ၅၃၀၀၀ အထိ၊ ရက် ၉၀ ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀ အထိနှင့် ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင်ကျပ် ၁၆၈၀၀ မှ ၁၇၅၀၀ အထိ ဈေးရှိကြောင်း ဘုရင့်နောင်နှင့် ဝါးတန်းဆန်စပါးကုန်စည်ဈေးကွက်များအတွင်းမှ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၂၄ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၀၆၁၀ မှ ၂၁၂၈၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန် အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၇၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀ သန်း ၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၂၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၁၅ သန်း၊ မိုဇမ်ဘစ် သုည ဒသမ ၆၇၅ သန်း၊ နိုင်ဂျီရီးယား ၂ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ဒသမ ၆၀၀ သန်း၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၅၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ ဒသမ ၁၀၀ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများ၏ တင်ပို့နိုင်မည့်ပမာဏမှာ အိန္ဒိယ ၁၂ သန်း၊ ထိုင်း ၁၀ သန်း၊ ဗီယက်နမ် ခုနစ်သန်း၊ US ၃ ဒသမ ၀၅၀ သန်း၊ တရုတ် ၂ ဒသမ ၅၀၀ သန်း၊ ကမ္ဘောဒီးယား ၁ ဒသမ ၂၀၀ သန်း၊ ဥရုဂွေး သုည ဒသမ ၈၀၀ သန်း၊ ဘရာဇီးလ် သုည ဒသမ ၇၅၀ သန်း၊ ပါရာဂွေးသုည ဒသမ ၆၅၀ သန်း၊ ဂိုင်ယာနာ သုည ဒသမ ၅၀၀ သန်း၊ အာဂျင်တီးနား သုည ဒသမ ၃၈၀ သန်း၊ EU သုည ဒသမ ၃၀၀ သန်း၊ ရုရှား သုည ဒသမ ၁၆၀ သန်း၊ တောင်အာဖရိက သုည ဒသမ ၁၂၅ သန်းနှင့် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈၀၀ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်းအတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၅ | စင်္ကာပူ | လီတာ | ၁.၅၉ | ၁.၃၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၀ | ၀.၈၅ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၀ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၂၇ | ၁.၀၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် မေ ၆ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဒေါ်လာနှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဒေါ်လာရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီ ဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၄ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၆ ဒေါ်လာနှုန်းဖြင့် ၂၈ နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Zambia | လီတာ | ၂.၁၆ |
| ၃ | အီရန် | လီတာ | ၀.၂၉ | နော်ဝေ | လီတာ | ၁.၉၈ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | Monaco | လီတာ | ၁.၉၇ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၇ |

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zambia | လီတာ | ၁.၉၁ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | Monaco | လီတာ | ၁.၈၉ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၈၄ |
| ၅ | Ecuador | လီတာ | ၀.၂၇ | ဟောင်ကောင် | လီတာ | ၁.၈၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၉ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၂၉ | ၁.၁၁ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၇ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း

## ကြယ်စင်(တန့်ဆည်မြေ)

(Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၃.၅.၂၀၁၉ | စည် | ၆၁.၈၁ |
| ၂ | ၆.၅.၂၀၁၉ | စည် | ၆၂.၂၅ |
| ၃ | ၇.၅.၂၀၁၉ | စည် | ၆၁.၄၀ |
| ၄ | ၈.၅.၂၀၁၉ | စည် | ၆၂.၁၂ |
| ၅ | ၉.၅.၂၀၁၉ | စည် | ၆၁.၇၀ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ်၊ မတ် ၁၁ ရက်မှ ၂၀၁၉ ခုနှစ် မေ ၆ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်းပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်တွင်း ရွှေဈေးနှုန်းအနေဖြင့် မေ ၂ ရက်တွင် ကျပ် ၁၀၃၆၀၀၀ ဖြစ်ပေါ်ခဲ့ရာမှ မေ ၄ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၃၉၀၀၀၊ မေ ၈ ရက်တွင် ကျပ် ၁၀၄၈၀၀၀၊ မေ ၉ ရက်တွင် ကျပ် ၁၀၄၉၅၀၀ သို့ ပြန်လည် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးမှာ မေ ၂ ရက်တွင် ၁၂၇၁ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ ပြန်လည်မြင့်တက်လာပြီး မေ ၄ ရက်တွင် ရွှေတစ်အောင်စလျှင် ၁၂၇၉ ဒေါ်လာ၊ မေ ၈ ရက်တွင် ၁၂၈၈ ဒေါ်လာ၊ မေ ၉ ရက်တွင် ၁၂၈၅ ဒေါ်လာ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။ ရွှေဈေးမှာ ခန့်မှန်းရ ခက်ခဲနေပြီး ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် အမေရိကန်ဒေါ်လာ အတက်အကျပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်း အဓိက ရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာဈေးကွက်အတွင်းမှ သိရှိရသည်။

ကမ္ဘာ့ရွှေဝယ်လိုအားသည် ၂၀၁၉ ခုနှစ်၊ ပထမ သုံးလပတ်တွင် မြင့်တက်ခဲ့ကြောင်း၊ ပထဝီနိုင်ငံရေး အခြေအနေ မတည်ငြိမ်မှုများအပေါ် စိုးရိမ်ပူပန်နေရစဉ် ဗဟိုဘဏ်များ အနေဖြင့်လည်း ဒေါ်လာငွေကြေးမှ ရွှေဘက်သို့ ပြောင်းလဲ အာရုံ စိုက်လာနေသည့်အတွက် ယခုကဲ့သို့ ရွှေဝယ်လိုအား မြင့်တက်လာခြင်းဖြစ်ကြောင်း ကမ္ဘာ့ရွှေကောင်စီ WGC က ထုတ်ပြန်ထားသည်ကို လေ့လာသိရှိရသည်။ ကမ္ဘာလုံးဆိုင်ရာ ရွှေဝယ်လိုအားသည် ယခင်နှစ်နှင့်နှိုင်းယှဉ် လျှင် ယခုနှစ် ပထမသုံးလပတ် တွင် တန်ချိန် ၁၀၅၃ ဒသမ ၃ တန်အထိ ၇ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း WGC ကထုတ်ပြန်ခဲ့ သည်။

ဗဟိုဘဏ်က ဝယ်ယူမှုပမာဏသည် ရွှေတန်ချိန်ပေါင်း ၁၄၅ ဒသမ ၅ တန်အထိရှိခဲ့ပြီး ၆၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း၊ ဤအခြေအနေသည် ၂၀၁၃ ခုနှစ် နောက် ပိုင်းတွင် အားအကောင်းဆုံး စွမ်းဆောင်မှု ကာလဖြစ်ကြောင်း သုံးသပ် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သော နိုင်ငံများမှာ International Sugar Organization (ISO) website တွင် ဖော်ပြချက်စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ မက္ကဆီကို၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။ ၂၀၁၈ ခုနှစ်တွင် သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျာမနီ၊ မက္ကဆီကို၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂွါတီမာလာ၊ ပါကစ္စတန်၊ တောင်အာဖရိက၊ ပိုလန်၊ ကိုလံဘီယာ၊ Eswatini နှင့် ကျူးဘားနိုင်ငံ တို့ဖြစ်ကြပြီး၊ ကမ္ဘာ့သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ မလေးရှား၊ အီတလီ၊ အယ်လ်ဂျီးရီးယား၊ တောင်ကိုရီးယား၊ UAE၊ အိန္ဒိယ၊ ဘင်္ဂလား ဒေ့ရှ်နှင့် စပိန်နိုင်ငံတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် သကြားအများဆုံးလို

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 8-May-19 | 12.24 cts/lb | 12.67 cts/lb | 324.15 $/T | 14.70 cts/lb |
| 7-May-19 | 12.51 cts/lb | 12.70 cts/lb | 330.45 $/T | 14.99 cts/lb |
| 3-May-19 | 12.58 cts/lb | 12.76 cts/lb | 330.05 $/T | 14.97 cts/lb |
| 2-May-19 | 12.77 cts/lb | 12.78 cts/lb | 332.20 $/T | 15.07 cts/lb |
| 1-May-19 | 12.77 cts/lb | 12.79 cts/lb | 334.05 $/T | 15.15 cts/lb |
| 30-Apr-19 | 12.91 cts/lb | 12.81 cts/lb | 337.60 $/T | 15.31 cts/lb |
| 29-Apr-19 | 12.22 cts/lb | 12.79 cts/lb | 337.20 $/T | 15.30 cts/lb |
| 26-Apr-19 | 12.63 cts/lb | 12.84 cts/lb | 342.75 $/T | 15.55 cts/lb |
| 25-Apr-19 | 12.69 cts/lb | 12.86 cts/lb | 342.35 $/T | 15.53 cts/lb |
| 24-Apr-19 | 12.93 cts/lb | 12.85 cts/lb | 343.05 $/T | 15.56 cts/lb |
| 23-Apr-19 | 12.93 cts/lb | 12.85 cts/lb | 340.85 $/T | 15.46 cts/lb |
| 18-Apr-19 | 13.00 cts/lb | 12.84 cts/lb | 341.75 $/T | 15.50 cts/lb |
| 17-Apr-19 | 12.57 cts/lb | 12.82 cts/lb | 334.95 $/T | 15.19 cts/lb |
| 16-Apr-19 | 12.73 cts/lb | 12.83 cts/lb | 338.55 $/T | 15.36 cts/lb |
| 15-Apr-19 | 12.85 cts/lb | 12.83 cts/lb | 339.80 $/T | 15.41 cts/lb |
| 12-Apr-19 | 12.97 cts/lb | 12.82 cts/lb | 333.45 $/T | 15.13 cts/lb |
| 11-Apr-19 | 12.87 cts/lb | 12.81 cts/lb | 328.45 $/T | 14.90 cts/lb |
| 10-Apr-19 | 13.02 cts/lb | 12.80 cts/lb | 332.55 $/T | 15.08 cts/lb |
| 9-Apr-19 | 12.96 cts/lb | 12.80 cts/lb | 333.65 $/T | 15.13 cts/lb |
| 8-Apr-19 | 12.74 cts/lb | 12.81 cts/lb | 331.15 $/T | 15.02 cts/lb |
| 5-Apr-19 | 12.94 cts/lb | 12.83 cts/lb | 334.85 $/T | 15.19 cts/lb |
| 4-Apr-19 | 12.88 cts/lb | 12.81 cts/lb | 334.90 $/T | 15.19 cts/lb |
| 3-Apr-19 | 12.61 cts/lb | 12.80 cts/lb | 331.50 $/T | 15.04 cts/lb |
| 2-Apr-19 | 12.86 cts/lb | 12.80 cts/lb | 335.15 $/T | 15.20 cts/lb |
| 1-Apr-19 | 12.84 cts/lb | 12.78 cts/lb | 334.60 $/T | 15.18 cts/lb |




Source: www.isosugar.org

အပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့်နိုင်ငံများစာရင်းတွင် သုံးနိုင်ငံမြောက် အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှသကြား တန်ချိန် ၁၀ သန်းကျော် ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် တန်ချိန် ခြောက်သန်းခန့်လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ သကြားဈေးနှုန်းများ အနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင် ဧပြီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဒသမ ၆၀ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မေ ၈ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၂၄ ဒသမ ၁၅ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၈၉ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၃၉ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၄၈-၄၅၆၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၅၂-၅၇၇ ဖြစ်ပြီး ယခင်တစ်ပတ် နှင့်နှိုင်းယှဉ်ပါက အိန္ဒိယနိုင်ငံ၏ သကြားဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကာ တရုတ်၊ ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းအနည်းငယ် ကျဆင်းလျက် ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံ ဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၄၉ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန် ဒေါ်လာ ၆၄၈ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၈၉ ပေါက်ဈေးရှိသောကြောင့် တစ် တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၁၄၁ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၁ ဒေါ်လာဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ် များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ၁၉၀၀ ကျပ်နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့် ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ဘားအံ၊ ပျဉ်းမနားနှင့်ကလေး မြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ မေ ၉ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၃ ဒသမ ၆၈ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ မေလဒုတိယပတ်အတွင်း ပြည်တွင်းသကြားဈေးနှုန်းများမှာ အတက်အကျအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | | |
|---|---|---|---|---|---|---|
| | | မေ ၃ | မေ ၆ | မေ ၇ | မေ ၈ | မေ ၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၉ | မြိတ် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

၂၀၁၉ ခုနှစ်၊ ဧပြီ ၁ ရက်မှ မေ ၉ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို တစ်ဖက်ပါ အတိုင်းတွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၄.၂၀၁၉ | ၁၀၄၆၅၀၀ | ၁၂၉၀ |
| ၂ | ၂.၄.၂၀၁၉ | ၁၀၄၁၀၀၀ | ၁၂၈၉ |
| ၃ | ၃.၄.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၉၃ |
| ၄ | ၄.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၂ |
| ၅ | ၅.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၀ |
| ၆ | ၆.၄.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၉၂ |
| ၇ | ၇.၄.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၉၂ |
| ၈ | ၈.၄.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၇ |
| ၉ | ၉.၄.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၉၉ |
| ၁၀ | ၁၀.၄.၂၀၁၉ | ၁၀၁၅၄၀၀၀ | ၁၃၀၄ |
| ၁၁ | ၁၁.၄.၂၀၁၉ | ၁၀၅၅၅၀၀ | ၁၃၀၄ |
| ၁၂ | ၁၈.၄.၂၀၁၉ | ၁၀၄၀၀၀၀ | ၁၂၇၆ |
| ၁၃ | ၂၀.၄.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၆ |
| ၁၄ | ၂၁.၄.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၆ |
| ၁၅ | ၂၂.၄.၂၀၁၉ | ၁၀၄၄၀၀၀ | ၁၂၇၉ |
| ၁၆ | ၂၃.၄.၂၀၁၉ | ၁၀၄၀၀၀၀ | ၁၂၇၃ |
| ၁၇ | ၂၄.၄.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၂ |
| ၁၈ | ၂၅.၄.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၈ |
| ၁၉ | ၂၆.၄.၂၀၁၉ | ၁၀၄၀၀၀၀ | ၁၂၈၁ |
| ၂၀ | ၂၈.၄.၂၀၁၉ | ၁၀၄၁၀၀၀ | ၁၂၈၆ |
| ၂၁ | ၂၉.၄.၂၀၁၉ | ၁၀၃၉၅၀၀ | ၁၂၈၃ |
| ၂၂ | ၃၀.၄.၂၀၁၉ | ၁၀၃၈၅၀၀ | ၁၂၈၅ |
| ၂၃ | ၁.၅.၂၀၁၉ | ၁၀၃၈၅၀၀ | ၁၂၈၂ |
| ၂၄ | ၂.၅.၂၀၁၉ | ၁၀၃၆၀၀၀ | ၁၂၇၁ |
| ၂၅ | ၄.၅.၂၀၁၉ | ၁၀၃၉၀၀၀ | ၁၂၇၉ |
| ၂၆ | ၅.၅.၂၀၁၉ | ၁၀၃၈၀၀၀ | ၁၂၇၉ |
| ၂၇ | ၆.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၂ |
| ၂၈ | ၇.၅.၂၀၁၉ | ၁၀၄၃၀၀၀ | ၁၂၈၁ |
| ၂၉ | ၈.၅.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၈၈ |
| ၃၀ | ၉.၅.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၈၅ |

Source: estimate of world's exchange rate and gold price page

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆. ၈၀ % ၊ Annual Rate of Inflation 7.07 %၊ Year on Year Inflation 6.69 % ရှိသည်ကို လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာဈေးသည် မေ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ဒသမ ၈၀ ကျပ်၊ မေ ၆ ရက်တွင် ၁၅၂၄ ဒသမ ၃၀ ကျပ်၊ မေ ၇ ရက်တွင် ၁၅၂၄ ဒသမ ၀၀ ကျပ်၊ မေ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ဒသမ ၂၀ကျပ်နှင့် မေ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၈ ဒသမ ၅၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြင်ပဒေါ်လာ ဈေးကွက်တွင်လည်း အရောင်းအဝယ်မှာ အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်နေပြီး မေ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၇ ဒသမ ၀၀ ကျပ်၊ မေ ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ဒသမ ၀၀ ကျပ်၊ မေ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၀ ဒသမ ၀၀ ကျပ်၊ မေ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၂ ဒသမ ၀၀ ကျပ်၊ မေ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၆ ဒသမ၀၀ ကျပ် စသည်ဖြင့် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂ ရက်မှ မေ ၉ ရက်အထိ နေ့အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



Source: Central Bank of Myanmar

**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၃-၅-၁၉ | ၆-၅-၁၉ | ၇-၅-၁၉ | ၈-၅-၁၉ | ၉-၅-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၂၁.၈ | ၁၅၂၄.၃ | ၁၅၂၄ | ၁၅၂၆.၂ | ၁၅၂၈.၅ | ၀.၄၄ | ⬆ |
| ၂ | Thai Baht | THB | ၃၂.၀၃၅ | ၃၁.၈၉၀ | ၃၁.၉၀၀ | ၃၁.၇၈၀ | ၃၁.၇၉၅ | -၀.၇၅ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၆၄ | ၁.၃၆၃ | ၁.၃၆၂ | ၁.၃၆၁ | ၁.၃၆၄ | ၀.၀၀ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၄ | ၄.၁၄၈ | ၄.၁၄၉ | ၄.၁၄၉ | ၄.၁၅၄ | ၀.၄၈ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၅၄ | ၁၄၂၉၃ | ၁၄၂၈၀ | ၁၄၂၉၆ | ၁၄၃၄၉ | ၀.၆၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၇၃၅ | ၆.၇၆၇ | ၆.၇၆၀ | ၆.၇၇၅ | ၆.၈၂၂ | ၁.၂၉ | ⬇ |
| ၇ | Indian Rupee | INR | ၆၉.၃၃၃ | ၆၉.၄၁၉ | ၆၉.၃၄၈ | ၆၉.၅၅၆ | ၆၉.၉၃၅ | ၀.၈၇ | ⬇ |
| ၈ | Japanese Yen | JPY | ၁၁၁.၅၀၄ | ၁၁၀.၇၁၃ | ၁၁၀.၅၅၅ | ၁၁၀.၁၃၁ | ၁၀၉.၇၀၄ | -၁.၆၁ | ⬇ |
| ၉ | Austrialia Dollar | AUD | ၁.၄၂၉ | ၁.၄၃၁ | ၁.၄၂၅ | ၁.၄၂၆ | ၁.၄၃၃ | ၀.၂၈ | ⬆ |
| ၁၀ | Euro | EUR | ၀.၈၉၆ | ၀.၈၉၄ | ၀.၈၉၃ | ၀.၈၉၃ | ၀.၈၉၄ | -၀.၂၂ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၈ | ၀.၇၆၃ | ၀.၇၆၄ | ၀.၇၆၇ | ၀.၇၇၀ | ၀.၂၆ | ⬇ |

Source- Central Bank of Myanmar

၂၀၁၉ ခုနှစ်၊ မေ ၃ ရက်မှ မေ ၉ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာငွေလဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မေ ၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၂၁ ဒသမ ၈၀ ကျပ်ရှိခဲ့ရာမှ မေ ၉ ရက်တွင် ၁၅၂၈ ဒသမ ၅၀ ကျပ်သို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း သုည ဒသမ ၄၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ငွေဈေးတည်ငြိမ်မှုသည်လည်း အရေးကြီးလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ပြည်တွင်းငွေကြေးဈေးကွက်အပေါ်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ လွှမ်းမိုးမှုမြင့်မားခြင်းသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးတစ်ရပ် ဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်တွင်း ငွေကြေးဈေးကွက်အပေါ် အပြည့်အဝ လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းနှင့် ငွေကြေးဈေးနှုန်း ပြောင်းလဲမှုများကြောင့် တိုင်းပြည်တည် ဆောက်ရေးလုပ်ငန်းများနှင့် ပြည်သူပြည်သားများအပေါ် ဆိုးကျိုးများမဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရေးအတွက် တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံး ဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

အမြင့်ဆုံးဈေးနှုန်းများဖြစ်နေသော စက်သုံးဆီဈေးနှုန်းများသည် ယခုအခါ ဒီဇယ်ဈေးနှုန်းများ ပြန်လည်ကျဆင်းသော်လည်း အောက်တိန်းဆီဈေးမှာ ဆက် လက်မြင့်တက်နေကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရပါသည်။ ဒီဇယ် ဈေးနှုန်းသည် ယခုနှစ် ဖေဖော်ဝါရီလမှ မေလအထိ လေးလအတွင်း ပထမဆုံးအနေနှင့်ကျဆင်းခြင်းဖြစ်ပြီး အောက်တိန်းဈေးနှုန်းမှာမူ တစ်ပတ်လျှင် ကျပ် ၁၀ ဖြင့် သုံးပတ်ဆက်တိုက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အောက်တိန်းဆီဈေးကွက်တွင် ပြည်ပဈေးများမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာခန့် ကျဆင်းနေသော်လည်း ပြည်တွင်းဈေးကွက်၌မူ တစ်လီတာလျှင် ၁၀ ကျပ်ဆက်လက်မြင့်တက်နေသည်။ ဒီဇယ်ဈေးကွက်တွင် ပြည်ပဈေးမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာမှ ၂ ဒေါ်လာအထိ ကျဆင်း၍ ပြည်တွင်းဈေးမှာ တစ်လီတာလျှင် ၁၀ ကျပ်ခန့်ကျဆင်းကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရသည်။

ပြည်ပစက်သုံးဆီဈေးသည် ကမ္ဘာ့ရေနံစိမ်းဈေး အနည်းငယ်ပြန်လည်ကျဆင်းသည့်အတွက် ကျဆင်းခြင်းဖြစ်ပြီး ပြည်တွင်းဈေးမှာလည်း ပြည်ပဈေးပေါ်မူတည်၍ လိုက်ပါပြောင်းလဲနိုင်ကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရှိရသည်။ လက်ရှိပြည်တွင်းစက်သုံးဆီဈေးကွက်အတွင်း ဒီဇယ်တစ်လီတာလျှင်ကျပ် ၁၀၀၀၊ အဆင့်မြင့် ဒီဇယ်တစ်လီတာလျှင် ကျပ် ၁၀၁၀၊ အောက်တိန်း (92) တစ်လီတာလျှင် ကျပ် ၉၀၀နှင့် အောက်တိန်း (95) တစ်လီတာ လျှင်ကျပ် ၉၇၀ဈေးရှိပြီး ပြည်ပဈေးသည် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၃ ဒေါ်လာ၊ အဆင့်မြင့် ဒီဇယ်တစ်စည်လျှင် ၈၃ ဒေါ်လာ၊ အောက်တိန်း (92) တစ်စည်လျှင်အမေရိကန် ဒေါ်လာ ၇၈ ဒေါ်လာနှင့် အောက်တိန်း (95) တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၁ ဒေါ်လာဈေးရှိကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုတစ်ပတ်တွင် အာရှဒေသနိုင်ငံများဖြစ်သော ဗီယက်နမ်၊ လာအို၊ ဂျပန်၊ ပါကစ္စတန်၊ နီပေါ၊ တောင်ကိုရီးယားနိုင်ငံတို့တွင် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလန်) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓာတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | မေ ၃ | မေ ၆ | မေ ၇ | မေ ၈ | မေ ၉ | မေ ၃ | မေ ၆ | မေ ၇ | မေ ၈ | မေ ၉ |
| ၁ | မြစ်ကြီးနား | ၄၆၀၈ | ၄၆၀၈ | ၄၆၀၈ | ၄၅၆၃ | ၄၅၆၃ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ | ၄၆၈၉ | ၄၆၈၉ |
| ၂ | လားရှိုး | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ |
| ၃ | ကျိုင်းတုံ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ | ၅၁၇၅ |
| ၄ | တောင်ကြီး | ၄၃၅၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၈၅၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ |
| ၅ | လွိုင်ကော် | ၄၃၀၀ | ၄၃၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၃၀၀ | ၄၉၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၆၀၀ |
| ၆ | ဘားအံ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၈၅ | ၄၂၀၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၄၈ | ၄၇၀၂ |
| ၇ | မော်လမြိုင် | ၄၅၂၂ | ၄၅၂၂ | ၄၅၂၂ | ၄၅၂၂ | ၄၅၂၂ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ | ၄၇၉၂ |
| ၈ | ထားဝယ် | ၄၃၆၅ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၉၀ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ |
| ၉ | မြိတ် | ၄၂၃၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၃၂၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ | ၄၅၉၂ |
| ၁၁ | ပုသိမ် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၂ | စစ်တွေ | ၄၀၄၀ | ၄၀၄၀ | ၄၀၄၀ | ၄၁၆၀ | ၄၁၆၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ | ၄၇၂၀ |
| ၁၃ | ဟားခါး | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ | ၄၆၅၀ |
| ၁၄ | မုံရွာ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၄၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |
| ၁၅ | မန္တလေး | ၄၀၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၅၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၈၄၀ | ၄၈၄၀ | ၄၇၉၅ | ၄၇၉၅ | ၄၇၉၅ |
| ၁၈ | ပြည် | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၇၅၀ |
| ၁၉ | ပဲခူး | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၁၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ | ၄၅၂၀ |
| ၂၀ | ပျဉ်းမနား | ၄၃၃၀ | ၄၃၃၀ | ၄၃၃၀ | ၄၃၃၀ | ၄၃၇၅ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၉၀ |
| ၂၁ | နေပြည်တော် | ၄၃၃၀ | ၄၃၃၀ | ၄၃၃၀ | ၄၃၃၀ | ၄၃၇၅ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၉၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မေ ၃ ရက်မှ ၉ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၃.၅.၂၀၁၉ | ၆.၅.၂၀၁၉ | ၇.၅.၂၀၁၉ | ၈.၅.၂၀၁၉ | ၉.၅.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၀၅၀၀ | ၁၉၆၀၀ | ၁၉၆၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၂ | ဧယာ | ၁၀ | ၂၀၀၀၀ | ၁၉၁၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ |
| ၃ | ဧယာ | ၂၅ | ၁၇၄၀၀ | ၁၇၃၀၀ | ၁၇၂၀၀ | ၁၈၅၀၀ | ၁၈၅၀၀ |
| ၄ | ဧယာ | ၃၅ | ၁၆၉၀၀ | ၁၆၈၀၀ | ၁၆၇၀၀ | ၁၇၃၀၀ | ၁၇၃၀၀ |
| ၅ | ဧည့်မထ | ၅ | ၁၉၂၀၀ | ၁၉၀၀၀ | ၁၈၉၀၀ | ၁၈၉၀၀ | ၁၈၉၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၁၈၇၀၀ | ၁၈၃၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၇၄၀၀ | ၁၇၃၀၀ | ၁၇၂၀၀ | ၁၇၈၀၀ | ၁၇၇၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၆၉၀၀ | ၁၆၈၀၀ | ၁၆၇၀၀ | ၁၇၃၀၀ | ၁၇၃၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၂၀၀ နှင့်ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ် ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအား ထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင် ကြုံတွေ့ရလျက်ရှိသည်။ မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများ မှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ သည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ နည်းပညာ၊ သုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် သက်ဆိုင်ရာဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူများပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကြုံတွေ့လာရသည့် စိန်ခေါ်မှု အခက်အခဲများစွာမှ သင်ခန်းစာယူပြီး စနစ်တကျပူးပေါင်းဖြေရှင်း၍ နိုင်ငံတကာဈေးကွက်ဝယ်လိုအား အဆင့်အတန်းစံသတ်မှတ်ချက်များ စံချိန်စံညွှန်းပြည့်မီရေးတက်ညီလက်ညီ ဆောင်ရွက်နိုင်ရေး ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၇၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် မေလဆန်းအတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၃.၅.၂၀၁၉ | ၆.၅.၂၀၁၉ | ၇.၅.၂၀၁၉ | ၈.၅.၂၀၁၉ | ၉.၅.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၁ | ပုသိမ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၂ | စစ်တွေ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ |
| ၁၄ | မုံရွာ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ |
| ၁၅ | မန္တလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၆ | ပခုက္ကူ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၇ | မကွေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ |
| ၂၀ | ပျဉ်းမနား | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၂၁ | နေပြည်တော် | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၂ | ကလေး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |

Source-DOCA-Domestic

# ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့ . . . .

**မျိုးသူ (ကုန်သွယ်မြှင့်)**




အစိုးရက စွက်ဖက်ပါရစေဟုဆိုလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းကို လွတ်လွတ်လပ်လပ် ကိုယ်ထင်ရာလုပ်ကိုင်လိုသူများက ကြိုက်ကြမည် မထင်ပါ။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များက အစိုးရနှင့် ဆက်ဆံရသောလုပ်ငန်းများတွင် အစိုးရက တတ်နိုင်သမျှ လျှော့စေလိုသည်။ လုံးဝမပတ်သက်လို အစိုးရက ပါဝင်မှုမရှိလျှင် ပိုကောင်းသည်ဟု ယူဆကြသည်များကို မကြာခဏပွတ်တိုက်မိနေပါသည်။ အစိုးရက စွက်ဖက်သည်ဟုဆိုရာတွင် နိုင်ငံနှင့်ချီသော လုပ်ငန်းများတွင် အစိုးရကဏ္ဍက မပါဝင်လျှင် မရသည်များရှိသည်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များ နားလည်ရန် လိုအပ်ပါသည်။ အစိုးရ၏ စည်းမျဉ်းစည်းကမ်းမူဘောင်များသည် စီးပွားရေးလုပ်ငန်းများ အောင်မြင်စေရန် အထောက်အပံ့ပေးနေသည့် လုပ်ငန်းများအဖြစ် နားလည်ပေးရန် လိုပါသည်။

မြန်မာလူမျိုးများသည် စီးပွားရေးကို ကုန်ဖလှယ်စနစ်မျိုးသာ လိုလားသည်ဟု ပြောလိုပါသည်။ ရှော့ပတ္တမြား၊ ရှော့နဂါးဟူသော စနစ်မျိုးကိုသာ ပိုကြိုက်နှစ်သက်ကြသည်ဟု တွေးမိပါသည်။ စာချုပ် စာတမ်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများ စသည့်ဘောင်များ၊ အကန့်အသတ်များကို အချုပ်အနှောင်အဖြစ်ခံစားတတ်ကြပါသည်။ ဖြေလျှော့ပေးစေချင်ကြပါသည်။ ဖြေလျှော့မပေးသည်များ တင်းကျပ်သည်ဟု ယူဆသည်များကို မကြာခဏ တွင်တွင်တောင်းဆိုပြီး လျှော့ချစေတတ်ကြပါသည်။ စီးပွားရေးလုပ်ငန်းများကို အစိုးရမှဆောင်ရွက်ခြင်းအစား ပုဂ္ဂလိကကဏ္ဍကို ဦးဆောင်ပြီး လုပ်ဆောင်စေသည့်အခါ ယခင်က အစိုးရက စီးပွားရေးကို ဦးဆောင်လုပ်ဆောင်စဉ်က ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေများသည် အစိုးရမှ စီးပွားရေးကို မလုပ်သည့်အခါတွင် အဆီအငေါ်မတဲ့ ဖြစ်လာကြပါသည်။ သို့ဖြစ်၍ အစိုးရမှလည်း ပြောင်းလဲဖြေလျှော့မှုများကို ဆက်တိုက်ပြုလုပ်ပေးလာရပါသည်။

## ဖြေလျှော့မှုများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အခြေခံလုပ်ငန်းစဉ်ကြီး (၆)ရပ်ဖြင့် ဆောင်ရွက်နေရာတွင် ကုန်သွယ်မှု ဖြေလျှော့ခြင်းကို ပထမဆုံး အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြီးလျှင် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးတို့ဖြစ်ပါသည်။ အဆိုပါသုံးချက်လုံးသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာလုပ်ကိုင် နိုင်ရေးကို ဦးတည်ပါသည်။ စီးပွားလုပ်ငန်းများ အများစုမှာ ပုဂ္ဂလိကလုပ်ငန်းများဖြစ်ပေါ်လာပြီး ပြည်ပပို့ကုန်များတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များက တင်ပို့မှုများသာ အများစုဖြစ်လာသဖြင့် ယခင် ဥပဒေများ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များ အဆင်ပြေစွာဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်နိုင်စေရန် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကုန်သွယ်ရေးဦးစီးဌာနသည် ယခင်က စီးပွားရေးလုပ်ငန်းများမှ ပြည်ပတင်ပို့လိုသည့်အခါ ပို့ကုန်သွင်းကုန်များအားလုံးကို ထုတ်ကုန်သွင်း ကုန်လိုင်စင်ဖြင့်သာ တင်ပို့ခွင့်ပြုခဲ့ရာမှ ဖြေလျှော့မှု အများအပြား ပြုလုပ်ပေးခဲ့ပြီး ထုတ်ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုသော ကုန်ပစ္စည်းအမျိုးမျိုးကို ခွင့်ပြုလာခဲ့ရာ လိုင်စင်လိုအပ်သော ကုန်စည်များမှာ ထောင်ဂဏန်းအနည်းငယ်သာ ကျန်ရှိသည်ကို တွေ့နိုင်ပါသည်။

စာမျက်နှာ ၂၇ သို့






MK Myanmar Modular Konstruction



Showroom : No.891, Byamaso Rd, (6)Qtr, South Okkalapa, Township, Yangon.
Office : No(793), Thayakhittayar (22) Street, (5)Qtr, South Okkalapa Township.
TeL : 09 - 777737955, 09 - 762833847,
Email : aungtutu1@gmail.com, aungmyatthu.a1@gmail.com
FB Page : www.facebook.com/myanmarmodular/

DMC Diamond Construction Co.,Ltd



- Building Interior & Exterior Decoration Design
- Building Interior & Exterior Decoration
- Building Construction
- Steel Structure
- Plywood furniture processing production

No.A/56, Second Floor, U Wisara Road, Commercial Development Zone, North Dagon Township, Yangon.
Ph : 09 404888888, 09 421000882, 09 421000996
Email : 2008qe@163.com

Be Active & Fresh!

ZAKI
Premium Quality Perfumes
Long Lasting and Lingering
www.zaki-perfumes.com
www.facebook.com/zaki



သင်းပျံ့စွဲလန်း
Zaki အစွမ်း

LLM
Lan Lan Myanmar Co., Ltd.

အရည်အသွေးမြင့် အာမခံ မော်တော်ဆိုင်ကယ်များကို မြန်မာပြည်အနှံ့ မြို့ပြ ရောင်းချပေးနေပါသည်၊ တဆင့် ပြန်လည်ရောင်းချလိုသူများလည်း ဆက်သွယ်နိုင်ပါသည်။




Add : No.(6/B), Ward No.(7), Hlaing Thar Yar Township, Yangon Region, myanmar.
PH : 09785502725, 09695502725.
Email : lanlanmyanmarcompany@gmail.com

# rvdft if jrefm

**နိုင်ဦး(DOCA)**

တစ်လောက နေပြည်တော်မှ ရန်ကုန်သို့ တာဝန်အရ ခရီးသွားဖြစ်သည်။ ကျွန်တော်၏ ခုံဘေးမှလူတစ်ဦးနှင့် ရောက်တတ်ရာရာများပြောဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေးကိစ္စတွေစုံလင်စွာဖြင့် ရှုထောင့်အသီးသီးမှ အမြင်ချင်းဖလှယ်ဖြစ်ခဲ့သည်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ သူကကျွန်တော်တို့နိုင်ငံကို ဆင်းရဲတယ်လို့ လူတော်တော်များများက ပြောကြတယ်တဲ့၊ ကျွန်တော်က နိုင်ငံခြားသားစကားပြန်အဖြစ် အသက်မွေးတော့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားများစွာနဲ့ ဆက်ဆံပြောဆိုရတယ်တဲ့၊ အမြင်ချင်းဖလှယ်ကြတယ်တဲ့၊ အဲဒီမှာ နိုင်ငံခြားသား တစ်ဦးကပြောတယ်တဲ့၊ မင်းတို့နိုင်ငံက မဆင်းရဲပါဘူးတဲ့၊ မင်းတို့နိုင်ငံက လူတိုင်း၊ လူတိုင်းနိုင်ငံခြား ဖြစ်ပစ္စည်းတွေ သုံးစွဲနေနိုင်ကြတာပဲ၊ ငါတို့ဆိုတို့နိုင်ငံကထုတ်လုပ်တဲ့ လူသုံး၊ အိမ်သုံးပစ္စည်းတွေကိုပဲ သုံးစွဲရတာတဲ့၊ နိုင်ငံခြားပစ္စည်းတွေဆို ဈေးကြီးလွန်းလို့မသုံးစွဲနိုင်ပါဘူးတဲ့၊ အဲ့ဒီအခါကျမှ ကျွန်တော်လည်း ဘေးပတ်ဝန်းကျင်ကလူတွေကို လေ့လာမိတယ်၊ နိုင်ငံခြားသားပြောတဲ့အတိုင်းလူကသာ မြန်မာနိုင်ငံသား စားရေး၊ ဝတ်ရေး၊ နေရေး ဆောင်ရွက်တဲ့ပစ္စည်းတွေကတော့ နိုင်ငံခြားဖြစ်ပစ္စည်းတွေ ဖြစ်နေတာကို တအံ့တဩဖြစ်မိတယ်၊ ကျွန်တော်တို့ဟာ ပြည်တွင်းဖြစ်နိုင်ငံခြားသားတွေဖြစ်မှန်းမသိ ဖြစ်နေတာကို သတိထားမိတယ်။ မြန်မာနိုင်ငံသားတွေမြန်မာနိုင်ငံက ထွက်ရှိတဲ့ ပစ္စည်းတွေကို ခုံခုံမင်မင်တန်ဖိုးထားသုံးစွဲရင်၊ နိုင်ငံခြားဖြစ်ပစ္စည်းတွေကို လိုအပ် သည်မှ လွဲ၍ သုံးစွဲမယ်ဆိုရင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မယ်လို့ထင်တယ်ဗျို့လို့ပြောတယ်။

ကျွန်တော်လည်း သူပြောမှစဉ်းစားမိတယ်။ ကျွန်တော်တို့ နိစ္စဓူဝ ဖြတ်သန်းလျက်ရှိသော သာမန်လှုပ်ရှားမှုဖြစ်စဉ်များကို မြင်ယောင်မိသည်။ မနက်အိပ်ရာကနိုးဖို့ နိုင်ငံခြားကလာတဲ့ ဖုန်း၊ နာရီတွေ မှ နှိုးစက်များဖြင့် မထချင်ထချင် အိပ်ရာကထလာကြသည်။ နိုင်ငံခြားကလာသောပစ္စည်းများဖြစ်သည့် အမွေးခဲထည့်ထားသည့် အခန်း ထဲရှိ အပေ့ါ ခွက်၊ အလေးခွက်များသို့သွား၍ အပေ့ါ၊ အလေးစွန့်ကြ သည်။ နိုင်ငံခြားကလာသော ကြည့်မှန်လေးကို တစိမ့်စိမ့်ကြည့်ကာ နိုင်ငံခြားကလာသော သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသစ် ဆေးရည်များကို သုံးသည်။ ညကဝတ်ထားသော နိုင်ငံခြားဖြစ် အင်္ကျီအဝတ်အစားများကို ချွတ်၍ နိုင်ငံခြားကလာသည့် အဝတ် လျှော်စက်ထဲသို့ ထည့်၍ ရေချိုးခန်းအတွင်းရှိ နိုင်ငံခြားမှ ဝယ်ယူရ သော ရေပန်း၊ ရေပေါက်ခေါင်းမှကျလာသည့် ရေကို ခွက်ကလေးဖြင့် ရေချိုးမည်။ နိုင်ငံခြားကလာသော ကိုယ်တိုက်ဆပ်ပြာ၊ ဆပ်ပြာရည် များဖြင့် တစ်ကိုယ်လုံး တိုက်ချွတ်မည်။ ဦးခေါင်းကိုလည်း နိုင်ငံခြားကလာသော ခေါင်းလျှော်ရည်ဖြင့် လျှော်မည်။ ပြီးတော့ နိုင်ငံခြားက ဝယ်ယူထားသော မျက်နှာသုတ်ပဝါဖြင့် တစ်ကိုယ်လုံး ခြောက်သွေ့အောင်သုတ်သင်မည်။ လန်းလန်းဆန်းဆန်း ဖြစ်သွားသည်နှင့် ရုံးတက်ထမင်းချိုင့်ထည့်ရန် နိုင်ငံခြားဖြစ်ပေါင်းအိုးဖြင့် ထမင်းချက်မည်။

နိုင်ငံခြားကဝယ်ယူထားသောဝါယာကြိုးဖြင့် သွယ်တန်းထားသောမိုက်ကရိုဝေ့ဗ့် မီးဖိုဖြင့်ဟင်းချက်မည်။ အရည်သောက်ချက်မည်။ ပြီးတော့ နိုင်ငံခြားကလာသော ချိုင့်လှလှလေးအတွင်းထည့်မည်။ ကြည့်ပျော်ရှုပျော်ဖြစ်ရန် ဆံပင်များကို နိုင်ငံခြားကလာသော ဆီမွှေးတစ်မျိုးမျိုးဖြင့် လိမ်းကာ နိုင်ငံခြားကလာသော ဘီးကလေးဖြင့်ဖီးမည်။ မျက်နှာကိုလည်း နိုင်ငံခြားဖြစ်အလှကုန်ပစ္စည်းတစ်မျိုးမျိုး ဖြင့်လိမ်းခြယ်မည်။ နှုတ်ခမ်း၊ မျက်လုံးများ လှပစေရန်အတွက်လည်း နိုင်ငံခြားကပစ္စည်းများဖြင့် ခြယ်သမည်။ ပြီးရင် နိုင်ငံခြားကမှာယူထားသော ယူနီဖောင်းများကိုဝတ်ဆင်ကာ နိုင်ငံခြား ကဝယ်ယူထားတဲ့ နာရီကြီးက နံနက် ၉ နာရီကို ပြနေသဖြင့် ဖယ်ရီကားကြီးကိုစီးကာ၊ နိုင်ငံခြားကပစ္စည်းတွေနဲ့ဆောက်ထားတဲ့ရုံးခန်းအတွင်းထိုင်ကာ၊ နိုင်ငံခြားကဝယ်ထားတဲ့ ရေခဲသေတ္တာထဲက အေးမြတဲ့ရေကိုသောက်၊ နိုင်ငံခြားကတင်သွင်းထားတဲ့ အဲယားကွန်းမှ အအေး ဓာတ်ကို ခံစား၍၊ နိုင်ငံခြားဖြစ် ကုလားထိုင်တွင် ထိုင်ကာ၊ နိုင်ငံခြားဖြစ်စားပွဲပေါ်မှ နိုင်ငံခြားဖြစ်စက္ကူများပေါ်တွင် နိုင်ငံခြားဖြစ်ကွန်ပျူတာ၊ ပရင်တာများ၊ စကင်နာများ၊ ကော်ပီယာများဖြင့် ထုတ်လုပ်ထားသော စာများကို နိုင်ငံခြားဖြစ် မီးလုံး၊ မီးချောင်းအလင်းရောင်များနှင့် ကြည့်ကာ ရုံးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ပြီးတော့ ညနေ ၅ နာရီခန့်တွင် အချိန်တန်အိမ်ပြန်ကြရသည်။ အိမ်ရောက်တော့ ညနေစာအတွက် ချက်ပြုတ်စားသောက်ကြသည်။ နိုင်ငံခြားဖြစ် ရုပ်ရှင်ဇာတ်လမ်းများ ထုတ်လွှင့်ပေးနေသည့် တီဗွီကိုကြည့်သည်။ နိုင်ငံခြားဖြစ် ညအိပ်အဝတ်အထည်များကို ဝတ်ဆင်ကာ အိပ်ရာဝင်သည်။ ဤသည်မှာ ဝန်ထမ်းတစ်ဦး နေ့စဉ်ဖြတ်သန်းနေကြရသည့် ယေဘုယျအချက်အလက်များဖြစ်သည်။ သားသမီး၊ ဇနီး/ခင်ပွန်း၊ မိဘများရှိသူတွေပို၍ ကျယ်ပြန့်ပေမည်။ နိုင်ငံခြားဖြစ်ဆေးဝါးတွေ၊ နိုင်ငံခြားဖြစ်ပစ္စည်းတွေမည်သို့ သုံးစွဲမှန်းမသိသုံးစွဲနေ၍ မိရိုးဖလာလုပ်ငန်းစဉ်များကဲ့သို့ တွေးထင်လာကြပြီး ပုံမှန်သုံးစွဲနေကြသည်။ တတ်နိုင်သူများကလည်း နိုင်ငံခြားက ထုတ်လုပ်သောကားသစ်ကြီးကို ခြယ်သ၍လိုရာခရီးသွားနိုင်ရန် နိုင်ငံခြားငွေဖြင့် တင်သွင်းထားသော စက်ဆီများကို ထည့်သွင်းကာလိုရာခရီးသို့ သွားနေကြသည်။ ကျွန်တော်တို့နေ့စဉ်ဖြတ်သန်းလျက်ရှိသော ဘဝဖြစ်စဉ်များတွင် နိုင်ငံခြားကလာသောပစ္စည်းများ၏ ဦးဆောင်မှုဖြင့် လှုပ်ရှားနေကြသည်။ ပြည်တွင်းဖြစ်ပစ္စည်းများသည် နေရာမရသလောက်နီးပါးဖြစ်နေသည်။ အနာဂတ်လူငယ်များသည် ပြည်တွင်းဖြစ်ပစ္စည်းများကို သုံးစွဲရမည်မှန်းမသိတော့မှာစိုးရိမ်ရသည်။

မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံနှစ်ခု၏ကြားတွင်ရှိနေသဖြင့် စီးပွားရေးအခွင့်အလမ်းတိုးတက်ရန် ပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။ လက်တွေ့တွင်မူ အဆိုပါအင်အားကြီးနိုင်ငံများ၏ကုန်သွယ်မှုဆိုင်ရာ ခြယ်လှယ်မှုများကို ရင်နှင့်မဆံ့အောင် ခံစားခဲ့ကြရသည်မှာ ယနေ့အထိပင်ဖြစ် သည်။ မြန်မာ့ထွက်ကုန်ပစ္စည်းများကို ဝယ်ယူရာတွင် အဝီစိထိလက်တစ်ဆုံးနှိုက်ကာ အနိမ့်ဆုံးဈေးဖြင့် ဝယ်ယူကြသည်။ သူတို့၏ထုတ်ကုန်များကိုမူ အာကာသအထိ ဈေးနှုန်းမြှင့်ကာရောင်းချကြသည်။ စီးပွားရေးဆိုင်ရာမမျှတမှုများကို ခါးကော့အောင်ခံကြရသည်။ ကုန်သွယ်ရေးဆိုင်ရာ တစ်ဖက်စောင်းနင်းဖြစ်မှုများကို ပြည်သူများအားလုံး ကြုံတွေ့နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်သည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရန်ကြိုးစားခဲ့ကြသည်။ သို့သော်ပို့ကုန်ပစ္စည်းအမည်အနည်းငယ်အပေါ် မှီခိုအားထားလျက်ရှိခြင်း၊ နည်းပညာရရှိမှုနည်းပါး၍ ကုန်ထုတ်စွမ်းအားနိမ့်ကျနေခြင်း၊ ပြည်ပမှ လူသုံး၊ အိမ်သုံးပစ္စည်းများအပေါ် ဈေးကွက်လိုအပ်ချက် အားကောင်းနေခြင်း၊ ပို့ကုန်အဖြစ်ကုန်ကြမ်းများသာ အများဆုံးတင်ပို့နေရခြင်း၊ ကုန်ချောထုတ်လုပ်၍ ဖြန့်ချိရန် အားနည်းခဲ့ခြင်း၊ ပြည်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ ငွေကြေးလဲလှယ်မှုမတည်ငြိမ်ခြင်း၊ ကုန်သွယ်မှုစနစ်များ မမျှတခြင်း၊ သွင်းကုန်ပိုငွေဆက်တိုက်နီးပါးဖြစ်နေခြင်းစသည့် အချက်များကြောင့် တိုးတက်မှုရှိသင့်သလောက် မဖြစ်ခဲ့သည်ကို တွေ့ရှိရသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော လမ်းကြောင်းမှန်ပေါ် ရောက်ရှိရန် ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်။ အရည်အသွေးပြည့်ဝသော ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် ပို့ကုန်ဦးဆောင်သော စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နေသည်။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုပညာပေးရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စများရေရှည် ဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ဆောင်ရွက်နေပါသည်။ မကြာမီမြန်မာနိုင်ငံမှ ထုတ်လုပ်သော အရည် အသွေးမီပစ္စည်းများ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် တွေ့မြင်ကြရမည်ဟု မျှော်လင့်မိပါသည်။

ကျွန်တော်တို့သည် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုမက်မက်မောမော ခုံခုံမင်မင်တန်ဖိုးထားသုံးစွဲချင်ပါသည်။ နိုင်ငံခြားကုန်ပစ္စည်းများကို ခြေရာတိုင်းနိုင်သည့် ခေတ်မီအောင်တီထွင်ဆန်းသစ်ထုတ်လုပ်ထားသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ရရှိချင်ပါသည်။ ယခင်ကဲ့သို့တန်းဝင်သည့်ရွှေဝါဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ နေရှင်နယ်ဓာတ်ခဲ၊ နေရှင်နယ်ရေဒီယိုများကို တမ်းတမိသည်။ နေမကောင်းဖြစ်တိုင်း ဘီပီအိုင်ဆေးဝါးများကို သတိရမိသည်။ သွားကြားထိုးတံအစ၊ အခြားလူသုံး၊ အိမ်သုံးပစ္စည်းမျိုးစုံကိုနိုင်ငံခြားမှ တင်သွင်းနေမှုများကို မလိုလားပါ။ မြန်မာနိုင်ငံသားပီပီ၊ မြန်မာ့ထုတ်ကုန်ပစ္စည်းများကိုသာ သုံးစွဲချင်ပါသည်။ အခုတော့မူ မတတ်သာ၍နိုင်ငံခြားဖြစ်ပစ္စည်း သုံးစွဲနေရခြင်းသည်၊ ဘုန်းတော်ကြီးအားခေါင်းဘီးလှူသလို၊ ယောကျ်ားဖြစ်လျက် စကပ်ဝတ်ဆင်ရသလို မလုံမလဲသိမ်ငယ်သလို ခံစားရပါသည်။

ကျွန်တော်တို့နေ့စဉ်ဖြတ်သန်းနေရသည့် စားရေးကိစ္စ၊ ဝတ်ရေးကိစ္စ၊ နေရေးကိစ္စများနှင့်ပတ်သက်၍ လက်လှမ်းမီသလောက်လေ့လာဖြစ်သည်။ ဆန်၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံတို့နှင့် ပတ်သက်၍ ဖူလုံပိုလျှံမှုရှိသော်လည်း စားသုံးဆီ၊ စက်ဆီ၊ နို့ဆီများကိုမူ နိုင်ငံခြားမှ နှစ်စဉ်မြောက်မြားစွာ တင်သွင်းနေရသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှုများပြားစွာ ရှိသော်လည်း မုန့်မျိုးစုံ လုပ်ငန်းများတွင် နိုင်ငံခြားမှတင်သွင်းသောသကြားမှကောင်းသည်ဖြစ်နေသည်။ ပုဆိုး၊ လုံချည်လုပ်ငန်းများတွင်လည်း နိုင်ငံခြားမှချည်မျိုးစုံကိုတင်သွင်းနေသည်။ တည်ဆောက်ရေးလုပ်ငန်းတွင်လည်း ဘိလပ်မြေ၊ သံမျိုးစုံကို ကြောက်စရာကောင်းလောက်အောင်တင်သွင်းနေသည်။ ဤသို့စားရေး၊ ဝတ်ရေး၊ နေရေးအတွက် လိုအပ်သော ပစ္စည်းများကို ပြည်တွင်း၌စံချိန်မီမထုတ်လုပ်နိုင်ဘူးလားမေးတော့ သိပ်ထုတ်လုပ်နိုင်တာပေ့ါတဲ့။ ဒါပေမဲ့ ဘယ်မှာလည်း အရင်းအနှီး၊ ဘယ်ကနည်းပညာရမှာလဲတဲ့။ ကောင်းရော။ နေရာတကာ အစိုးရကကူညီပေးမှအောင်မြင်အောင်လုပ်မည်ကဲ့သို့ဖြစ်နေပေသည်။ တူရာတူရာလုပ်ငန်းများစုကာ စုပေါင်းဆောင်ရွက်ရန်မေ့နေကြသည်။

သို့သော် ဖြေသာပါသည်။ မြန်မာနိုင်ငံတွင် အခုမှဖြစ်နေခြင်းဖြစ်သော်လည်း လက်ရှိဖွံ့ဖြိုးတိုးတက်သော ဥရောပနိုင်ငံကြီးများတွင်အလားတူကြုံတွေ့နေခဲ့ကြရသည်။ အစိုးရ တွင် ငွေမရှိ၊ သဘာဝအရင်းအမြစ်များကိုလည်းထုတ်ယူသုံးစွဲခဲ့၍ ကုန်ခါနီးချိန်၊ ဘက်ပေါင်းစုံ မှ အခက်အခဲဖြစ်နေချိန်၊ ၁၇၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် အဒမ်စမစ်၏ တိုင်းနိုင်ငံကြီးများ၏ ဓနအင်အားကျမ်းကြီးမှ လေစစ်ဖဲယားဒဿနနှင့် မူဝါဒသည် လွန်စွာကျော်ကြားခဲ့သည်။ ဥရောပနိုင်ငံကြီးတော်တော်များများက နိုင်ငံတော်၏ စီးပွားရေးမူဝါဒအဖြစ် လက်ကိုင်ထား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ လေစစ်ဖဲယား၏ တိုက်ရိုက်အဓိပ္ပာယ်မှာ "သူဟာသူ လွတ်လွတ်လပ်လပ်လုပ်ပါစေ" ဟုဆိုသည်။ လူ့အဖွဲ့အစည်းတွင် ပါဝင်သူများ ဖြစ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဖြန့်ချိ ရောင်းချ သူများ၊ စားသုံးသူများ၊ အလုပ်သမားများ၊ အစိုးရများက ဆောင်ရွက်သည့် စီးပွားရေးရာ ကိစ္စအဝဝတွင် ဈေးကွက်အင်အားစုများက လွတ်လွတ်လပ်လပ်လုပ်ကိုင်ကြစေရန်နှင့် အစိုးရက ဝင်ရောက်စွက်ဖက်မှုမရှိဘဲ လွတ်လွတ်လပ်လပ် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ပါမှ အကောင်းဆုံးသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်ဟု ဆိုထားပါသည်။

လူသားများသည် ပင်ကိုသဘာဝအားဖြင့် အတ္တသမားများဖြစ်ကြသည်။ လောဘရမ္မက်လည်းရှိသည်။ လူသားတိုင်းရှိ အတ္တများ၊ လောဘရမ္မက်များကို ထိန်းချုပ်ကန့်သတ်ထားခြင်းထက် လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု၍ အချိန်တိုအတွင်း တိုးတက်လာနိုင်သည်။ လုပ်ငန်းရှင်အချင်းချင်းတူရာ ပြိုင်ဘက်များကို အလဲထိုးနိုင်ရန် အချိန်ပြည့်ကြိုးစားနေမည်။ မိမိဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများကို ချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချရန်ကြိုးစားမည်။ ဈေးနှုန်းတူပါက အရည်အသွေးကောင်းအောင်ကြိုးစားမည်။ ထိုသို့ ယှဉ်ပြိုင်သဖြင့် စားသုံးသူများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည်။ ဈေးနှုန်းချိုသာစွာဖြင့် အရည်အသွေးကောင်းမွန်စွာ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များကာမိစေရန် ကြိုးစားလာမည်။ သို့မှသာ ကုန်စည်များထုတ်လုပ်၊ မြန်မြန်စားသုံးသူထံပို့၊ အကျိုးအမြတ်များများရလာမည်။ စက်မှုတော်လှန်ရေးကို လုပ်ငန်းရှင်များသာ ထူထောင်သွားကြသည်။

**စာမျက်နှာ ၃၃ သို့**

# ရန်ကုန် မိုးပျံအမြန်လမ်းစီမံကိန်း အပိုင်း(၁) ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်မည်

| မောင်လွင်ပြင် |

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း ဆောင်ရွက်ရန် အစီအစဉ်ရှိ၏။ စီမံကိန်းက ကြီးမားကျယ်ပြန့်သဖြင့် ပထမအဆင့်အနေဖြင့် စီမံကိန်းအပိုင်း (၁) ကို ဦးစွာဆောင်ရွက်မည်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း အကောင်အထည်ဖော်ခြင်းဖြစ်သည်ဟုလည်း သိရ၏။ စီမံကိန်းအပိုင်း(၁) အကြိုလေလံတင်ခြင်း ရှင်းလင်းသည့်အခမ်းအနားကို မေ ၂ ရက်က နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။ အကြိုလေလံတင် အခမ်းအနား Pre-Bid Conference သို့သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ ကော်ပိုရေးရှင်း International Finance Corporation (IFC) မှ တာဝန်ရှိသူများ၊ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီအစုအဖွဲ့များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ တက်ရောက်ကြသည် သိရ၏။ IFC အဖွဲ့အစည်းသည် စီမံကိန်းအကြံပေးအဖွဲ့အစည်း ဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က စီမံကိန်းနှင့်ပတ်သက်ပြီး အဖွင့်အမှာစကားပြောကြားပြီးနောက် စီမံကိန်းအကြံပေးအဖွဲ့အစည်း IFC က စီမံကိန်းအပိုင်း(၁) နှင့်ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။ တက်ရောက်လာသည့် စီမံကိန်းအား စိတ်ဝင်စားကြသော ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီ အဖွဲ့အစည်းများကလည်း စီမံကိန်းနှင့်စပ်လျဉ်းပြီး သိလိုသည်များ မေးမြန်းသည်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း အဓိကရည်ရွယ်ချက်က ရန်ကုန်မြို့တော်၌ နှစ်ကာလရှည်ကြာဖြစ်ပေါ်နေသော ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုပြဿနာကို လျှော့ချနိုင်ရေးအတွက်ဖြစ်သည်။ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ရေးစီမံကိန်းကို အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းကို အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စနစ်ဖြစ်သော PPP (Public, Private, Partnership) စနစ်ဖြင့် ဆောင်ရွက်မည်ဟုလည်း သိရသည်။

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းတစ်ခုလုံး၏ အရှည်သည် ၄၇ ဒသမ ၅ ကီလိုမီတာရှိလိမ့်မည် ခန့်မှန်းထားသည်။ စီမံကိန်းအပိုင်း(၁) Phase -1 သည် ၂၇ ဒသမ ၅ ကီလိုမီတာရှည်မည်။ စီမံကိန်းအပိုင်း(၁) သည် ရန်ကုန်မြို့၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး အရှေ့ဘက်ခြမ်းတွင် လေးလမ်းသွားလမ်းမအဖြစ် ၁၉ ကီလိုမီတာ အရှည်ရှိမည်။ ထို့နောက် အရှေ့နှင့်အနောက် ချိတ်ဆက်ထားသည့် လေးလမ်းသွားလမ်းမရှိမည်။ အရှည် ၆ ကီလိုမီတာရှိမည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်သွယ်ထားသည့် နှစ်လမ်းသွားလမ်းမက အရှည် ၂ ဒသမ ၅ ကီလိုမီတာရှိ မည်။ စုစုပေါင်း ၂၇ ဒသမ ၅ ကီလိုမီတာအရှည် ရှိမည့် စီမံကိန်းအပိုင်း(၁) ပေါ်လာမည်။ စီမံကိန်း အပိုင်း(၁)အတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများကို စိတ်ဝင်စားမှုလျှောက်လွှာများဖိတ်ခေါ်သည်။ စီမံကိန်းအပိုင်း(၁) အတွက် စိတ်ဝင်စားလွှာ (EOI) များကို ယမန်နှစ် ၂၀၁၈ ခုနှစ် နိုဝင်ဘာ လပိုင်းက ဖိတ်ခေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် လျှောက်ထားလာသည့် စိတ်ဝင်စားလွှာများကို စိစစ်ရွေးချယ်သည်။ ဆန်ကာတင် ကုမ္ပဏီ ၁၀ ခုကို ရွေးချယ်ထားကြောင်း ကြေညာခဲ့သည်။ ယင်းကုမ္ပဏီ ၁၀ ခုစာရင်းကို ဗဟုသုတ အလို့ငှာ တင်ပြပါမည်။

ဆန်ခါတင်ရွေးချယ်ခံထားရသည့် ကုမ္ပဏီ ၁၀ ခုမှာ ပြင်သစ်နိုင်ငံ VINCI Highways ကုမ္ပဏီ၊ တောင်ကိုရီးယားနိုင်ငံ Team Korea Construction ကုမ္ပဏီ၊ ဂျပန်နိုင်ငံ JFEE Marubeni Consortium ကုမ္ပဏီ၊ တရုတ်နိုင်ငံ China Communication Construction (CCCC) ကုမ္ပဏီ၊ တရုတ်နိုင်ငံ China Gezhouba Group ကုမ္ပဏီ၊ ထိုင်း၊ ဂျပန်နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းထားသည့် BSSIC Consortium ကုမ္ပဏီ၊ တရုတ်နိုင်ငံ CRIGCDL Consortium ကုမ္ပဏီ၊ တရုတ်နိုင်ငံ Great Genesis Gems ကုမ္ပဏီ၊ ထိုင်းနှင့်တရုတ်နိုင်ငံတို့ပူးပေါင်းထားသည့် Denso-CSCEC Consortium ကုမ္ပဏီနှင့် တရုတ်နိုင်ငံ Power Construction Corporation of China ကုမ္ပဏီတို့ဖြစ်သည်။ ယင်းကုမ္ပဏီများသည် နောက်တစ်ဆင့် တင်ဒါဝင်ပြိုင်ရဦးမည်။ နောက်တစ်ဆင့် ဝင်ပြိုင်လျှင် ယင်းကုမ္ပဏီများ၏ အရည်အချင်း၊ အရည်အသွေး၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် အင်အား၊ စံချိန်မီ တည်ဆောက်နိုင်မည့် စွမ်းအားစသည်တို့ကို စိစစ်မည်။ စိစစ်မည်ဆိုရာတွင် တင်ဒါရွေးချယ်မှု စီမံကိန်းအကြံပေးအဖြစ် ခန့်အပ်ထားသည့် IFC အဖွဲ့အစည်းက စိစစ်ရွေးချယ်ပေးရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလထဲတွင် ကြိုတင်အရည်အချင်းပြည့်မီသည့် ကုမ္ပဏီများအတွက် Request for Proposal (RFP) စီမံကိန်းအဆိုပြုလွှာ တောင်းခံချက်များ ပြုလုပ်ခဲ့သည်။ ဆက်လက်ပြီး ၂၀၁၉ ခုနှစ် မေ ၇ ရက်၊ ၈ ရက်၊ ၉ ရက်တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ IFC အဖွဲ့အစည်းနှင့် အရည်အချင်းပြည့်မီသည့်တင်ဒါယှဉ်ပြိုင်အောင်မြင်ထားသည့် ကုမ္ပဏီ ၁၀ ခုတို့သည် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ကြမည်ဖြစ်သည်။ ဆောင်ရွက်ပြီးသည့်အခါ ဇွန်လထဲတွင် တင်ဒါယှဉ်ပြိုင်အောင်မြင်ထားသူကုမ္ပဏီ ၁၀ ခုတို့က စီမံကိန်းအဆိုပြုလွှာများ (RFP) ကို တင်သွင်းကြရမည်ဖြစ်သည်။ ဇူလိုင်လနှင့်ဩဂုတ်လများတွင် စီမံကိန်းအဆိုပြုလွှာများထဲက ရွေးချယ်ခံရသည့် ကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာသွားမည် သိရသည်။

ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းအပိုင်း(၁) ကို လာမည့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်တည်ဆောက်ရန် ရည်မှန်းထားသည်။ စီမံကိန်းကာလသုံးနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်မည်ဟုလည်း တာဝန်ရှိသူများဆိုသည်။ စီမံကိန်းအပိုင်း(၁) အတွက် ကျပ်ငွေမည်မျှရင်းနှီးမြှုပ်နှံရမည်ကိုတော့ အတိအကျမသိရသေး။ တင်ဒါပထမအဆင့်အောင်မြင်ထားသည့် ကုမ္ပဏီများ စီမံကိန်း အဆိုပြုလွှာများတက်လာတော့မှ ကုန်ကျစရိတ်ကို အကြမ်းဖျင်းသိရမည့်သဘောရှိသည်။ အဆိုပြုလွှာတင်သွင်းကြသည့် ကုမ္ပဏီများကတော့ ကုန်ကျစရိတ်သက်သာပြီး ရေရှည်ခိုင်ခံ့ တည်တံ့ကာ ကြံ့ခိုင်ရေးကောင်းမည့်အစီအစဉ်များ သူ့ထက်ငါကောင်းအောင် တင်သွင်းကြလိမ့်မည်ထင်သည်။ ယင်းအတွက် အမှန်တကယ် စိစစ်လေ့လာသုံးသပ်ရွေးချယ်မည့် IFC အဖွဲ့အစည်းရှိသည်။

ဤနေရာတွင် စာဖတ်သူများ နားလည်မှုလွဲမှားရှုပ်ထွေးသွားနိုင်သည့် စီမံကိန်းတစ်ခုကိုပါ အမြင်ရှင်းအောင် တစ်ပါတည်း တင်ပြမှသင့်မည်ဟု ယူဆသည်။ ရန်ကုန်မြို့တွင် မိုးပျံအမြန်လမ်းစီမံကိန်းနှင့် မိုးပျံရထားလမ်းစီမံကိန်းဆိုပြီး နှစ်မျိုးစီစဉ်ထားသည်။ ယင်းစီမံကိန်းနှစ်မျိုးစလုံး ရန်ကုန်မြို့ယာဉ်ကြောပိတ်ဆို့ကျပ်တည်းနေမှုကို လျှော့ချရေး၊ အများပြည်သူသယ်ယူပို့ဆောင်မှုလျင်မြန်ချောမွေ့ရေးတို့အတွက် ရည်ရွယ်ထားသည်။ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းသည် မြေပြင်မှ အထက်ကို မြှင့်ထားသော ကားလမ်းစီမံကိန်းဖြစ်သည်။ မိုးပျံတံတား ကားလမ်းစီမံကိန်းဟုလည်း မြင်ယောင်ကြည့်နိုင်သည်။ ယင်းစီမံကိန်း အပိုင်း (၁) ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းပြီး တင်ဒါအောင်မြင်သည့် နိုင်ငံခြားကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်မည်ဖြစ်သည်။ တင်ဒါအောင် ကုမ္ပဏီက လမ်းအသုံးပြုခ ကောက်ခံမည်။ ရန်ကုန် မိုးပျံရထားလမ်းစီမံကိန်းဆိုသည်ကတော့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် မိုးပျံရထားလမ်း စီမံကိန်းဖြစ်သည်။ ယင်းရထားလမ်းစီမံကိန်းက ရန်ကုန်မြို့ တောင်နှင့်မြောက်၊ အရှေ့နှင့်အနောက်ကို ဆက်သွယ်ဖောက်လုပ်မည်ဖြစ်သည်။ မြေပြင်တွင်သွားနေသော ရန်ကုန်မြို့ပတ်ရထားလမ်းကြောင်းနှင့်လည်း ချိတ်ဆက်မည် ဖြစ်သည်။ မိုးပျံရထားလမ်းစီမံကိန်းကို ယခု JICA အတိုင်ပင်ခံအဖွဲ့က စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာနေသည်ဟု သိရသည်။

**ကိုးကား။ ။ မေ ၃ ရက်ထုတ်ကြေးမုံသတင်းစာ၊ အင်တာနက်သတင်းများ။**

## Commerce ကာတွန်း



# ကလေးမြို့ပေါ်တွင် ရေပြတ်လပ်နေ၍ သောက်သုံးရေ လှူဒါန်း

ကလေးမြို့သည် ယခင်ကရာသီဥတုမျှတပြီး နွေရာသီမှာ ပူပြင်းမှုနည်းပါး၍ ရေအတွက် အခက်အခဲမရှိခဲ့သော်လည်း ယခုကာလမှာ ရာသီဥတုပြောင်းလဲမှုကြောင့် နွေရာသီမှာ ပူးပြင်းခြောက်သွေ့မှုကို ရင်ဆိုင်နေရပါသည်။ အပူချိန်မြင့်တက်လာမှုကြောင့် ကလေးမြို့ အနောက်ပိုင်း တာဟန်းရပ်ကွက်နှင့် အိုးအိမ်ဝန်ထမ်းအိမ်ရာများတွင် ရေခန်းခြောက်ပြီး ရေပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိကြောင်း ရပ်ကွက်နေပြည်သူများ ပြောပြချက်အရသိရှိရသည်။ ဒေသခံပြည်သူများ ရေပြတ်လပ်မှုကြောင့် သောက်သုံးရေ အခက်အခဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီက ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်များ ပူးပေါင်း၍ သောက်သုံးရေ ဝေငှလှူဒါန်းမှု ပြုလုပ်ခဲ့ကြသည်။

ကလေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ရပ်ကွက်နေပြည်သူများ ရေပြတ်လပ်မှုရှိပြီး အခက်အခဲများရှိလာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မီးသတ် ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး ရေးဦးစီးဌာနများသို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**အဲနီ (ကလေး)**

# စားသုံးသူအခွင့်အရေး ဟောပြောပွဲနှင့် သဘာဝသီးနှံပြပွဲ ကျင်းပ

ကချင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးဌာနနှင့် မိုးကောင်းမြို့နယ် သျှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းတို့ ပူးပေါင်း၍ 'စားသုံးသူအခွင့်အရေး ဟောပြောပွဲနှင့် သဘာဝသီးနှံပြပွဲ အခမ်းအနား'ကို ဧပြီ ၃၀ ရက်တွင် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် မိုးကောင်းမြို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သျှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ စီမံကိန်းတာဝန်ခံ ဒေါ်နန်းကြည်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အထွေထွေအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေသူရိန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်လွင်၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမြင့်တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက် ကျင်းပရာ မေတ္တာဖောင်ဒေးရှင်း လူမှုအဖွဲ့အစည်းမှ ဆရာဦးဒူဂျာက 'သီးနှံများစိုက်ပျိုး ထုတ်လုပ်ရာတွင် လိုက်နာကျင့်သုံးရမည့် အခြေခံ အချက်အလက်များ' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးက ၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်အမိန့်အမှတ် (၉) ဖြင့် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေသစ်အကြောင်း၊ စားသုံးသူအခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ထားရှိမှုနှင့် ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများကို အသေးစိတ် ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့သည်။

စားသုံးသူ ပြခန်းတွင်လည်း စားသုံးသူရေးရာဦးစီးဌာနမှ ခင်းကျင်းပြသခဲ့ပြီး အဆိုပါ အခမ်းအနားကို ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ သျှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ စိုက်ပျိုးတောင်သူများ၊ ထွယ်ဂင်တောင်၊ SWISSAID စသည့် NGO အရပ်ဖက်လူမှုအဖွဲ့အစည်းများ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း လူဦးရေ ၁၅၀ ကျော် တက်ရောက်ခဲ့သည်။

**ခွာညို(မနောမြေ)**

# တောင်ငူမြို့ ကြက်မောက်သီးဈေးကွက်အခြေအနေ

တောင်ငူမြို့သို့ တောင်ပေါ်ဒေသဖြစ်သည့် သံတောင်ကြီး၊ လိပ်သိုနှင့် ဘောဂလိဒေသများမှ ထွက်ရှိသည့် ကြက်မောက်သီးများ ဝင်ရောက်လျက်ရှိရာ အသီးအရွယ်အစားအလိုက် ဈေးနှုန်းမှာ အနည်းငယ် ကွာခြားလျက်ရှိသည်။ ကြက်မောက်သီးအသေး ၁၀ လုံးလျှင် ကျပ် ၁၀၀၀ ၊ အလတ်စ ၁၀ လုံးလျှင် ကျပ် ၁၅၀၀ နှင့် အကြီးစ ၁၀ လုံးလျှင် ကျပ် ၂၀၀၀ အထိ ဈေးရပြီး အရွယ်အစားအလိုက် ဈေးရကြောင်း တောင်ငူမြို့ရှိ သစ်သီးဆိုင်မှ သိရသည်။

**သင်းသင်အေး(တောင်ငူ)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၀) | L | ၁၈၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အေဒီဗင် (၂၀၀၈) | F | ၁၄၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိုဘောက် (၂၀၁၁) | HH | ၂၅၀ သိန်း | စီအန်ဂျီ(၇၈) ၊ ရန်ကုန် |
| ၄။ | အာအေဗီ(၄) (၂၀၀၁) | G | ၂၇၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မတ်(ခ်)အိပ်(စ်) (၂၀၀၅) | D | ၂၅၀ သိန်း | ၂.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆူဇူကီးDV (၂၀၀၇) | N | ၈၀ သိန်း | ၀.၅ ဓာတ်ဆီ၊ နယ် |
| ၇။ | နီဆန်းဗင်နက်တီ(ပစ်ကပ်)(၂၀၀၃) | F | ၁၁၅ သိန်း | ၂.၄ ဒီဇယ်၊ ရန်ကုန် |
| ၈။ | ဝစ် (၂၀၀၄) | F | ၂၃၀ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား(၂၀ နှစ်) | | ၁၂၈ သိန်း | |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီး | ၉၅၀ စ/ပေ | ဟောသီးသန့် | ၉၅၀ သိန်း | ကျောကပ်လမ်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | တာမွေ၊ ကျောက်မြောင်းလမ်းမကြီး(ပ) အတွင်းလမ်း | (၂၀ x ၇၀ ) ပေ | BR (၃) ခန်း၊ ၇ လွှာ | ၄.၈ သိန်း | (၁) လထားခနှုန်း | ၀၁/၆၂၁၁၁ |
| ၃။ | ကွန်ဒို | စမ်းချောင်းမြို့နယ် | ၁၁၀၀ စ/ပေ | MB (1) BR (2) ခန်း | ၁၄၀၀ သိန်း | အဆင့်မြင့်ပြင်ပြီး ဓာတ်လှေကားပါ | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ မြင်သာအတွင်းလမ်း၊ သံသုမာ | (၁၈ x ၅၅ )ပေ | BR (၂) ခန်း | ၆၃၀ သိန်း | လမ်းသန့် | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ လမ်းသွယ် (၆) | မြေ ၆၄၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | RC (၂) ထပ် MB (3) BR (2) ခန်း | ၂၅ သိန်း | (၁) လထားခနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၆။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | မြေ ၄၈၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | MB (3) BR (3) ခန်း | ၅၀ သိန်း | (၁) လထားခနှုန်း | ၀၉/၄၂၂၇၂၈၃၃၉ |
| ၇။ | မြေ | ပြင်ဦးလွင်၊ အနီးစခန်း | (၄၀ x ၆၀)ပေ | မြေ၊ ခြံခတ်ပြီး | ၁၈၀ သိန်း | အုတ်ခတ်၊ မီးပါ | ၀၉/၂၅၃၈၂၈၂၀၂ |
| ၈။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၄၀ x ၆၀)ပေ | မြေ | ၁၅၀ သိန်း | | ၀၉/၂၅၃၈၂၈၂၀၂ |



# ဧပြီလအတွင်း ရော်ဘာတန်ချိန် တစ်သောင်းကျော်တင်ပို့

ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိရော်ဘာတန်ချိန် ၁၉၉၀ ကျော်ကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့ကြောင်း သိရသည်။ ဧပြီလအတွင်းမှာ ကုန်သွယ်ရေး စခန်းများမှ ရော်ဘာတန်ချိန် ၁၉၂၀ ကျော် တင်ပို့ခဲ့ပြီး မတ်လတင်ပို့မှုထက် တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရ သည်။

ပင်လယ်ရေကြောင်းမှ ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ငါးသန်းကျော် တန်ဖိုးရှိရော်ဘာတန်ချိန် ၃၉၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၁၆၃၀ နှင့် MSR-20 အမျိုးအစားတန်ချိန် ၁၇၀ ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား တန်ချိန် ၁၆၈၀ ကျော်နှင့် Natural Rubber ၈၅ တန်၊ ဗီယက်နမ်နိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၂၀၀ နှင့် အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ဧပြီလအတွင်း ပင်လယ်ရေကြောင်းမှ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၈၇၀၀ ကျော်တင်ပို့ခဲ့ရာ နယ်စပ်နှင့် ရေကြောင်းမှ ဧပြီလ၏ ရော်ဘာတင်ပို့မှုစုစုပေါင်းသည် တန်ချိန် တစ်သောင်းကျော်ဖြစ်ကြောင်း သိရသည်။ မတ်လအတွင်း ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၅၀၀၀ ကျော် လျော့ကျခဲ့သော်လည်း ရော်ဘာဈေးမှာ အတက်ဈေးနှင့် ငြိမ်နေကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ပင်းတယမြို့နယ်တွင် အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး နည်းပညာပေး အလုပ်ရုံဆွေးနွေး

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ကျုံးကျေးရွာအုပ်စု၊ ပေါစံသီးကျေးရွာ ဘုန်းတော်ကြီးကျောင်းခန်းမတွင် အော်ဂဲနစ် သီးနှံစိုက်ပျိုးရေးနည်းပညာပေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦးနဲ့အဖွဲ့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပေါစံသီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ အခမ်းအနားပြုလုပ်မည့်ပေါစံသီးကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဆွေးနွေးမည့်သင်တန်းဆရာများအား ချိတ်ဆက်ဆောင်ရွက်မှုများကြိုတင်ပြုလုပ်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းသည် အော်ဂဲနစ်သီးနှံ စိုက်ပျိုးရေးနည်းပညာများကို ဒေသခံတောင်သူများ အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ဈေးနှုန်းပိုမိုရရှိလာစေရန်၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် အရည်အသွေးပြည့်မီသော သီးနှံများ စိုက်ပျိုး ထုတ်လုပ်လာနိုင်စေရန်တို့ အတွက် ဖြစ်သည်။

ဆွေးနွေးပွဲမှာ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် သီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်အစုအဖွဲ့၊ အသင်းအဖွဲ့များ ဖွဲ့စည်းပြီး၊ ကုန်သွယ်မှု မြှင့်တင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ Organic အသင်းက Organic နည်းပညာများ၊ ပင်းတယမြို့ Golden Ground Organic စိုက်ပျိုးသူတောင်သူများကွန်ရက်မှ သီးနှံများ စိုက်ပျိုးထားရှိမှုနှင့် လက်ရှိဈေးကွက်ချိတ်ဆက် ဆောင်ရွက်နေမှုအခြေအနေများ၊ သီဟကုမ္ပဏီမှ Organic ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ Organic သီးနှံများ ဈေးကွက်အလားအလာ၊ ကုန်သွယ်ရေးဦးစီးဌာနမှ သီးနှံများ ပြည်ပတင်ပို့မှုအခြေအနေများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးမှုအနေဖြင့် ရာသီ သီးနှံကဏ္ဍ၊ နှစ်ရှည်သီးနှံကဏ္ဍ၊ ငဖိန်းအင်းလယ်ယာမြေခွဲဝေရေးကဏ္ဍ၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဈေးကွက်ချိတ်ဆက်ရေးနှင့် IT နည်းပညာကဏ္ဍတို့ကိုလည်း ထည့်သွင်းပြုလုပ်ခဲ့သည်။

**စောမောင်(တောင်ကြီး)**

# ပုသိမ်မြို့ တိုင်းစိုက်ပျိုးရေးဦးစီးဌာန၌ မြေဆီလွှာနှင့် မြေဩဇာ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာန၊ မြေဆီလွှာနှင့် မြေဩဇာ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်ပွဲကို မေ ၅ ရက်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စိုက်ပျိုးရေး ဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပညာရှင်ဝန်ထမ်းများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်ကမိမိတို့တိုင်း ဒေသကြီးသည် သဘာဝသယံဇာတပေါများပြီး စိုက်ပျိုးရေးကို အခြေခံလျက် လယ်ယာကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းပြုသော တောင်သူလယ်သမားအများစုနေထိုင်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မြေဆီလွှာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးလုပ်ငန်းများ၊ သီးနှံရောဂါ အန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များအတွက် ယခုလို ခေတ်မီဓာတ်ခွဲခန်းများ ဖွင့်လှစ်၍ စနစ်တကျ ဓာတ်ခွဲစမ်းသပ်နိုင်ခြင်းဖြင့် သီးနှံများ၏ အရည်အသွေးမြင့်မားလာပြီး ဓာတ်ကြွင်း အာနိသင် ကင်းစင်မှု၊ အာဟာရပြည့်ဝသော စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် သာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်မှာဖြစ်သလို ပြည်ပဈေးကွက် ဝေစုပိုမိုရရှိစေရန်နှင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ မြေဆီလွှာနှင့် မြေဩဇာ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဝိုင်းဝန်းကူညီပေးပါသော ပညာရှင်များနှင့် စိုက်ပျိုးရေး ဦးစီးဌာနကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြေဆီလွှာနှင့် မြေဩဇာ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများမှာ အရေးပါသော အခန်းကဏ္ဍတွင်ရှိနေပြီး ယခုဓာတ်ခွဲခန်းများမှ မြေဆီလွှာနှင့် မြေဩဇာကို အခြေခံသော မြေဆီလွှာနှင့်ပတ်သက်၍ ၁၅ မျိုး၊ မြေဩဇာအတွက် ကိုးမျိုး၊ ရေအတွက် ငါးမျိုး၊ စပါးနှင့် ပဲမျိုးစုံသီးနှံမျိုးစေ့များအတွက် ငါးမျိုး စစ်ဆေးပေးနိုင်မည်ဖြစ်ပြီး အခြားခရိုင်များမှာလည်း အလားတူဓာတ်ခွဲခန်းများ ပေါ်ပေါက်လာရေးအတွက် ဆက်လက် ကြိုးစားသွားရန် စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များနှင့် ဝန်ထမ်းများမှ ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။ **ရောမြေ**

# ပြည်တွင်း မှိုခြောက်မှုန့်များ ပြည်ပပို့ရန် ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်း

ပြည်တွင်း စိုက်ပျိုးထွက်ရှိသော မှိုခြောက်မှုန့်များဖြစ်သည့် ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုတို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုနှင့် MOU လက်မှတ် ရေးထိုးရန် စီစဉ်နေကြောင်း သိရှိရသည်။ ဂျပန်ကုမ္ပဏီအနေဖြင့် မှိုခြောက်မှုန့် နမူနာများယူ၍ မလေးရှားသို့ တင်ပို့ထားပြီး အိန္ဒိယ၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ကို လည်း နမူနာများပေးပို့သွားမည်ဟု သိရှိရသည်။

လက်ရှိပြည်တွင်း ဈေးကွက်အတွင်း မှိုတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက်အတွင်းသို့ နေ့စဉ် မှိုပိဿာချိန် ၆၀၀၀ မှ ၇၀၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ မှိုစိုက်ပျိုးရာတွင် လယ်ယာထွက်ပစ္စည်းများ အသုံးပြု၍ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်နည်းပါးခြင်း၊ တစ်ပတ်အတွင်း ငွေပြန်ရခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူ များပြားလာကြောင်း သိရသည်။ ယင်းကဲ့သို့ စိုက်ပျိုးရာတွင် မှိုမျိုးစေ့ထုပ်ကို ဝယ်ယူစိုက်ပျိုးမည် ဆိုပါက တစ်ပတ်အတွင်း မှိုထွက်ရှိ၍ တစ်လခွဲအထိ မှိုထုတ်ယူနိုင်ပြီး မျိုးစေ့ထုပ်ပိုး၍ စိုက်ပျိုးမည်ဆိုပါက စတင်စိုက်ပျိုး ချိန်မှစ၍ တစ်လအတွင်းမှ သုံးလအထိ မှိုထုတ်ယူနိုင်သောကြောင့် တစ်နှစ်လျှင် ငါးကြိမ် ဝန်းကျင်အထိ မှိုစိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း သိရသည်။

အရင်းအနှီးနည်းနည်းဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်သည့် ငွေနှင်းမှို၊ ကြွက်နားရွက်မှိုနှင့် ကောက်ရိုးမှို သုံးမျိုးအနက် ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့သည် နေရာလည်း မယူ စိုက်ပျိုးရာတွင်လည်း ပိုမိုလွယ်ကူပါသည်။ မှိုစိုက်ပျိုးထုတ်လုပ်ခြင်းသည် ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန် တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ် စိုက်ပျိုးရန် အသင့်တော်ဆုံး လုပ်ငန်းဖြစ်သည်။

**ခင်မြနွယ် - MYANTRADE (TIR)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၃-၅-၂၀၁၉ မှ ၁၉-၅-၂၀၁၉ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ကိုင်လိုသည့်လုပ်ငန်းများ၊ များပြားနေသော်လည်း အရင်ဆုံးလုပ်ကိုင်သင့်သောလုပ်ငန်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့်ပွဲရုံလုပ်ငန်းများ အကျိုးပေး အားကောင်းလိမ့်မည်။ ပညာရေးတွင်ဆရာကောင်းများပြသမှုကြောင့် အောင်မြင်မည်။ ချစ်သူတွေ့ရ တတ်သည်။ ကျန်းမာရေးအနေဖြင့် နှာခေါင်းသွေးလျှံခြင်း၊ အကြောအားနည်းခြင်း ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။သံဃာတော်နှင့် သီလရှင်အားလိမ္မော်ရည်ကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** အောင်မြင်သောစီးပွားရေးသမားဖြစ်လာမည်။ နည်းပညာသစ်များသုံးစွဲရလိမ့်မည်။ ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းများအကျိုးပေးကောင်းလာလိမ့်မည်။ ပညာရေးတွင်ဘာသာရပ်ဆိုင်ရာ သင်တန်းများတက်ရောက်ရလိမ့်မည်။ အချစ်ရေးတွင် တာဝန်ကျေပြွန်မှုရှိနေမည်။ ကျန်းမာရေးနှင့်ပတ်သက်သောဗဟုသုတများစွာရရှိနေတတ်ပါသည်။

**ယတြာ။ ။ ဘုရားတွင်အောင်မြေနင်း၍ နဝင်းပုတီးစိပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** မှန်တာပြော၍ဟုတ်တာလုပ်တတ်သောကြောင့် လူတော်တော်များများက လူ့ဂွစာဟုပြောဆိုခြင်းခံရတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရတတ်သည်။ လေလံဆွဲလုပ်ငန်းများ၊ စာရင်းအင်းလုပ်ငန်းများ အောင်မြင်လိမ့်မည်။ ပညာရေးတွင်အောင်မြင်မှုရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးခေါင်းအုံ၊ ခေါင်းမူးခြင်းရှိတတ်သည်။

**ယတြာ။ ။သံဃာ့ဒါနဆေးရုံတွင် ဆေးဝါးလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများကိုအကျိုးတူပူးပေါင်းလုပ်ကိုင်ရတတ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ယာဉ်ကားနှင့်အပိုပစ္စည်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးကံကောင်းမည်။ အချစ်ရေးတွင် ရိုးသားသည့်အတွက်နာမည်ကောင်းရမည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်၊ လေချုပ်သောဝေဒနာများခံစားရတတ်သည်။ **ယတြာ။ ။ဆေးဝါးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးသမားများနှင့်တွဲဖက်လုပ်ကိုင်သောလုပ်ငန်းများမှ မုန့်မျိုးစုံလုပ်ငန်း၊ ပဲအမျိုးမျိုးနှင့်ဆီထွက်သီးနှံများ၊ ဂျုံနှင့်ဂျုံထွက်ပစ္စည်းများ အကျိုးပေးကောင်းနေလိမ့်မည်။ ပညာရေးထူးချွန်မည်။ အချစ်ရေးတွင် အခိုင်အမာဆုံးဖြတ်ရခက်လိမ့်မည်။ ကျန်းမာရေးအနည်းငယ်ချူချာမှုရှိနေမည်။ အထူးသဖြင့် သွေးတိုးဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။မိမိ၏အညွှန့်ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ရသောလုပ်ငန်းများတွင် အခက်အခဲများနှင့်ရင်ဆိုင်ရခြင်းဖြေရှင်းရခြင်းမျိုးရှိနေတတ်သည်။ အထူးသဖြင့် လက်အောက်ငယ်သားများနှင့်ပတ်သက်လိမ့်မည်။ စိတ်ရော၊ကိုယ်ပါပင်ပန်းနွမ်းနယ်မှုများရှိနေတတ်ပါ သည်။ ပညာရေးကြိုးစားနေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကံအသင့်အတင့်ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ထုံကျင်ကိုက်ခဲသောဝေဒနာခံစားနေရတတ်သည်ကိုသတိရှိသင့်ပါသည်။ **ယတြာ။ ။ မန်ကျည်းဖျော်ရည်လှူပါ။**



**စနေသားသမီးများအတွက်** အလုပ်သမားများစွာအုပ်ချုပ်ရသောလုပ်ငန်းမှ အောင်မြင်မှုများရရှိလိမ့်မည်။ အကျိုးပေးအားကောင်းနေမည်။ ဝပ်ရှော့လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ဝင်ငွေရရှိလိမ့်မည်။ ပညာရေးသင့်တင့်မှုရှိမည်။ အချစ်ရေးတွင် တစ်ဖက်သတ်ဖြစ်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အကြောရောဂါ၊ သွေးတိုး၊ လေတို့သတိထားပါ။ ဆီးချို၊ သွေးချိုဂရုစိုက်ပါ။

**ယတြာ။ ။ သာဂူဆန့်နွင်းမကင်းလှူပါ။**

---

# ပြည်တွင်းဈေးကွက် အဝယ်များသောကြောင့် ဒန့်သလွန်အစေ့ အရောင်းသွက်ပြီး ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး၊ ရေနံ့ချောင်းမြို့နယ်မှ ထွက်ရှိသော ဒန့်သလွန်စေ့များ ပြည်တွင်းမှအဝယ်ရှိနေ၍ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရနေကြောင်း သိရသည်။

"ပြီးခဲ့သည့်မတ်လက ဒန့်သလွန်တစ်ပိဿာ ကျပ် ၈၀၀၀ ပဲပေး ဝယ်တယ်။ ဝယ်လိုအားကလည်း တစ်လကိုတစ်ယောက်၊ နှစ်ယောက် ပဲဝယ်တယ်။ ဈေးမရဘူးဖြစ်နေတာ ယခုတစ်ပတ်မှာ အစေ့တစ်ပိဿာ ကျပ် ၁၃၀၀၀ နဲ့ ဝယ်တယ်" ဟု ရွာသစ်ရပ်ကွက်နေ တောင်သူ ကိုလှမြင့်က ပြောသည်။

"ဒန့်သလွန်အတောင့်ကို ကုန်စိမ်းဈေးကွက်က ပွဲစားများထံက ရောင်းပါတယ်။ ဒန့်သလွန်သီးအတောင့် ၁၀၀ ကို ကျပ် ၁၀၀၀၀ ပေးဝယ်တယ်။ ရန်ကုန်ပို့တယ်" ဟု ပွဲစားကိုသန်းလွင်က ပြောသည်။

ဒန့်သလွန်အစေ့ကို တိုင်းရင်းဆေးကုန်ကြမ်းအဖြစ် ပြည်တွင်း၌ အဝယ်ရှိကြောင်းလည်း ၎င်းထံမှ သိရသည်။

**ဆန်းညွန့် (ရေနံ့ချောင်း)**

---

# ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက သက်တမ်းလွန်မုန့်များ ရောင်းချမှုမရှိစေရန် ကွင်းဆင်းဆောင်ရွက်

ပုသိမ်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူးဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးလိုက်ပါ၍ ပုသိမ်မြို့ပေါ်အမှတ်(၄)ရပ်ကွက်ရှိမုန့်မျိုးစုံရောင်းချလျက်ရှိသော စားသောက်ဆိုင်များသို့ မေ ၇ ရက် နံနက်ပိုင်းတွင် သွားရောက်ကာ သက်တမ်းလွန်မုန့်များနှင့်အချိုရည်များ ရောင်းချမှုမရှိစေရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ သွားရောက်ခဲ့ရာတွင် မင်းကြီးလမ်းရှိ Z-mall မုန့်မျိုးစုံဆိုင်၊ မင်္ဂလာလမ်းရှိ ရွှေနန်း မုန့်မျိုးစုံဆိုင်၊ ကုန်သည်လမ်းရှိ ပို့ပွင့်မျိုးစုံရောင်းချသောဆိုင်များတွင် သက်တမ်းလွန်မုန့်များ၊ အချိုရည်များ စားသုံးရန်မသင့်သော စားသောက်ကုန်များရောင်းချမှုမရှိစေရန်နှင့် စားသုံးသူ ကာကွယ်ပေးရေးဥပဒေပါအကြောင်းအရာများ၊ စီးပွားရေး လုပ်ငန်းရှင်များဆောင်ရွက်ရမည့် တာဝန်များကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**စောမိုက်ကယ် (ပုသိမ်)**

---

# ဝမ်းတွင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဝမ်းတွင်းမြို့နယ်၊ ကျွတ်ကန်ကျေးရွာတွင် စားသုံးသူ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၉ ရက်နံနက် ၁၁ နာရီတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဝမ်းတွင်းမြို့နယ် တာဝန်ခံ ဒေါ်ခင်စန်းမြင့်က စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် စားသုံးသူတို့လိုက်နာရမည့်တာဝန်များအကြောင်း အကျယ်တဝင့် ဟောပြော၍ ဓာတုဆိုးဆေးအန္တရာယ်နှင့် ပြည့်ဝဆီ စားသုံးခြင်းဖြင့် ရရှိလာမည့် ဘေးထွက်ဆိုးကျိုးများအကြောင်း၊ စားသောက်ကုန်များ ဝယ်ယူသုံးစွဲရာတွင်လည်း ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲတို့ကို သေချာစွာကြည့်ရှု၍ ဝယ်ယူကြရန်နှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်၊ လိပ်စာများပါရှိသော ကုန်ပစ္စည်းကိုသာ အလေးထား ဝယ်ယူအသုံးပြုရန် ပြောကြားခဲ့ပြီး စားသုံးသူတို့၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုရှိပါက မိတ္ထီလာခရိုင်၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ(CICC)သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ဟောပြောခဲ့သည်။ **သိမ့်သူဇာမောင် (ထီလာ)**

---

# အညာဒေသတွင် ဝက်ဈေးတက်၍ ဝက်မွေးမြူသူများ တွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး ရေနံ့ချောင်းမြို့နယ်တွင် ဝက်ဈေးမြင့်နေခြင်းကြောင့် ဝက်မွေးသူများဈေးကောင်းရနေကြောင်း သိရသည်။

"ဝက်ပေါက်တစ်ကောင် ကျပ် ၄၀၀၀၀ ပေါက်ဈေးရှိပါတယ်။ ဝက်တစ်ကောင် အနိမ့်ဆုံးကျပ် နှစ်သိန်းကနေ သုံးသိန်းခွဲအထိ ရောင်းရပါတယ်။ ယခင်ဖေဖော်ဝါရီလဆန်းမှာ ဝက်တစ်ကောင် ကျပ်တစ်သိန်းခွဲရတယ်။ ယခု ကျပ်နှစ်သိန်းနီးပါးရတယ်"ဟု ရေနံ့ချောင်းမြို့ ရွာသစ်ရပ်ကွက် မရွှေထွေးက ပြောသည်။

ဝက်မွေးမြူရာတွင် ဒေသမျိုးကို သာမွေးမြူကြပြီး ကျင်းတက်ဝက်ပေါက်တစ်ကောင် ကျပ် ၄၀၀၀၀ ဈေးရှိကာ အနည်းဆုံးခြောက်လအရွယ်တွင် ပြန်ရောင်းပါက ကျပ်သုံးသိန်းအထိ ရကြောင်း သိရသည်။

အညာဒေသတွင်တစ်ပိုင်တစ် နိုင်ဝက် မွေးမြူလိုပါက ဝိုင်းကြီးချပ်စနစ်ဖြင့် ကုမ္ပဏီအချို့က ငွေထုတ်ချေးပေးနေကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

**ဆန်းညွန့်(ရေနံ့ချောင်း)**

---

# မြကျောက်နှင့် စိန်တလုံး သရက်သီးမှည့်များ ဈေးကွက်သို့ ပိုမိုဝင်ရောက်

ပြည်ဈေးကွက်သို့ပြည်ဒေသတွင်းမှ ထွက်ရှိသော မြကျောက် သရက်သီးနှင့် စိန်တလုံးသရက်သီးမှည့်များ ဝင်ရောက်လျက်ရှိသည်။

ယခင်နှစ်က မြကျောက်တစ်လုံး ကျပ် ၂၅၀၊ စိန်တလုံး ကျပ် ၃၅၀ ရှိသော်လည်း ယခုနှစ် သရက်သီးမှည့်တစ်လုံးဈေး မြကျောက် ကျပ် ၄၀၀ နှင့် စိန်တလုံး ကျပ် ၅၀၀ အထိ ဈေးနှုန်းအမြင့်နှင့် ပေါ်ဦးပေါ်စ သရက်သီးအမှည့်များမှာ ဈေးကွက်တွင် ရောက်သမျှ အရောင်းအဝယ်ဖြစ်ကြောင်း သစ်သီးဝလံအရောင်းပိုင်ရှင် တစ်ဦးထံမှ သိရသည်။ **နီနီဝင်း**

# ရောင်းချရန် ကျန်ရှိနေသည့် (၄) ကြိမ်မြောက် ၁၀၀၀ တန် အောင်ဘာလေထီများ မေ ၂၈ ရက်အထိ ရောင်းချပေးမည်

လက်ရှိတွင် အောင်ဘာလေထီ ဝယ်ယူခွင့် ရရှိသူအချို့၏ ထီဝယ်ယူရန် ပျက်ကွက်မှုကြောင့် (၄) ကြိမ်မြောက် ၁၀၀၀ တန် အောင်ဘာလေ ထီစာအုပ်များ ရောင်းချရန် ကျန်ရှိနေပြီး ထပ်မံဝယ်ယူလိုသူများအတွက် မေ ၂၈ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနမှ သိရသည်။

အောင်ဘာလေ သိန်းဆုဌာနခွဲသည် ထီလက်မှတ်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ (၄) ကြိမ်မြောက် ၁၀၀၀ တန် အောင်ဘာလေထီစာအုပ်များကို ထပ်မံ ဝယ်ယူလိုပါက လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ ဘဏ်ငွေသွင်းချလန်ဖြင့် ရန်ကုန်မြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲတွင် မေ ၂၈ ရက်အထိ ရုံးဖွင့်ရက်များတွင် လာရောက် ဝယ်ယူနိုင်ကြောင်း သိရသည်။

“ဇွန်လ ၁ ရက်နေ့မှာ ဖွင့်လှစ်မယ့် (၄) ကြိမ်မြောက် ထီဖွင့်ပွဲအတွက် အက္ခရာအလုံးရေ ၄၃ လုံး ရောင်းချပေးမှာ ဖြစ်ပါတယ်။ ထီဝယ်ယူခွင့် ရရှိသူအချို့က ဝယ်ယူမှုပျက်ကွက်တာတွေ ရှိနေတုန်းဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ ထီတွေကို ဝယ်ချင်တဲ့သူတွေ ဝယ်နိုင်အောင် ကြေညာပေးတာပါ” ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက မေလ ၉ ရက်နေ့တွင် ပြောသည်။ အဆိုပါ အောင်ဘာလေထီ ဝယ်ယူခွင့်ရရှိသူများသည် အာမခံငွေ (Deposit) များ ပေးသွင်းပြီး သဘောတူစာချုပ် ချုပ်ဆို၍ ဝယ်ယူလျက်ရှိရာ အချို့သော ဝယ်ယူခွင့် ရရှိသူများမှာ သတ်မှတ်ရက်အတွင်း ဝယ်ယူရန် ပျက်ကွက်မှုရှိခဲ့သဖြင့် သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အာမခံငွေ သိမ်းယူရမည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ပြောသည်။

“အကြိမ်တိုင်းမှာ ပျက်ကွက်မှုတွေ ဖြစ်နေသေးတယ်။ ပျက်ကွက်တဲ့လူအရေအတွက် လျော့ပေမယ့်လည်း သူတို့ရဲ့ အာမခံငွေတွေကို ဘဏ္ဍာသိမ်းရတာတော့ ပုံမှန်ရှိနေတယ်။ အခုလိုသိမ်းတာကတစ်ဆင့် ပြန်ရောင်းစားတဲ့ အဖွဲ့အစည်းတစ်ခု မကုန်မချင်း ရှိနေမှာပဲ။ ထီကိုယ်စားလှယ်တွေအနေနဲ့ ရောင်းအားအခက်အခဲရှိလို့ အမှန်တကယ် မယူနိုင်ရင် သုံးလ ကြိုပြောရမှာ ဖြစ်ပါတယ်။ အရင်မှာယူထားတဲ့ပမာဏအတိုင်း မယူနိုင်လို့ အချိန်မီ အကြောင်းကြားလာမယ်ဆိုရင်လည်း ညှိနှိုင်းပေးလိုက်လို့ရတယ်။ အခုလမှာ ထီဝယ်ယူဖို့မှာထားပြီး ထုတ်ယူဖို့ ပျက်ကွက်တဲ့ ထီကိုယ်စားလှယ်တွေကို နှစ်ဦး နှစ်ဖက်သဘောတူ ချုပ်ဆိုထားတဲ့ ပဋိညာဉ်စာချုပ်အရ အမည်ပျက်စာရင်း တင်သွင်းမယ်။ လစဉ် ထီစာအုပ် ဝယ်ယူခွင့်ကို ပြန်ရုပ်သိမ်းမယ်။ အာမခံ တင်ထားတဲ့ ငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းသွားမယ်”ဟု ၎င်းက ပြောသည်။

လာမည့် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီ ဖွင့်ပွဲအတွက် ထီလက်မှတ်များကို ‘က’အက္ခရာမှ ‘ကည’ အက္ခရာအထိ အက္ခရာ ၄၃ လုံးအား ရောင်းချပေးလျက်ရှိပြီး ထီလက်မှတ်များ ရောင်းရငွေမှ ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်အခွန်အဖြစ် သိမ်းဆည်းကာ ၆၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည်ဖြစ်သောကြောင့် ထီစာအုပ်များ ရောင်းချရန် ကျန်ရှိနေခြင်းသည် ထီဆုငွေများအပေါ် ထိခိုက်မှု မရှိနိုင်ကြောင်း သိရသည်။

**ပန်းဆု**

# ဥရောပနိုင်ငံအချို့အား ဗီဇာကင်းလွတ်ခွင့် ပေးမည်

ဥရောပနိုင်ငံအချို့အား ယခု ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှစတင်ကာ ဗီဇာကင်းလွတ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမောင်က မေ ၆ ရက်တွင် ပြောသည်။

“ကျွန်တော်တို့ အောက်တိုဘာလ ၁ ရက်နေ့မှာ ဥရောပနိုင်ငံ အချို့ကို ဗီဇာကင်းလွတ်ခွင့် ပေးသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ခရီးသွားလုပ်ငန်း တိုးတက်လာနဲ့အမျှ ကမ္ဘာက မြန်မာနိုင်ငံကို ပိုပြီးတော့မှ သိရှိလာမယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကိုလည်း ခရီးသွားလုပ်ငန်းတွေကတစ်ဆင့် ဆွဲဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်” ဟုဝန်ကြီးက ပြောသည်။

လက်ရှိတွင် Look East Policy ကို ချမှတ်ဖော်ဆောင်ခြင်းကြောင့် တရုတ်ခရီးသွားဧည့်သည် အရေအတွက် ၃၇ ရာခိုင်နှုန်းနှင့် ထိုင်းခရီးသွားဧည့်သည် အရေအတွက် ၉ ရာခိုင်နှုန်းအထိ ယခင်နှစ်ကထက် ပိုမို တိုးတက်လာခဲ့၍ ယခုအချိန်သည် မိမိတို့နိုင်ငံအနေဖြင့် Look West Policy ကို ခရီးသွားလုပ်ငန်းအတွက် ပြန်လည်သုံးသပ် ဆောင်ရွက်ရမည့်အချိန်ဖြစ်သည်ဟု ဆိုသည်။ Website မှ တစ်ဆင့် ကြော်ငြာများ၊ လူမှုကွန်ရက်များ၊ သတင်းဆောင်းပါးများ၊ ရုပ်သံခာတ်ပုံများ ထုတ်လွှင့်ဖော်ပြပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကာ ထို့သို့ဆောင်ရွက်ခြင်းဖြင့် အနောက်ဥရောပမှ ခရီးသွားဧည့်သည်များ တိုးတက်လာမည်ဟု ယုံကြည်ပြီး အရေးအကြီးဆုံး ရည်မှန်းချက်မှာ မြန်မာ၏ ကောင်းမွန်သော ပုံရိပ်ကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ကမ္ဘာ့ခရီးသွားပြပွဲများတွင် မိမိတို့နိုင်ငံအကြောင်းကို ပါဝင်ပြသရုံမကဘဲ နိုင်ငံ၏အဓိက ခရီးစဉ်ဒေသများကို လေကြောင်း တိုက်ရိုက်ဆိုက်ရောက်ပျံသန်းနိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ပေးရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေး တို့ကို ဟန်ချက်ညီညီ ဆက်စပ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ပြည်ဝင်ခွင့်ဗီဇာနှင့် ဆိုက်ရောက်ဗီဇာ ကင်းလွတ်ခွင့်ကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က ASEAN+3 နိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ် နိုင်ငံတို့အား ကင်းလွတ်ခွင့် ပြုခဲ့ခြင်းဖြစ်ပြီး တစ်နှစ် စမ်းသပ်ကာလ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များ အတွင်း မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ဧည့်သည် ၁ ဒသမ ၅ သန်းကျော်နှင့် ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၄၈ သန်း ဝင်ရောက်ခဲ့ပြီး ယင်းသို့ ဝင်ရောက်လာသူများအနက် နယ်စပ်မှ ဝင်ရောက်သူများမှာ ၆၀ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း သိရသည်။ နယ်စပ်သုံးနိုင်ငံအနက် တရုတ်မှ ၂၀၁၇ ခုနှစ်တွင် ၄၀ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း ရှိခဲ့ပြီး ထိုင်းနယ်စပ်မှ ၂၀၁၇ ခုနှစ် တွင် ၅၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၆၃ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံတို့နှင့် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုထားရာ အဆိုပါ နိုင်ငံများသို့ ပြည်ဝင်ခွင့်ဗီဇာမပါရှိဘဲ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် အနည်းဆုံး ၁၄ ရက်မှ အများဆုံး ရက်ပေါင်း ၉၀ အထိ နေထိုင်ခွင့်ပြုထားကြောင်း သိရသည်။

**ပန်းဆု**

# ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်ပြု

ရာသီပေါ် သီးနှံများကို ကာလသတ်မှတ်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့် ပြုမည်ဖြစ်ပြီး ယင်းသို့ ခွင့်ပြုပေးရာတွင် ပြည်တွင်း စိုက်ပျိုးထွက်ရှိမှုအပေါ် မူတည်၍ ပြောင်းလဲ သတ်မှတ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရာသီပေါ် သီးနှံများ ပြည်ပမှ တင်သွင်းခြင်းအတွက် သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော သီးနှံများ တင်သွင်းမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး ဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်နှင့်အတူ သွင်းကုန်လိုင်စင် လျှောက်ထားရ မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံက ထွက်ရှိသော သီးနှံများနှင့် ပတ်သက်၍ နယ်စပ်ဒေသများမှ တင်သွင်းခွင့်မပြုသော ပစ္စည်း ၁၅ မျိုးနှင့် ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့် မပြုသော ပစ္စည်း ၁၄ မျိုးတို့ကို ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ထုတ်ပြန်ထားခဲ့သော်လည်း ပြည်တွင်း စားသုံးမှု လိုအပ်ချက်အရဟုဆိုကာ ယခု ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်က အချို့သော ရာသီကာလအတွင်း ပြည်တွင်း၌ ထွက်ရှိမှု မရှိသည့် သီးနှံများကို နယ်စပ်ဒေသများမှ တစ်ဆင့် တင်သွင်းခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက မေ ၈ ရက်တွင် ပြောသည်။

“ဟင်းသီးဟင်းရွက် အစိမ်းကအစ နိုင်ငံခြားက ဝင်တယ်။ ပြီးတော့ တန်ဖိုးမြင့်တွေကျလည်း ဝင်တယ်ဆိုတော့ ပြည်တွင်းက လူတွေလုပ်ကိုင်ဖို့က နည်းနည်းတော့ ခက်လာတဲ့ သဘောပေါ့။ ပြည်တွင်းက ထွက်နေတဲ့ သီးနှံတွေဆိုရင် ရာသီအလိုက် ပေးမသွင်းတဲ့ နည်းလမ်းတွေကတော့ ကောင်းပါတယ်။ တချို့ဟာတွေလည်း တခြားတိုင်းပြည်က သူတို့ဆီကလည်း မထွက်ဘဲနဲ့ သူတို့ဟာပါဆိုတာမျိုးဆိုရင်တော့ ပေးမသွင်းဖို့ လိုတယ်”ဟု ဦးကျော်သူက ပြောသည်။ လက်ရှိတွင် သီးနှံအမျိုးပေါင်း ၂၀ ကို ခွင့်ပြုခဲ့ရာ ပန်းသီး၊ သစ်တော် သီး၊ စပျစ်သီး၊ ချယ်ရီသီး၊ မန်းကျည်းချိုသီး၊ စွန်ပလွံသီးတို့ကို နယ်စပ် စခန်း အားလုံးမှ ရာသီမရွေး တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးကျော်သူက ပြောသည်။

ပျားလိမ္မော်သီးကို မတ်လမှ စက်တင်ဘာလအထိ၊ ဒူးရင်းသီးကို စက်တင်ဘာလမှ ဧပြီလ အထိ၊ တည်သီး၊ သလဲသီးကို ရာသီမရွေး၊ နဂါးမောက်သီးကို ဒီဇင်ဘာလမှ မေလအထိ၊ ဆန်းကစ်သီးကို ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ၊ ခြင်းလိမ္မော်သီး (လိမ္မော်သီး အသေး)ကို တစ်နှစ်ပတ်လုံး၊ လောင်ဂန်သီးနှင့်ရေဂန်သီးများကို တစ်နှစ်ပတ်လုံး၊ မင်းကွတ်သီးကို ဇန်နဝါရီလမှ မတ်လအထိ၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိနှင့် ပိန္နဲသီးကို ဇန်နဝါရီလမှ ဖေဖော်ဝါရီလထိ နယ်စပ်စခန်း အားလုံးမှ တင်သွင်းခွင့်ပြုခဲ့ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ကြက်မောက်သီးကို တာချီလိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ စက်တင်ဘာလမှ မတ်လကုန်အထိ မြဝတီစခန်းမှ လည်းကောင်း၊ မင်းကွတ်သီးကို တာချီလိတ်စခန်းမှ ရာသီမရွေး၊ သံပရိုသီးကို တာချီလိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ ဒီဇင်ဘာ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ကျန်စခန်းများမှ လည်းကောင်း၊ သရက်သီးကို တာချီလိတ်စခန်းမှ တစ်နှစ်ပတ်လုံး၊ အောက်တိုဘာလမှ ဧပြီလအထိ ကျန်စခန်းများမှ လည်းကောင်း အသီးသီး ဖြေလျှော့၍ တင်သွင်း ခွင့်ပြုခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ယင်းသီးနှံများ ပြည်ပမှ တင်သွင်းခြင်းအတွက် သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော သီးနှံများ တင်သွင်းမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၏ တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်နှင့်အတူ သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**



## ပြည်ပဧည့်သည်များကို အဓိက ရည်ရွယ်သည့် Yangon Weekend Market- Pansodan ဈေး စတင်ဖွင့်လှစ်

ပြည်ပဧည့်သည်များကို အဓိက ရည်ရွယ်သည့် Yangon Weekend Market- Pansodan ဈေးကို မေလ ၅ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးတန်းကို ဘဏ်လမ်းနှင့် ပန်ဆိုးတန်းလမ်းထောင့်(အောက်ဘလောက်)တွင် ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ တိုင်းရင်းသား အစားအစာများနှင့် အင်တာနေရှင်နယ် အစားအစာများအပြင် မြန်မာနှင့် တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ လက်ဆောင်ပစ္စည်းများအပြင် Hand Made ပစ္စည်းများကိုပါ ပြသရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာက ပြည်တွင်းကို လာလည်မယ့်သူတွေအတွက် ပိတ်ရက်တွေမှာ အနားယူလည်ပတ်ဖို့အတွက် လမ်းလျှောက်စရာနေရာတစ်ခုအဖြစ် လုပ်ပေးတာပါ။ ရန်ကုန်က စီးပွားရေးအချက်အချာကျသလို ခရီးသွားဧည့်သည်ဝင်ရောက်တဲ့ အဓိကနေရာလည်း ဖြစ်ပါတယ်။ နောက်ပြီး ကိုလိုနီခေတ်ကအဆောက်အအုံတွေ အများအပြားရှိတဲ့နေရာဆိုရင်လည်း မမှားပါဘူး။ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့နှစ်က ဂျပန်၊ ဟောင်ကောင်နဲ့ မကာအိုတို့ကို ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သလို တရုတ်ကိုလည်း ဆိုက်ရောက်ဗီဇာ ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။ အဲဒီအတွက် ခရီးသွားလာမှုကလည်း တိုးတက်လာပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ညဈေးတန်းက နိုင်ငံခြားသားဧည့်သည်တွေကို ဆွဲဆောင်နိုင်သလို ပြည်တွင်းက ညဈေးတန်းကိုလည်း ခရီးသွားဧည့်သည်တွေ ကြိုက်နှစ်သက်မယ် ထင်ပါတယ်။ နောက်ပြီး သူတို့ရဲ့ စိတ်ထဲမှာ လမ်းဘေးက အစားအသောက်ကလည်း သန့်ရှင်းပါတယ်ဆိုတာကို ပြသချင်တယ်။ အဲဒါကြောင့် အစားအသောက်တွေကို သန့်ရှင်းတဲ့ အစားအသောက်ဖြစ်အောင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနကလည်း အခါအားလျော်စွာ ကြီးကြပ်ပေးစေချင်ပါတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးတဲ့အတွက် အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောသည်။

Yangon Weekend Market ၏ ထူးခြားချက်မှာ ဈေးတန်းအတွင်း ပါဝင်ရောင်းချသည့် ဆိုင်ခန်းများအနေဖြင့် ပလပ်စတစ်အသုံးပြုမှုကို လျှော့ချ အသုံးပြုကြကြောင်း၊ ဈေးတန်းအတွင်း ဆိုင်ခန်း ၆၅ ဆိုင်ခန့် ပါဝင် ရောင်းချမည်ဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မနက် ၉ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

## မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေ အရောင်းပြပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

အိမ်ရာဈေးငွေ၊ အထူးလျှော့ဈေး၊ အရစ်ကျစနစ်များပါဝင်သော မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီးကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် မေ ၁၀ ရက်မှ ၁၂ ရက်အထိပြုလုပ်ခဲ့သည်။

ယခုပြပွဲကာလအတွင်း မန္တလေး၊ ရန်ကုန်၊ တောင်ကြီးနှင့် ပုသိမ်မြို့များရှိကျပ်သိန်း ၂၀၀ နှင့် အထက်တိုက်ခန်းများ၊ ကျပ်သိန်း ၅၀၀ ကျော်မှ ကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ကွန်ဒိုတိုက်ခန်းများကို အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးနှုန်းများ၊ ဘဏ်ချေးငွေများဖြင့် ဝယ်ယူရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ တိုက်ခန်းနှင့် ကွန်ဒိုအခန်းပေါင်း ၁၀၀၀၀ ကျော်ကို ပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

"အခုပြပွဲက iMyanmarHouse .com အနေနဲ့ ရန်ကုန်မှာကျင်းပတဲ့ ၁၁ ကြိမ်မြောက် မြန်မာ့အကြီးဆုံးအိမ်ခြံမြေ အရောင်းပြပွဲဖြစ်ပါတယ်။ ပြပွဲသုံးရက်အတွင်း ပါဝင်ရောင်းချတဲ့ ကုမ္ပဏီ ၅၀ ကျော်ရှိပြီး အထူးသက်သာတဲ့နှုန်းထားတွေ၊ အများပြည်သူဝယ်ယူနိုင်မယ့် အရစ်ကျစနစ်တွေနဲ့ ထည့်သွင်းရောင်းချဖို့ စီစဉ်ထားပါတယ်"ဟု iMyanmar House.com ၏မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

ယခုပြပွဲအတွင်း အိမ်ခြံမြေပညာ ရပ်ဆိုင်ရာကျွမ်းကျင်သူများမှ အိမ်ခြံမြေ ဝယ်ယူရောင်းချခြင်းနှင့်စပ်လျဉ်း၍ ဟောပြောပွဲများ၊ ဖုန်း၊တီဗွီ၊ Tablet နှင့် အခြားဆုမဲများပါဝင်သော ကံစမ်းမဲများအပြင် အထူးအစီအစဉ်အဖြစ် Suzuki မော်တော်ကားများ၊ Peugeot မော်တော်ကားများနှင့် Kia မော်တော်ကားများကို အထူးလျှော့ဈေး၊ ဘဏ်ချေးငွေဖြင့် အရစ်ကျရောင်းချပေးခြင်းတို့ ပါဝင်ခဲ့သည်။ **သန်းထိုက်အောင်**

## နိုင်ငံတကာ စီးပွားရေးဥပဒေ မဟာဘွဲ့ မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်

နိုင်ငံတကာ စီးပွားရေးဥပဒေ မဟာဘွဲ့ကို တက်ရောက်သင်ကြားနိုင်မည့် သင်တန်းကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို UBIS (The University of International Studies) နှင့် IILE (Institute of International Law and Economic) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော နိုင်ငံတကာ LL.M စီးပွားရေး ဥပဒေမဟာဘွဲ့ကို သင်ကြားပေးခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်ရှိသော ဥပဒေ အဖွဲ့အစည်း၏ လိုအပ်ချက်များကို ထိထိရောက်ရောက် ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်၍ ဥပဒေသင်ရိုးကို ရေးဆွဲထားခြင်း ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ပညာရေးအစဉ်အလာဖြစ်တဲ့ နှုတ်တိုက် အလွတ်ကျက်မှတ်ခြင်းက ကျောင်းသားတွေကို အမှုသည်ရဲ့ သမားရိုးကျပတ်ဝန်းကျင်မဟုတ်တဲ့ ဥပဒေဆိုင်ရာ ပြဿနာတွေဖြေရှင်း ဖို့၊ တုံ့ပြန်နိုင်စွမ်းရှိဖို့ မပြင်ဆင်နိုင်သလို အစိုးရအရာရှိတွေ အတွက် ဥပဒေအသစ်နဲ့ စည်းမျဉ်းစည်းကမ်းအသစ်တွေ အပေါ် ဆောင်ရွက်ဖို့ မလုပ်ဆောင်နိုင်ပါဘူး"ဟု IILE Myanmar ၏ ဌာနမှူး Alexander Pulte က ပြောသည်။

နိုင်ငံတကာ စီးပွားရေးဥပဒေ မဟာဘွဲ့သည် ပြည်တွင်းရှိစီးပွားရေးနှင့် ဥပဒေနယ်ပယ်တို့တွင် လျင်မြန်စွာ ပြောင်းလဲနေသော စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရမည့်



အချက်များအဖြစ် ပြည်တွင်းဥပဒေပညာရှင်တို့ကို အဆင့်မြင့် နိုင်ငံတကာပညာရပ်တစ်ခုဖြစ်ပြီး သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာမှ ထိပ်တန်းအတွေ့အကြုံရှိသောသူများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း၏ သင်ရိုးတစ်ခုကို တစ်လကြာမြင့်မည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပို့ချ သွားမည်ဖြစ်ကြောင်း၊ ကျောင်းစရိတ် မတတ်နိုင်သော ကျောင်းသား/သူများ အတွက်ကိုလည်း အထောက်အပံ့နှင့် ပညာသင်ဆုများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကိုမေလဆန်းတွင် ဖွင့်လှစ်ခဲ့ပြီး အသေးစိတ်သိရှိလိုသူများအနေဖြင့် http://myanmar.iile.asia နှင့် http://facebook.com/institute. myanmar တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ချောစု**

## ပလက်တီနမ်စတားအဆင့် တယ်လီနောအသုံးပြုသူများ CB-Telenor Co-branded Visa Credit Card လျှောက်ထားနိုင်




မြန်မာနိုင်ငံအတွင်း ငွေရေးကြေးရေးဝန်ဆောင်မှုများ အသုံးပြုမှုပိုမိုမြင့်မားလာစေရန်နှင့်တယ်လီနော၏ ပလက်တီနမ်စတားအဆင့်ရ အသုံးပြုများအတွက် တယ်လီနောမြန်မာ၊ CB ဘဏ်နှင့် Visa တို့ပူးပေါင်း၍ CB-Telenor Co-branded Visa Credit Card များအား မိတ်ဆက်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Lotte Hotel တွင် မေ ၈ ရက်က ပြုလုပ်ခဲ့သည်။

"အခုလို CB ဘဏ်နဲ့ ပူးပေါင်းပြီး Co-branded အကြွေးဝယ်ကတ်တွေကို တယ်လီနောစတားအဆင့်ရ အသုံးပြုသူများအတွက် စတင်မိတ်ဆက်ခဲ့ခြင်းက တယ်လီနောအသုံးပြုသူတွေကို အရေးအပါဆုံးအရာတွေနဲ့ ချိတ်ဆက်ပေးခြင်းအားဖြင့် လူ့အဖွဲ့အစည်းကို မြှင့်တင်သွားဖို့ ရည်ရွယ်ထားပြီး ဒီရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ တယ်လီနောသုံးစွဲသူတွေရဲ့ နေ့စဉ် လုပ်ငန်းဆောင်တာတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပြောင်းလဲအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ကလည်း အဓိကဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုကို စတင်မိတ်ဆက်နိုင်ခဲ့တာကလည်း မြန်မာနိုင်ငံမှာ ငွေသားမဲ့ ငွေပေးချေမှုစနစ်တစ်ခု ပေါ်ပေါက်လာစေဖို့အတွက် တွန်းအားတစ်ရပ်ဖြစ်လာစေမယ်လို့ ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Sharad Mehrotra က ပြောသည်။

ယခုပူးပေါင်းဆောင်ရွက်မှုအရ အကျိုးဝင်သော တယ်လီနော၏ပလက်တီနမ်စတားအဆင့်ရအသုံးပြုသူများသည် ထပ်ဆောင်းအထူးအကျိုးခံစားခွင့်အဖြစ် CB-Telenor Co-branded Visa Credit Card အား လျှောက်ထားရာတွင် ပထမငါးနှစ်အတွက် နှစ်စဉ်ကြေးအခမဲ့အပြင် ကတ်ထုတ်ပေးခအပေါ်တွင်လည်း ၅၀ ရာခိုင်နှုန်း လျှော့ဈေး ခံစားခွင့်များရရှိမည်ဖြစ်ကြောင်း၊ CB-Telenor Co-branded Visa Credit Card များအား Visa မှ ထုတ်လုပ်ပေးထားသည့်အတွက် အသုံးပြုသူများသည် ကမ္ဘာတစ်ဝန်းရှိ ဈေးဝယ်နေရာ ၅၃ သန်းကျော်တွင် အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

တယ်လီနော ဝန်ဆောင်မှုများအား ပုံမှန်အသုံးပြုသူများသည် သတ်မှတ်ငွေဖြည့်ပမာဏနှင့် အသုံးပြုမှုကာလအပေါ် မူတည်၍ စတားအဆင့်ရ အသုံးပြုသူများအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပြီး တယ်လီ နောစတားအဆင့်ရ သုံးစွဲသူ တစ်ဦးချင်းအား တယ်လီနောဆင်းကတ်သုံးစွဲခဲ့သည့် သက်တမ်းကာလနှင့် လွန်ခဲ့သည့်သုံးလအတွင်း ပျမ်းမျှသုံးစွဲခဲ့သည့်ပမာဏတို့အပေါ် မူတည်ကာ Silver အဆင့်၊ Gold အဆင့်နှင့် Platinum အဆင့် သတ်မှတ်ခြင်း ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

စာမျက်နှာ (၁၈) ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ . . . မှအဆက်

ထို့ပြင် လိုင်စင်ရယူခြင်းကိုလည်း ယခင်က နေပြည်တော် ရုံးချုပ်တွင်သာ ခွင့်ပြုပေးရာမှ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် နယ်စပ် ကုန်သွယ်ရေးစခန်းများတွင်ပါ လိုင်စင် လိုအပ်လျှင် လျှောက်ထားနိုင်သည့် အခြေအနေရောက်ရှိလာပါသည်။ ယင်းအပြင် အွန်လိုင်းမှလည်း လိုင်စင်လျှောက်ထားနိုင်သည့် အဆင့်သို့ရောက်ရှိလာပါသည်။ တင်ပို့တင်သွင်းခြင်းများကို ယခင်က လာရောက် မေးမြန်းစုံစမ်းကြရသော်လည်း၊ ယခုအခါ ဝန်ကြီးဌာနမှ လွှင့်တင်ထားသော Website များမှ သိရှိနိုင်ခြင်း၊ ဖုန်းဖြင့် မေးမြန်းနိုင်သည့် Call Centre များကိုပါ ဖွင့်လှစ်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ရ မြန်ဆန်သွက်လက်ရန် နည်းမျိုးစုံစဉ်းစားအဖြေ ရှာ၍ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကုန်သွယ်မှုများ ပိုမိုကောင်းမွန်ရေး၊ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင် များဈေးကွက်ရှာဖွေရာတွင်လည်း ပိုမိုကောင်းမွန်လာစေရန်နှင့် လွယ်ကူမှုရှိစေရန်အတွက် ကုန်သွယ်မှု မြှင့်တင်ရေးဌာနကိုပါမြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့အဖြစ် ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**Ease of Doing Business**

ကမ္ဘာ့ဘဏ်မှာ methodology များဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်းများစွာ (ယခုအခါ နိုင်ငံပေါင်း ၁၉၀) ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံများတွင် ပြည်တွင်းပြည်ပ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူချောမွေ့သည့် အခြေအနေ မည်မျှရှိသည့် တိုင်းတာသုံးသပ်ချက်ကို နှစ်စဉ် တိုင်းတာလေ့လာ သုံးသပ်ပြီး တစ်နိုင်ငံခြင်းအတွက် ရမှတ်များသတ်မှတ်ပေးကာ၊ အဆင့်များ ထုတ်ပြန်ပေးခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းငယ်များ လုပ်ကိုင်ရလွယ်ကူမှု အခြေအနေ အဆင့်အတန်းကို ကမ္ဘာ့ဘဏ်မှ Ease of Doing Business တွင် အဆင့်များ သတ်မှတ်ထုတ်ပြန်ပေးထားပါသည်။ အဆိုပါ အဆင့်သတ်မှတ်ချက်တွင် ကျောင်းများမှ အဆင့်သတ်မှတ်ချက်ကဲ့သို့ပင် စာမေးပွဲဖြေဆိုသူများအားလုံး၏ ရမှတ်များကိုသတ်မှတ်ထားသည့် methodology ဖြင့် မေးမြန်းထားသည့် မေးခွန်းမှ အဖြေများကို လိုက်ပြီး ရမှတ်များပေးပါသည်။ စာမေးပွဲကို မေးခွန်းပေးစစ်ခြင်းပုံစံ ဖြစ်ပါသည်။ ရမှတ်များကို လိုက်၍ အဆင့်များ သတ်မှတ်ပါသည်။ အဆင့်တစ်သည် စီးပွားရေးလုပ်ငန်းရှင်များ လုပ်ကိုင်ရ လွယ်ကူမှု အကောင်းဆုံးဟု သတ်မှတ်ပေးပြီး ယှဉ်ပြိုင်သည့်နိုင်ငံပေါင်း ၁၉၀ တွင် ရမှတ် အနည်းဆုံးရသည့်နိုင်ငံမှာ စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု အနည်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။ ဤအမှတ်များပေး၍ စစ်ဆေးတိုင်းတာရာတွင် ကမ္ဘာ့နိုင်ငံများ အများအပြားပါဝင်လာသဖြင့် ဒေသကို လိုက်၍ စိစစ်မှုပုံစံတွင် ဒေသအလိုက်အုပ်စု ခွဲပေးခြင်း၊ လူဦးရေ အနည်းအများကို လိုက်၍ စစ်ဆေးတိုင်းတာသည့် မြို့အရေအတွက်ကိုတစ်ခု၊ သို့မဟုတ် နှစ်ခုသတ်မှတ်ပေးခြင်းတို့ ပြုလုပ်ပေးပါသည်။

ဆိုလိုသည်မှာ နိုင်ငံ၏ လူဦးရေသည် သန်း တစ်ရာအောက်ဖြစ်လျှင် စီးပွားရေး မြို့ကြီး တစ်မြို့ကိုသာ စစ်ဆေးပေးပြီး၊ သန်းတစ်ရာအထက်ဖြစ်လျှင် မြို့ကြီးနှစ်မြို့ကို စစ်ဆေးပေးပါသည်။ မြန်မာနိုင်ငံသည် လူဦးရေ သန်းတစ်ရာအောက်ဖြစ်သဖြင့် စီးပွားရေး ဆိပ်ကမ်းမြို့တော် ဖြစ်သော ရန်ကုန်မြို့ကိုသာ စစ်ဆေးတိုင်းတာပြီး တရုတ်နိုင်ငံသည် လူဦးရေ သန်းတစ်ရာကျော်သဖြင့် ဘေဂျင်းမြို့နှင့် ရှန်ဟိုင်းမြို့ကြီး နှစ်မြို့ကို စစ်ဆေးတိုင်းတာပါသည်။ နိုင်ငံတစ်ခုလုံးကို ခြုံပြီး ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စံပြနေရာတစ်နေရာ သို့မဟုတ် နှစ်နေရာကိုသာ တိုင်းတာခြင်း ဖြစ်ပါသည်။ အဆိုပါနေရာများသည်လည်း နိုင်ငံ၏ စီးပွားရေး အချက်အချာ ဖြစ်ရပါသည်။ အမှတ်ပေးစည်းမျဉ်းများဖြင့် နှစ်စဉ်တိုင်းတာရာတွင် အခြေခံ အကျဆုံးအမှတ်ပေး စည်းမျဉ်း မှာ စီးပွားရေးလုပ်ငန်းများအတွက် အစိုးရဌာနများက ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများကို ကြန့်ကြာသည့်အချိန်၊ ကုန်ကျသည့် စရိတ်နှင့် လုပ်ငန်းအဆင့်များကို မည်မျှလျှော့ချ ဆောင်ရွက်ပေးသနည်းဆိုသည်ကို နိုင်ငံရှိဒေသခံ စီးပွားရေးလုပ်ငန်းငယ် တစ်ခုအား နမူနာပြ ပုံစံထားကာ မေးခွန်းများကို အဆိုပါ နိုင်ငံရှိ လုပ်ငန်းရှင်များသို့ တိုက်ရိုက်မေးမြန်း ဖြေဆိုခိုင်းခြင်း ဖြစ်ပါသည်။ အလွန် စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ နိုင်ငံ၏ စီးပွားရေးနှင့် ဆက်စပ်သော အစိုးရဌာနများအနေဖြင့် လုပ်ငန်းရှင်များအတွက် မည်သို့ ဆောင်ရွက်ပေးနေသည်။ မည်သို့လုပ်ငန်းများ အဆင်ပြေအောင် ဆောင် ရွက်ပေးနေသည်ကိုမြင်နိုင်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု သိုလှောင်ရုံတစ်လုံးဆောက်လုပ်သည့်အခါ မြို့တော်စည်ပင်သာယာတွင် ဆောက်လုပ်ရေးအတွက် မည်သို့ လုပ်ငန်းလုပ်ခွင့်လျှောက်ရသည်၊ မည်သည့်အချက်များလိုသည်၊ မလိုသည်တို့ကို ရန်ကုန်စည်ပင်ကို မမေးဘဲ စီးပွားရေးလုပ်ငန်းရှင်များကို တိုက်ရိုက်မေးပြီး အဆင့်များ တွက်ကြည့်ခြင်း၊ ကြန့်ကြာချိန်တွက်ခြင်း၊ ကုန်ကျစရိတ်တွက်ခြင်းတို့ကို ဖြေဆိုသူများထံမှ အဖြေများပေါ် အခြေခံပြီး အမှတ်များပေးခြင်း ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများအတွက် ဖြေလျှော့ပေးမှုများကို ဒုတိယသမ္မတ (၁)ကိုယ်တိုင် ဦးဆောင်ပြီး Ease of Doing Business လုပ်ငန်းများ၊ ပြုပြင်ပြောင်း လဲမှု Reform များ၊ Action Plan များကို စဉ်ဆက်မပြတ် ဆောင်ရွက်ကာ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များ သက်သာချောင်ချိရေး၊ လုပ်ကိုင်ရလွယ်ကူရေးအတွက် ဆောင်ရွက်ပေးနေပါသည်။ လျှော့ပေးမှုများကို စဉ်ဆက်မပြတ်ပြုလုပ်ခြင်းဖြင့် ပို့ကုန်များလည်း တိုးတက်လာပါသည်။ ပို့ကုန်နှင့် ကုန်သွယ်မှု တိုးတက်လာသည်နှင့်အမျှ ပို့သမျှကုန်ပစ္စည်းအားလုံးသည် ဝယ်သူဘက်မှ ကြိုက်နှစ်သက်သည့် အရည်အသွေးရှိရန်၊ ဝယ်သူနိုင်ငံဘက်မှ သတ်မှတ်ထားသည့် သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်၊ ဗဟုသုတရှိထားရန် လိုအပ်သည်ကို တွေ့လာကြရပါသည်။ ယခင်ကမကြုံခဲ့ဖူးသော ပြဿနာများ၊ အခက်အခဲများကိုလည်း တွေ့ရှိလာရပါသည်။ အရည်အသွေးပိုင်း တွင် အခက်အခဲဖြစ်ပေါ်မှုနည်းပါးသော နယ်စပ်ကုန်သွယ်မှုတွင်ပင် အရည်အသွေးဆိုင်ရာ အခက်အခဲများ၊ အကန့်အသတ်များကို တွေ့လာရသည်ဟု သိရပါသည်။



## အစိုးရက ပါဝင်ပတ်သက်ခြင်း သို့မဟုတ် စွက်ဖက်ခြင်း

ထိုသို့တင်ပို့ရာတွင် အရည်အသွေးဆိုင်ရာ အခက်အခဲများ၊ အကန့်အသတ်များ၊ လိုအပ်ချက်များ ဖြစ်ပေါ်လာခြင်းများကို မကြာခဏကြုံတွေ့လာရသည့်အခါ ၊ စီးပွားရေးလုပ်ငန်းများတွင် လုံးဝလွတ်လွတ်လပ်လပ် ဆောင်ရွက်ခြင်းသည် အကန့်အသတ်ရှိပြီး အစိုးရ၏ ပါဝင်ပတ်သက်မှုများ သို့မဟုတ် အစိုးရမှ စွက်ဖက်ခြင်းများကို ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် စီးပွားရေးကဏ္ဍ၌ မဖြစ်မနေ လိုအပ်လျက်ရှိသည်ကို သိမြင်လာရပါသည်။ ဥပမာ-ပဲမျိုးစုံ ပြည်ပ တင်ပို့မှုကို လွတ်လပ်စွာ တင်ပို့မှုအား နှစ်ပေါင်းများစွာ လွတ်လပ်စွာ ဆောင်ရွက်ခဲ့ပါသည်။ အစိုးရမှ ဝင်ရောက်စွက်ဖက်မှု တစ်စုံတစ်ရာ မလုပ်ခဲ့ဘဲ ဖြေလျှော့မှုကို အပြည့်အဝ ပေးထားခဲ့သည်ဟု ဆိုနိုင်ပါသည်။ မကြာမီကာလ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံဘက်မှ တင်သွင်းနေသော ပဲများကို ကိုတာစနစ်ဖြင့် ကန့်သတ်ခဲ့သည့်အခါ တင်ပို့သူများအပြင် တောင်သူများအထိပါ အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ အိန္ဒိယ ကုန်သည်များဘက်မှ အသာစီးရယူကာ ကုန်သွယ်မှုကို တစ်ဖက်သတ် ဆောင်ရွက်နိုင်သည်ကို တွေ့ရပါသည်။ ထိုကိစ္စသည် အိန္ဒိယအစိုးရမှ ပါဝင်ပတ်သက်မှုကြောင့် အိန္ဒိယ ကုန်သည်များနှင့် တောင်သူများ အကျိုးကျေးဇူးရှိစေခြင်းဖြစ်ပါသည်။ အိန္ဒိယအစိုးရသည် ယခင်ကတည်းကပင် တောင်သူများအတွက် Minimum Supporting Price (MSP) ကို ဆောင်ရွက်ပေးခြင်း၊ ပဲနှင့်ပတ်သက်ပြီး ပဲတင်သွင်းတင်ပို့ခြင်းများကို ဆောင်ရွက်သည့် အစိုးရ တစ်စိတ်တစ်ပိုင်း အရင်းအနှီးပါဝင်သည့် Semi Government Agency များ ထူထောင်ထားပြီး ကုန်ဈေးနှုန်းထိန်းသိမ်းရန် စီစဉ်ထားခြင်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်ပါသည်။

တရုတ်နိုင်ငံတွင်လည်း ဆန်စပါး၊ ပြောင်းနှင့် သကြားတို့ကို အရေးကြီးစားသောက်ကုန်အဖြစ် သတ်မှတ်ထားပြီး တောင်သူများအား Subsidies ဟူသော အထောက်အပံ့ပေးကာ တွက်ခြေကိုက်အောင် ဆောင်ရွက်ပေးခြင်း၊ အဆိုပါ သီးနှံများကို ပြန်လည်ဝယ်ယူပေးခြင်း၊ ပြည်ပမှ တင်သွင်းမှုများကို အခွန်အတုတ်စသော criteria ဟူသော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးပုံစံမျိုးထားကာ ပြည်တွင်းရှိစိုက်ပျိုးသူတောင်သူများနှင့် ကုန်သည်များ အခက်အခဲမဖြစ်စေရေးကို ထိန်းသိမ်းပေးထားပါသည်။ ပြည်ပမှ ဝယ်ယူရာတွင်လည်း အကန့်အသတ်များဖြစ်စေရန်အတွက် ကိုတာစနစ်သတ်မှတ် ပေးထားသည်ကိုတွေ့နိုင်ပါသည်။ သို့ဖြစ်၍ လွတ်လပ်စွာ ကုန်သွယ်ရာမှ ကိုတာစနစ်များနှင့် ရင်ဆိုင်လာရသည့် အခါ အစိုးရချင်း စီးပွားရေးညှိနှိုင်းမှုများလိုအပ်လာပြီး အစိုးရကဏ္ဍက မဖြစ်မနေ ပါဝင်လာရပြန်ပါသည်။ G to G or Government to Government အဖြစ် အစိုးရချင်း ညှိနှိုင်းပေးရသည့် အခြေအနေများကို လုပ်ပေးလာရပါသည်။ အစိုးရချင်း ညှိနှိုင်းသည့်အခါ အစိုးရက ဖွဲ့စည်းပေးထားသော အစိုးရ၏ အရင်းအနှီးပါသော အစိုးရ အေဂျင်စီများ၊ ကော်ပိုရေးရှင်းကြီးများ လိုအပ်လာပါသည်။

## ဒုတိယတံတိုင်း

နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းများတွင် အကောက်ခွန် ကို နိုင်ငံအတွင်းမှဖြစ်စေ၊ နိုင်ငံအတွင်းသို့ဖြစ်စေ၊ ကုန်ပစ္စည်းများ ဝင်ထွက်ရာတွင် လွယ်လွယ်ကူကူမဝင်စေရန်၊ တစ်နည်း ပြောမည်ဆိုလျှင် ကုန်ပစ္စည်းများတွင် ပါဝင်လာနိုင်သည့် အရည်အသွေးနိမ့်မှု၊ ရောဂါပိုးမွှားများ၊ အပင်နှင့် တိရစ္ဆာန်ရောဂါများ၊ ဓာတုဆေးကြွင်းများ တို့ကို ကာကွယ်ရန် အကောက်ခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းသိမ်းထားတတ်ကြပါသည်။ ထို့ပြင် အကောက် ခွန်နှုန်းထားများဖြင့်လည်း ထိန်းသိမ်းထားခဲ့ကြသည်။ နိုင်ငံတကာ ကုန်သွယ်မှုတွင် Free and Fair Trade အဖြစ် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာကြသည့်အခါ အကောက်ခွန်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ကောက်ခံမှု မရှိသည်အထိ ဖြေလျှော့မှုများကို ပြုလုပ်လာကြပါသည်။ ထိုသို့ Free Trade Area များကို အများအပြား တည်ထောင်ပြီး ကုန်သွယ်မှုပြုလာသည့်အခါတွင် မိမိနိုင်ငံမှ အမျိုးအစားတူ ထုတ်ကုန်များကို ကာကွယ်ရန်၊ ကုန်ထုတ်လုပ်သူများကို ကာကွယ်ရန် အစိုးရများတွင် တာဝန်ရှိလာပါသည်။ အဆိုပါ ကိစ္စမျိုးကို ထိန်းသိမ်းနိုင်ရန် ပထမတံတိုင်းဖြစ်သော အကောက်ခွန်ကို ငွေကြေးတန်ဖိုးသင့် မထားတော့ဘဲ လုံးဝ ဖွင့်ပေးလိုက်သည့်အခါ၊ နိုင်ငံတကာ လွတ်လပ်စွာနှင့် မျှတစွာ ကုန်သွယ်မှုဟူသောအချက်ကိုလည်း မထိခိုက်စေရဘဲ၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ရမည့် ဒုတိယတံတိုင်း တစ်ခုလိုအပ်လာပါသည်။ ထိုသို့ကာကွယ်ရာတွင်လည်း၊ Protectionism ဟူသော ကိုယ်ကျိုးစီးပွားကာကွယ်ရေး ပုံစံမျိုးဖြစ်မသွားစေရန်လည်း လိုအပ်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များရှိ ကုမ္ပဏီများအတွက် အခြားသော နိုင်ငံများမှ ကုမ္ပဏီကြီးများနှင့် ယှဉ်ပြိုင်လာရသည့် အခါငွေအင်အား၊ နည်းပညာများ၊ ဈေးကွက်ဝေစုများတွင် ပြိုင်ဆိုင်နိုင်ရန် မလွယ်ကူသဖြင့် အဆိုပါ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် နိုင်ငံအစိုးရမှ ပြည်တွင်းကုမ္ပဏီများကို အထောက်အကူပြုနိုင်ရန် လိုအပ်လာပါ သည်။ အဆိုပါ နိုင်ငံငယ်များ၏ အစိုးရများသည် ပြည်တွင်း ကုမ္ပဏီငယ်များကိုကာကွယ်ရန်၊ အကောက်ခွန်တံတိုင်းအစား နောက်ထပ် ဒုတိယ တံတိုင်းတစ်ခုကို တားဆီးရန် လိုအပ်လာပါသည်။ အဆိုပါ ဒုတိယတံတိုင်းကို ပြည်တွင်း အခွန်အတုတ်များ၊ အရည်အသွေး သတ်မှတ်ချက်များဖြင့်သာ အဓိကတားဆီးလာသည်ကို တွေ့မြင်နိုင် ပါသည်။

သို့ဖြစ်၍ ပြည်ပပို့ကုန်တင်ပို့သူများသည် မိမိတို့တင်ပို့မည့်နိုင်ငံများရှိဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ ဆောင် ရွက်ပုံများကိုပါ သေချာစွာ လေ့လာရန်လိုအပ်လာပါသည်။ တင်သွင်းရာတွင်လည်း မိမိတို့နိုင်ငံ၏ တင်သွင်းရာတွင် တွေ့ကြုံရမည့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများနှင့် ကုန်သွယ်မှုနှင့် မသက်ဆိုင်သော အတားအဆီးများကိုပါ သေချာစွာ သဘောပေါက်ရန်လိုအပ်ပါသည်။ ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းကို ဆောင်ရွက်သူများသည် ပြည်တွင်းဈေးကွက်၏ ကျပ်တည်းမှုကို ကျော်လွှားနိုင်သော်လည်း အသိပညာဗဟုသုတပိုမိုရှိရန်လိုအပ်လာပြီး နည်းပညာပိုင်းဆိုင်ရာ အသိအမြင်များ ပိုမိုရှိရန် အားထုတ်လာရမည်ကို အနာဂတ် ကုန်သွယ်မှုတွင် တွေ့ရှိနေရကြောင်း ဖော်ပြအပ်ပါသည်။ နိုင်ငံတကာ ကုန်သွယ်မှုတွင်လည်းကောင်း၊ ပြည်တွင်းမှ တောင်သူများ၊ ကုန်သည်များကို ကာကွယ်ရာတွင် လည်းကောင်း အစိုးရ၏ စွက်ဖက်မှုများသည် လိုအပ်လျက်ရှိပြီး အစိုးရဌာနများအနေဖြင့်လည်း ပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတများ၊ နိုင်ငံတကာ အတွေ့အကြုံများနှင့် ပညာရပ်များ ပိုမိုလိုအပ်လာနေပြီဖြစ်ကြောင်း အနာဂတ် ကုန်သွယ်မှု ခန့်မှန်းချက်ကို တင်ပြလိုက်ပါသည်ခင်ဗျား။

■

# ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှု(၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး (၂၆)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၈ ရက်တွင် ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ကိုယ်စားဒုခရိုင် အုပ်ချုပ်ရေးမှူး စုစုပေါင်း အဖွဲ့ဝင် ၁၈ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူ ရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက ရှေ့လအစည်းအဝေး ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှုများ တင်ပြခြင်း၊ ဌာနအနေဖြင့် လုပ်ငန်းစီမံချက်များကို တိုင်းဒေသကြီးရုံး၏ လျာထားချက်များအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပထမပတ်တွင်လည်း ပုလဲမြို့နယ်၊ 'စန်းသော်တာ' တိုဟူးခြောက်လုပ်ငန်းရှင်နှင့် တွေ့ဆုံခြင်းနှင့် လယ်ယာသုံး စက်ကိရိယာ ရောင်းဝယ်ရေး အရောင်း ကိုယ်စားလှယ်များကို ဝန်ဆောင်မှုများ မှန်ကန်စေရန် ပညာပေးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ဒုတိယပတ်တွင် ပုလဲမင်းတိုင်ပင်ဈေးသို့ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်း၊ မေ ၁၅ ရက်တွင် ကနီမြို့မ ရပ်ကွက် ကုန်စုံဆိုင်များကွင်းဆင်းပညာပေးဆောင်ရွက်ခြင်း၊ မေ ၂၁ ရက်တွင် ယင်းမာပင် အောင်ဇေယျမြို့သစ်ဈေးများသို့ ကွင်းဆင်းဆောင်ရွက်ခြင်းများပြုလုပ်မည်ဖြစ်သည်။ ဆားလင်းမြို့နယ်၊ ဝက်မေးကံတော ကျေးရွာရှိ ကုန်စုံဆိုင်များ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ယင်းမာပင်ခရိုင်အနေဖြင့် လေးမြို့နယ် တိုင်ကြားမှု စာတိုက်ပုံးများ ထားရှိပြီးစီးမှု အခြေအနေနှင့် ကျန်ရှိသည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၁/၂၀၁၉ စားသုံးသူ ကာကွယ်ပေးရေးဥပဒေအသစ်တွင် အခန်းပေါင်း (၂၅)ခန်းနှင့် ပုဒ်မ(၈၄) ခုဖြင့် ပြန်လည်ပြဋ္ဌာန်းထားပြီး အခန်း(၁၈) ပြဋ္ဌာန်းချက်များသည် ထုတ်ပြန်သည့်နေ့မှစ၍ တစ်နှစ်ပြည့်ပါက အာဏာတည်စေမည်ဖြစ်ကြောင်းကို ပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အငြင်းပွားမှုအဖွဲ့ဝင်များမှလည်း ဆက်လက်ဆွေးနွေး အကြံပြုပေးနိုင်ပါရန် တင်ပြခဲ့သည်။

စားသုံးသူအငြင်းပွားမှုအဖွဲ့ဝင်များကလည်း ဌာနအလိုက် ဖြည့်စွက်၍ အကြံပြုဆွေးနွေး တင်ပြခဲ့ကြောင်း သတင်း ရရှိသည်။

**ခိုင်မို့မို့(မြင်းမူ)**

# ဗန်းမောက်မြို့တွင် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

ကသာခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဆောင်၍ ဒု-ခရိုင်ဦးစီးမှူး၊ ဗန်းမောက်မြို့နယ် တာဝန်ခံနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဈေး/ရပ်ကွက်စားသုံးသူရေးရာ အဖွဲ့ဝင်များ လိုက်ပါ၍ မေ ၈ ရက်တွင် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသည့်စားသောက်ကုန်များ ရောင်းချနိုင်ရေးအတွက် ဗန်းမောက်မြို့ စည်ပင်သာယာရေးဈေးအတွင်းရှိ ကုန်စုံဆိုင်ပေါင်း ၁၀ ဆိုင်ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကုန်စုံဆိုင် ၁၀ ဆိုင်မှ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်း (၇)မျိုး၊ အရေအတွက် ၄၀၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၇၀၀၀ ကို သိမ်းဆည်းခဲ့ပြီး အမှတ်တံဆိပ်၊ သက်တမ်းကုန်ဆုံးရက်နှင့် ဆက်သွယ်ရန်လိပ်စာများ ပါဝင်သော စားသောက်ကုန်များသာ ရောင်းချဖြန့်ဖြူးကြရန်နှင့် ၂၀၁၉-ခုနှစ် ၊ မတ်လ ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ကုန်အညွှန်း အမှတ်အသားနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးခဲ့ပြီး သိမ်းဆည်းထားသော သက်တမ်းလွန် စားသောက်ကုန်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဥပဒေနှင့်အညီ ဗန်းမောက်မြို့ စည်ပင်အမှိုက်ပစ်ကွင်း၌ အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**လှလှခိုင်(ကသာ)**



# မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန လယ်ယာသုံး စက်ကိရိယာများ ရောင်းဝယ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံ

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးသည် ပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်မန်နေဂျာနှင့်ပူးပေါင်း၍လယ်ယာသုံးစက်ကိရိယာများရောင်းချသော ကုမ္ပဏီများနှင့် တောင်သူများအကြား အငြင်းပွားမှုများမဖြစ်ပေါ်စေရေးအတွက် မွန်ပြည်နယ်အတွင်းရှိ လယ်ယာသုံးစက်ကိရိယာများရောင်းချသော ကုမ္ပဏီခြောက်ခုနှင့် တွေ့ဆုံဆွေးနွေးခြင်းကို မေ ၃ ရက်တွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင်မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က ကုမ္ပဏီများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ရောင်းချရာတွင် တန်ဖိုးငွေအဆမတန်မြှင့်တင်ရောင်းချခြင်း မပြုရန်၊ အမှတ်တံဆိပ် ကိုယ်စားပြု မူရင်းနိုင်ငံ၊ ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံကို သိသာထင်ရှားစွာ ဖော်ပြပေးရန်၊ အရောင်းအဝယ်စာချုပ်သည် နှစ်ဦးနှစ်ဖက်မျှတသော စာချုပ်ဖြစ်စေရန်၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးခြင်းနှင့် စက်အပိုပစ္စည်း အလွယ်တကူရရှိစေရန် အာမခံပေးခြင်းတို့ကို အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်မန်နေဂျာမှလက်ရှိ JICA (Two Step Loan)ချေးငွေဖြင့် တောင်သူများသို့ အရစ်ကျချေးငွေဖြင့် ပိုက်ဆံထုတ်ပေးခြင်း မပြုဘဲ စက်ကိရိယာကိုသာ ဝယ်ယူထုတ်ပေးခြင်း၊ JICA(Two Step Loan)ချေးငွေသည် အနှစ် (၄၀) စီမံကိန်းဖြစ်သည့်အတွက် ကာလကြာမြင့်စွာ ဆောင်ရွက်နိုင်ခြင်းကြောင့် တောင်သူများနှင့် ကုမ္ပဏီများအတွက် အကျိုးများသည့် စီမံကိန်းဖြစ်ပါကြောင်း၊ လက်ရှိတောင်သူများသို့ ကုမ္ပဏီများနှင့်ချိတ်ဆက်၍ အရစ်ကျချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူမှုတွင် ကုမ္ပဏီအနေဖြင့် After Sale Service & Spare Parts နှင့်ပတ်သက်၍ စားသုံးသူ ကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းချက်နှင့် အညီ ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာသည့် ကုမ္ပဏီတာဝန်ရှိသူများကလည်း ၎င်းတို့အနေဖြင့် After Sale Service အပိုင်းကို ၄၈ နာရီအတွင်း ဆောင်ရွက်ပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ Spare Parts များကိုလည်း အလွယ်တကူ ရရှိနိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် ကုန်စည်ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ စားသုံးသူ ကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၌ လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချသူ ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီး ဌာနသည် စားသုံးသူများ အခွင့်အရေးအပြည့်အဝ ရရှိနိုင်စေရန် ၊ စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များ ဖြန့်ဖြူးရောင်းချသူ ကုမ္ပဏီ/ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းကို မေ ၈ ရက်တွင် ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်း က လယ်ယာသုံး စက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်များ ဖြန့်ဖြူးရောင်းချသူ ကုမ္ပဏီ/လုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများမှ တောင်သူလယ်သမားအား တရုတ်နိုင်ငံထုတ် စက်ကိရိယာများကို ဂျပန်နိုင်ငံထုတ် စက်ကိရိယာများအဖြစ် လိမ်လည်ပြီး ဈေးနှုန်းမြှင့်တင်ရောင်းချနေ၍ နစ်နာနေသဖြင့်လိမ်လည်ရောင်းချသည့်ကုမ္ပဏီများကို ထိရောက်စွာ အရေးယူပေးရန် တိုင်ကြားလာမှုများရှိနေသဖြင့် ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့်ကုမ္ပဏီများနှင့် တောင်သူများအကြားတွင် ယခုကဲ့သို့ ဖြစ်စဉ်များ အဆက်မပြတ် ဖြစ်ပေါ်နေကြောင်း၊ ထိုကဲ့သို့ အခြေအနေများ ဆက်လက်မဖြစ်စေရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ဦးက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူ အကျိုးစီးပွားထိခိုက်နစ်နာစေသည့် အချက်ဖြစ်သော တန်ဖိုးငွေ အဆမတန်ဖြင့် ရောင်းချခြင်းမပြုရန်၊ ပင်ရင်းထုတ်လုပ်သည့် နိုင်ငံ၏ အမည်၊ လိပ်စာတို့ကို သိသာထင်ရှားစွာ ဖော်ပြပေးရန်၊ အရောင်းအဝယ်စာချုပ်သည် နှစ်ဦးနှစ်ဖက်မျှတသော စာချုပ် ဖြစ်စေရန်၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးခြင်းနှင့် စက်အပိုပစ္စည်း အလွယ်တကူ ရရှိစေရန် အာမခံများပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေဆိုခဲ့ပြီး ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဝိုင်းမော်မြို့နယ်များမှ လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်း ခြွေလှေ့စက်များဖြန့်ဖြူး ရောင်းချသူ ကုမ္ပဏီ/လုပ်ငန်းရှင် ၂၁ ဦး တက်ရောက်ခဲ့သည်။

**ခွာညို(မနောမြေ)**



# ကွန်တီကို ခေါ်ယူရန် အင်တာမီလန်အသင်း ကမ်းလှမ်း

အီတလီ စီးရီးအေကလပ် အင်တာမီလန်အသင်းသည် ချယ်လ်ဆီးအသင်း နည်းပြဟောင်း ကွန်တီကို ခေါ်ယူရန် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။

အင်တာမီလန်အသင်းသည် လက်ရှိနည်းပြ စပယ်လက်တီကို ထုတ်ပယ်ထားခြင်း မရှိသေးသော်လည်း လာမည့်ရာသီအတွက် နည်းပြသစ်ကို ခန့်အပ်ရန် ရှာဖွေကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိသည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီကုန်တွင် နည်းပြ စပယ်လက်တီနှင့် လမ်းခွဲတော့မည်ဖြစ်ရာ နည်းပြသစ်တစ်ဦးကို ရှာဖွေလျက်ရှိနေသည်။ ထိုသို့ နည်းပြသစ် ရှာဖွေနေသည့် အင်တာမီလန်အသင်းသည် လက်ရှိ အသင်းလက်မဲ့ ဖြစ်နေသည့် အီတလီနိုင်ငံသား ကွန်တီကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းကို နောက်ဆုံး ကိုင်တွယ်ခဲ့သည့် ကွန်တီသည် အတ္တလန္တာ၊ ဆီနာ၊ ဂျူဗင်တပ်စသည့် အီတလီအသင်းများကို ကိုင်တွယ်ခဲ့သည့်အပြင် အီတလီ လက်ရွေးစင်အသင်းကိုလည်း ကိုင်တွယ်ခဲ့ဖူးသည်။

အင်တာမီလန်အသင်းအနေဖြင့်လည်း အီတလီနိုင်ငံသားများကိုသာ နည်းပြအဖြစ် ဦးစားပေးခန့်ထားလေ့ရှိရာ ကွန်တီကို ခေါ်ယူရေးမှာလည်း အောင်မြင်လာဖွယ်ရှိနေကြောင်း အီတလီ သတင်းစာများက ဖော်ပြနေကြသည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီတွင် အမှတ်ပေးဇယား အဆင့်(၄)အတွင်း ဝင်နိုင်ခဲ့သော်လည်း လာမည့် ရာသီများတွင် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်အတွက် နည်းပြကောင်းနှင့် ကစားသမားကောင်းများ လိုအပ်လျက်ရှိသည်။

သို့သော် အင်တာမီလန်အသင်း၏ ငွေကြေးသုံးစွဲမှုမှာ ဂျူဗင်တပ်အသင်းကို လိုက်မီနိုင်ခြင်း မရှိသေးခြင်းကြောင့် ဥရောပပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ခက်နေဦးမည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်နေကြသည်။

ဟန်နေသစ် စုစည်းသည်

# ယခုနှစ် ချန်ပီယံလိဂ်တွင် ကျောနံပါတ်(၂၇) ဝတ်ဆင်သူများမှာ လာဘ်ကောင်းများဖြစ်



ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ကျောနံပါတ်(၂၇)ကို ဝတ်ဆင်ကစားသူများမှာ လာဘ်ကောင်းများဖြစ်ကြောင်း ဥရောပတစ်လွှား သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလာကြသည်။

ထိုကဲ့သို့ ယခုနှစ် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ကျောနံပါတ်(၂၇)ကို ဝတ်ဆင်ကစားသူများမှာ လာဘ်ကောင်းများဖြစ်ကြောင်း ဖော်ပြလာရခြင်း၏ အဓိက အကြောင်းအရာမှာ လီဗာပူးအသင်းမှ အိုရီဂီနှင့် စပါးအသင်းမှ လူးကပ်စ်မိုရာတို့ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

လီဗာပူအသင်းမှ ကျောနံပါတ်(၂၇) အိုရီဂီသည် ဘာစီလိုနာအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ပထမပိုင်း ပွဲချိန် ၇ မိနစ်တွင် လီဗာပူးအတွက် အဖွင့်ဂိုး သွင်းပေးခဲ့သလို ဒုတိယပိုင်း ပွဲချိန် ၇၉ မိနစ်တွင်လည်း လီဗာပူးအတွက် စတုတ္ထအနိုင်ဂိုးကို သွင်းပေးနိုင်ခဲ့သည်။ လီဗာပူးအသင်း ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းကိုကျော်ဖြတ်ပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်းတွင် အိုရီဂီမှာ သူရဲကောင်းတစ်ဦး ဖြစ်ခဲ့ရသည်။

အလားတူ ကျောနံပါတ်(၂၇)ဝတ် လူးကပ်စ်မိုရာသည်လည်း စပါးအသင်းအတွက် ခြေစွမ်းပြနိုင်သူဖြစ်သည်။ လူးကပ်စ်မိုရာသည် အေဂျက်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် အေဂျက်အသင်းကို ပွဲချိန် ပထမပိုင်း၌ နှစ်ဂိုးပြတ် ရှုံးနေရာမှ သုံးဂိုး ပြန်သွင်းပြီး အသင်းကို နောက်ဆုံး ဗိုလ်လုပွဲဆီသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ထိုပွဲတွင် လူးကပ်စ်မိုရာသည် ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် ပထမချေပဂိုး၊ ၅၉ မိနစ်တွင် ဒုတိယချေပဂိုးနှင့် နာကျင်အချိန်ပိုတွင် အနိုင်ဂိုးတို့ကိုသွင်းပြီး ဟက်ထရစ်ရယူကာ စပါးအသင်းကို နောက်ဆုံး ဗိုလ်လုပွဲသို့ ပို့ဆောင်ပေးခဲ့သူဖြစ်သည်။ ယခုနှစ် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် စပါးအသင်းအတွက် ငါးဂိုး သွင်းပေးထားသည့် လူးကပ်စ်မိုရာသည် စပါးအသင်းအတွက် လာဘ်ကောင်းဖြစ်ကြောင်း ချီးကျူးပြောဆိုနေကြသည်။

# ဒီလိုက်အနေဖြင့်မန်ယူ(သို့)ဘာစီလိုနာသို့သာ ပြောင်းရွှေ့သင့်ဟု ဗန်ဒါဆားပြော



အေဂျက်အသင်း၏ အထွန်းတောက်ဆုံး ကြယ်တစ်ပွင့်ဖြစ်သည့် ဒီလိုက်အနေဖြင့် အသင်းပြောင်းမည်ဆိုပါက စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာ(သို့) အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် မန်ယူသို့သာ ပြောင်းရွှေ့သင့်ကြောင်း လက်ရှိအေဂျက်အသင်း၏ စီအီးအိုဖြစ်သူ မန်ယူဂိုးသမားဟောင်း ဗန်ဒါဆားက ပြောကြားလိုက်သည်။

အေဂျက်အသင်းခေါင်းဆောင် ဒီလိုက်ကို ခေါ်ယူရန်အတွက် ဥရောပထိပ်သီးအသင်း အတော်များများက စောင့်ကြည့်လျက်ရှိနေပြီး အဆိုပါကစားသမားကို ဈေးပြိုင်ပေး၍ ခေါ်ယူရန်ရှိနေသည်။

ဗန်ဒါဆားက ‘ အခုဆိုရင် ဒီလိုက်ကို အသင်းကြီး တော်တော်များများက ခေါ်ယူဖို့ ပြင်ဆင်နေကြပြီ။ သူ့ကို ခေါ်ချင်နေတဲ့ အသင်းတွေထဲမှာ ဘာစီလိုနာနဲ့ မန်ယူတို့လို အသင်းတွေပါနေတာက ဂုဏ်ယူစရာကောင်းပါတယ်။ သူ့ကို ကျွန်တော်တို့ တားဆီးပိုင်ခွင့် မရှိပါဘူး။ သူ့ကို လွတ်လပ်စွာ ပံ့သန်းခွင့်ပေးသွားမှာပါ။ ဒီလိုက်အနေနဲ့ အသင်းပြောင်းမယ်ဆိုရင် ဘာစီလိုနာ ဒါမှမဟုတ် မန်ယူလို အသင်းမျိုးကို ပြောင်းစေချင်ပါတယ်။ သူ့အနေနဲ့ အသင်း အရွေးမမှားစေချင်ပါဘူး’ ဟု ပြောဆိုသည်။

အေဂျက်အသင်းမှ ဒီလိုက်အပြင် တခြား ကစားသမားတချို့ကိုလည်း ဥရောပအသင်းကြီးများက စိတ်ဝင်စားမှု ရှိနေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဒီလိုက်ကို ဘာစီလိုနာ၊ မန်ယူတို့အပြင် မန်စီးတီး၊ လီဗာပူးနှင့် ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ကမူ ဒီလိုက်ကို ခေါ်ယူရန် မကြာမီအချိန်အတွင်း ကမ်းလှမ်းမှုများ ပြုလုပ်သွားမည်ဟု သိရသည်။



# ဆွာရက်ဇ် အနည်းဆုံး ခြောက်ပတ်ခန့် နားရမည်

ဘာစီလိုနာအသင်းမှ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်သည် ဒူးဒဏ်ရာ ခွဲစိတ်ကုသရမည်ဖြစ်ခြင်းကြောင့် အနည်းဆုံး ခြောက်ပတ်ခန့် အနားယူရတော့မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက တရားဝင် သတင်းထုတ်ပြန်လိုက်သည်။

ဆွာရက်ဇ်သည် လီဗာပူးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ဒုတိယအကျော့ ပွဲစဉ်တွင် ပွဲချိန်ပြည့် ပါဝင်ကစားပေးခဲ့သော်လည်း ယင်းပွဲစဉ်တွင် လီဗာပူးနောက်ခံလူနှင့် ထိခိုက်မိပြီး ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဆွာရက်ဇ်၏ ဒူးဒဏ်ရာမှာ ထိခိုက်မိချိန်က ပြင်းထန်မှုမရှိဟု ထင်ရသော်လည်း ပွဲအပြီး စစ်ဆေးချိန်တွင် ၎င်း၏ဒဏ်ရာမှာ ခွဲစိတ်ကုသမှရမည်ဟု ဆရာဝန်က မှတ်ချက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ဆွာရက်ဇ်သည် ဘာစီလိုနာအသင်း ကစားရမည့် လက်ကျန်ပွဲစဉ်များဖြစ်သည့် ဂီတာဖေး၊ အီဘာအသင်းတို့နှင့် ပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်သည်။ ထို့ပြင် ဆွာရက်ဇ်သည် မေ ၂၅ ရက်တွင် ဗလန်စီယာအသင်းနှင့် ကစားရမည့် စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲကိုလည်း လွဲချော်ရတော့မည်ဖြစ်သည်။

ဆွာရက်ဇ်သည် ဥရုဂွေးအသင်း၏ ပွဲစဉ်များတွင်လည်း အနည်းဆုံး သုံးပွဲခန့် ပါဝင်နိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

…်အလက်ကို အခြေခံ

## EU က ဆန်လုံးရှည်(အချွန်)အကောက်ခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းခြင်းသည်

# မြန်မာ့ပို့ကုန်ဆန်အတွက် ကြီးစွာသောလှုပ်ခတ်မှုမရှိနိုင်

**အောင်ဆန်း (စိုက်ပျိုးရေး)**

သကြ်န်မတိုင်မီက UMFCCI မင်္ဂလာခန်းမမှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင် ပူးတွဲအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးမှာ ဆန်ပြည်ပပို့နေတဲ့ Exporter ကြီးများ၊ ဆန်စက်ပိုင်ရှင်ကြီးများ၊ ဆန်ကုန်သည်ကြီးများအားလုံး ပါဝင်ဆွေးနွေးကြပါတယ်။

ဆွေးနွေးကြတဲ့အချက်တွေကတော့ တရုတ်နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းက သုံးလခန့်ကျော်ကြာသည်ထိ ဆန်တင်ပို့မှုပိတ်ခံထားရတဲ့အတွက် နယ်စပ်ကတင်ပို့နေတဲ့ စက်ပိုင်ကုန်သည်များ အတိဒုက္ခရောက်နေရကြောင်း၊ ပြည်တွင်းဆန်စပါးဈေးတွေကျဆင်းပြီး အရောင်းအဝယ်တွေရပ်နားထားရကြောင်း၊ အထူးသဖြင့် စိုက်ပျိုးထုတ်လုပ်တဲ့တောင်သူလယ်သမားကြီးများ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေရကြောင်း ဒီကိစ္စကိုဝိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးကြပါတယ်။

နောက်တစ်ချက်ကတော့ EU မှ ဆန်လုံးရှည်အချွန်ကို အကောက်ခွန် ကင်းလွတ်ခွင့်မှရုပ်သိမ်းခြင်းခံရတဲ့အတွက် EU နိုင်ငံများသို့ ဆန်တင်ပို့မှုမှာလည်း အဟန့်အတားဖြစ်နေရကြောင်း၊ နိုင်ငံအချင်းချင်း (G to G) ဆန်တင်ပို့မှုကလည်း ဈေးကွက်မရရှိသဖြင့် ပြည်ပ သို့ဆန်တင်ပို့ မှုမှာလည်းနှောင့်နှေးနေရကြောင်း၊ အဲဒီဖြစ်စဉ်ဈေးကွက်အခြေအနေတွေကြောင့် ပြည်တွင်းဆန်စပါးဈေးတွေကမောက်ကမဖြစ်နေရတဲ့အတွက် ဝိုင်းဝန်းအဖြေရှာထိန်းသိမ်းကြဖို့လိုကြောင်း ဆွေးနွေးကြပါတယ်။

ဒီအထဲမှာ EU မှ ဆန်လုံးရှည်(အချွန်) ကို အကောက်ခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းခံရခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြလိုပါတယ်။ ပြည်ပဆန်တင်ပို့တဲ့နေရာမှာ တရုတ်နယ်စပ်ကလည်းပိတ်ခံရ၊ တရုတ်ကဆန်ပို့ခွင့်ကိုတာလည်းမရ၊ နိုင်ငံအချင်းချင်း (G to G) နဲ့ ပုဂ္ဂလိကအချင်းချင်း (P to P) ဆန်တင်ပို့ခွင့်ကလည်း လျော့နည်းနေရပြီး ချောင်ပိတ်မိနေတဲ့အချိန်မှာ EU က ဆန်လုံးရှည်(အချွန်) ကို အကောက်ခွန် ကင်းလွတ်ခွင့်ရုပ်သိမ်းခံလိုက်ရတော့ မြန်မာ့ဆန်စပါးလောကမှာ မြွေပူရာကင်းမှောင့်၊ ဘူးလေးရာဖရုံဆင့်ဆိုသလို ငါးရံ့ပြာလူးဖြစ်ပြီး ပွက်လောရိုက်နေကြရပါတယ်။ အသံတွေလည်း ဆူညံဆူညံဖြစ်နေကြရပါတယ်။

ဒီအချိန်မှာပဲ စာရေးသူအနေနဲ့ ၂၀၁၉ ခုနှစ် မတ် ၂၅ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ Commerce Journal ဂျာနယ် အတွဲ (၁၉) အမှတ် (၁၂)၊ စာမျက်နှာ (၈) မှာ DOCA (CTQM) ရေးသားထားတဲ့ 'GSP အခွင့်အရေးဆက်လက်ရရှိနိုင်မည့် မြန်မာ့ဆန်အမျိုးအစားများ' စာတန်းကိုဖတ်ရှုလေ့လာမိတဲ့အတွက် မြန်မာနိုင်ငံအတွက် ဝမ်းသာသွားပြီး ဒီဆောင်းပါးကိုရေး၍ သုံးသပ်ဆွေးနွေးဖြစ်တာအမှန်ပဲ။

EU က ဆန်လုံးရှည်(အချွန်) ကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးရာမှာ ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံများကို အခွင့်အရေးပေးခြင်းဖြစ်ပါတယ်။ ဒီလို EU မှ ဆန်လုံးရှည်(အချွန်) အပေါ်မှာ အကောက်ခွန်ကင်းလွတ်ခွင့်ပေးတဲ့နေရာမှာ အရှေ့တောင်အာရှနိုင်ငံများထဲမှာ ကမ္ဘောဒီးယားနိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဒီအခွင့်အရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒီအခွင့်အရေးအရ မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ဟာ EU သို့ဆန်နဲ့ဆန်ကွဲ (၁၃-၂၀) ရာခိုင်နှုန်းထိတင်ပို့နိုင်ခဲ့တာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြန်ကြည့်ရင်ပြီးခဲ့တဲ့ နှစ်အတွင်း EU သို့ ဆန်တန်ချိန်ကိုးသောင်းကျော်ခန့်နဲ့ ဆန်ကွဲတန်ချိန်သုံးသိန်းခန့် တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ ဆန်ကွဲတင်ပို့မှုဟာ စုစုပေါင်းတင်ပို့မှုရဲ့ ၅၀ ရာခိုင်နှုန်းရှိတာတွေ့ရပါတယ်။ မြန်မာနိုင်ငံဟာ ပြည်ပသို့ဆန်နဲ့ဆန်ကွဲတင်ပို့နေတာဟာ EU အပါအဝင်နိုင်ငံပေါင်း ၅၀ ကျော်ကို တင်ပို့နေတာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ကဆိုရင် မြန်မာနိုင်ငံက ဆန်နဲ့ ဆန်ကွဲစုစုပေါင်း မတ်ထရစ်တန်ချိန် ၃ ဒသမ ၅၉ သန်းတင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရရှိခဲ့တာဖြစ်ပါတယ်။ ဒီစုစုပေါင်းတင်ပို့ခဲ့တဲ့ဆန်နဲ့ ဆန်ကွဲတန်ချိန်နဲ့ EU ကို တင်ပို့ခဲ့တဲ့ ဆန်နဲ့ဆန်ကွဲတန်ချိန်ကို နှိုင်းယှဉ်ချိန်ထိုးကြည့်ရင် EU ကိုပို့ခဲ့တာဟာ ပမာဏသိပ်မများလှဘူးဆိုတာတွေ့ရမှာဖြစ်ပါတယ်။ အကယ်၍ EU ကို ဆန်နဲ့ဆန်ကွဲ တင်ပို့ခွင့်မရရှိခဲ့ဘူးဆိုရင်တောင် အခြားနိုင်ငံပေါင်းများစွာကို (G to G) နဲ့ (P to P) စနစ်များနဲ့ တင်ပို့နိုင်အောင် ကြိုးပမ်းခွင့်ရရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း တိုးချဲ့စီမံကြိုးပမ်းကြဖို့ လိုပါတယ်။

တစ်ဖန် EU မှ သတ်မှတ်ထားသော ဆန်လုံးရှည်(အချွန်) များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ကစ၍ အကောက်ခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းတဲ့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်အရ မြန်မာ့ဆန် Exporter ကြီးများ၊ ဆန်စက်ပိုင်ရှင်ကြီးများ၊ ကုန်သည်များတုန်ခါသွားပြီး အရုပ်ကြိုးပြတ်ခံစားသွားကြရတာ ဖြစ်ပါတယ်။ ဒီလိုအကောက်ခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းခံကြရတဲ့အတွက်နောင် EU သို့ဆန်တင်ပို့လျှင် ပထမတစ်နှစ်မှာ ဆန်တစ်တန်မှာ ၁၇၅ ယူရို၊ ဒုတိယနှစ်မှာ ဆန်တစ်တန် ၁၅၀ ယူရိုနဲ့ တတိယနှစ်မှာ ဆန်တစ်တန် ၁၂၅ ယူရိုနှုန်း ပေးဆောင်ပြီးမှ တင်ပို့ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီအကောက်ခွန်ကင်းလွတ်ခွင့် ရုပ်သိမ်းခံရတဲ့ ဆန်အမျိုးအစားဟာ ဆန်လုံးရှည်(အချွန်) အလျား ခြောက်မီလီမီတာ အထက်နှင့် အလျားအနံအချိုး ၃ နှင့်အထက်ရှိသော ဆန်လုံးရှည် (အချွန်)ပေါင်းဆန်တို့အကျုံးဝင်ခြင်းဖြစ်တာကို တွေ့ရပါတယ်။ အလျားအနံအချိုးသုံးအောက်ရှိသော ဆန်လုံးရှည်(အချွန်)၊ လုံးလတ်ဆန်များ၊ ဆန်ကွဲများနဲ့လုံးတီးဆန်အမျိုးအစားများဟာ တင်ပို့ခွင့်ဆက်လက်တည်ရှိနေသေးတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ အထူးပြောရလျှင် အလျား ခြောက်မီလီမီတာအောက်နဲ့ အလျား၊ အနံအချိုး ၂ နှင့် ၃ ကြားရှိသော ဆန်အမျိုးအစားများဟာ EU သို့တင်ပို့နိုင်ခွင့် ဆက်လက်ရရှိနေဦးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ညော့်မထအုပ်စုဝင်စပါး အမျိုးအစား များစွာစိုက်ပျိုးတဲ့နိုင်ငံဖြစ်တဲ့အတွက် အလျား ခြောက်မီလီမီတာအောက်နဲ့ အလျားအနံအချိုး ၂ နှင့် ၃ ကြား ဆန်အမျိုးအစားများစွာရှိနေတဲ့ အားသာချက်ကို ပိုင်ဆိုင်ထားတာဖြစ်ပါတယ်။ ဒီအားသာချက်ကို အသုံးချပြီး EU ဈေးကွက်သို့ မြန်မာ့ဆန်ဆက်လက်တင်ပို့နိုင်ရေး အမြတ်ထုတ်နိုင်အောင် ဆောင်ရွက်ဖို့ပဲလိုအပ်ပါတယ်။ ပြီးတော့လည်း EU နိုင်ငံများက ဆန်စံချိန်စံညွှန်းကလည်း codex ဥပဒေကို အခြေခံထားတာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ဆန်စံချိန်စံညွှန်းကလည်း codex ဥပဒေကိုအခြေခံရေးဆွဲထားတာဖြစ်တဲ့အတွက် မြန်မာ့ဆန်များတင်ပို့ရေးလွယ်ကူစွာ သဟဇာတဖြစ်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ ညော့်မထဆန်အချို့ရဲ့ ဒေသအလိုက်ရာသီအလိုက်၊ အလျား၊ အလျားအနံအချိုးတည်ရှိနေမှုကို လေ့လာကြည့်မိပါတယ်။

ညော့်မထအုပ်စုဝင်ဖြစ်တဲ့ ရွှေဝါထွန်းဆန်ကို လေ့လာကြည့်လျှင် ပျမ်းမျှအလျား ၅ ဒသမ ၉ မီလီမီတာရှိပြီး အလျားအနံအချိုးမှာ ၂ ဒသမ ၆ ဝန်းကျင်သာရှိတာတွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ် မိုးရာသီရန်ကုန်တိုင်း သုံးခွမြို့နယ်က မိုးရာသီမှာထွက်တဲ့ ရွှေဝါထွန်းဆန်ဟာ အလျား ၅ ဒသမ ၉၃ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၂ ရှိတာတွေ့ရပါတယ်။ ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်မှထွက်တဲ့ နွေရာသီရွှေဝါထွန်းဆန်ဟာ အလျား ၅ ဒသမ ၉၆ ရှိပြီး အလျား၊ အနံအချိုး ၂ ဒသမ ၅၄ ရှိတာတွေ့ရပါတယ်။

ညော့်မထအုပ်စုဝင်ဖြစ်တဲ့ စိုက်တာလည်းများတဲ့ ဆင်းသုခစပါးမျိုးကို လေ့လာကြည့်လျှင် ပြည်နယ်နှင့်တိုင်းဒေသကြီးတော်တော်များများမှာ စိုက်ပျိုးလျက်ရှိတာတွေ့ရပါတယ်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်ဒေသတွေမှာ စိုက်ပျိုးတာများပါတယ်။ ၂၀၁၇ ခုနှစ် ဧရာဝတီတိုင်း မအူပင်မိုးရာသီမှာ စိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၇၃ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၅၉ ရှိတာတွေ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်၊ မိုးရာသီမှာစိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၇၄ မီလီမီတာရှိပြီး အလျားအနံ အချိုး ၂ ဒသမ ၇၉ ရှိတာတွေ့ရှိရပါတယ်။ ဇလွန်မြို့နယ် နွေရာသီမှာ စိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၆၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၇ ရှိတာတွေ့ရပါတယ်။ မြန်အောင်မြို့နယ်နွေရာသီမှာ စိုက်ပျိုးတဲ့ဆင်းသုခဟာ အလျား ၅ ဒသမ ၇၅ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၇၈ ရှိတာတွေ့ရပါတယ်။

ပဲခူးတိုင်း ပဲခူးမြို့နယ်မှာ မိုးရာသီမှာစိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၈၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၅၉ ရှိတာတွေ့ရပါတယ်။ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မိုးရာသီမှာ စိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၆၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၅၅ ရှိတာတွေ့ရပါတယ်။ တိုက်ကြီးမြို့နယ် မိုးရာသီမှာ စိုက်ပျိုးတဲ့ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၆၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၁ ရှိတာတွေ့ရပါတယ်။ ကျောက်တန်းမြို့နယ် မိုးရာသီမှာ စိုက်ပျိုးခဲ့တဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၉၈ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၈ ရှိတာတွေ့ရပါတယ်။ လပွတ္တာမြို့နယ် မိုးရာသီမှာ စိုက်ပျိုးတဲ့ ဆင်းသုခဆန်ဟာ အလျား ၅ ဒသမ ၇၂ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၇ ရှိတာတွေ့ရပါတယ်။

ညော့်မထအုပ်စုဝင် မနောသုခစပါးဟာလည်း ပြည်နယ်နဲ့တိုင်းဒေသကြီးအနှံ့မှာ စိုက်ကြေများတာကို တွေ့ရပါတယ်။ မနောသုခစပါးရဲ့ အလျားနဲ့အလျားအနံအချိုးကို လေ့လာကြည့်တဲ့အခါ ၂၀၁၇-၂၀၁၈ ခုနှစ် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် မိုးရာသီမှာ စိုက်ပျိုးခဲ့တဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၅၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၈၅ ရှိတာတွေ့ရပါတယ်။ ညောင်တုန်မြို့နယ် မိုးရာသီမှာ စိုက်ပျိုးတဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၉၉ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၈၇ ရှိတာ တွေ့ရှိရပါတယ်။ မြောင်းမြမြို့နယ် မိုးရာသီမှာ စိုက်ပျိုးတဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၉၁ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၈၄ ရှိတာ တွေ့ရှိရပါတယ်။ ဝါးခယ်မမြို့နယ်မှာ မိုးရာသီစိုက်ပျိုးတဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၈ ရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၅ ရှိတာ တွေ့ရှိရပါတယ်။ ကန်ကြီးထောင့်မြို့နယ်မှာ မိုးရာသီမှာ စိုက်ပျိုးတဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၉၃ မီလီမီတာရှိပြီး အလျားအနံအချိုး ၂ ဒသမ ၉၁ ရှိတာတွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းမှာ စိုက်ပျိုးတဲ့မနောသုခဆန်ဟာ အလျား ၅ ဒသမ ၃၃ ရှိပြီး အလျားအနံအချိုး ၂ ဒသမ ၀၈ ရှိတာတွေ့ရှိရပါတယ်။ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်မိုးရာသီမှာစိုက်ပျိုးတဲ့ မနောသုခဆန်ဟာ အလျား ၅ ဒသမ ၇၄ ရှိပြီး အလျားအနံအချိုး ၂ ဒသမ ၆၆ ရှိတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနှံ့တွင် ညော့်မထအုပ်စုဝင် အလျား ၆ မီလီမီတာအောက်နှင့် အလျားအနံအချိုး သုံးအောက်ရှိသောဆန်များ များစွာရှိပါတယ်။ အရည်အသွေးလည်းကောင်းပါတယ်။ စိုက်ပျိုးတာလည်းများပါတယ်။ (ဥပမာအားဖြင့် ဆင်းသွယ်လတ်၊ မှော်ဘီ (၂)၊ ရေဆင်း (၂)၊ ရက် ၉၀၊ ဆင်းဧကရီ (၃)၊ ကရင်မထိပ်စောင်း) စသည်တို့ဖြစ်ပါတယ်။

ဤသို့အခြေအနေဖြစ်ပေါ်လာချိန်တွင် EU သို့ တင်ပို့ရန်အကျုံးဝင်နေတဲ့အထက်ဖော်ပြပါ မြန်မာ့ညော့်မထအုပ်စုဝင်ဆန်မျိုးများကို EU သို့ နမူနာပေးပို့၍ ထောက်လှမ်းစူးစမ်းထိုးဖောက်ရန်ကြိုးပမ်းရမည်မှာ မလွဲမသွေပင်ဖြစ်ပါတယ်။ ကျား. . . ကျား. . . ဆိုတိုင်း ကြောက်လန့်တုန်လှုပ်နေရန်မလိုပါ။

ဤသို့ဆောင်ရွက်မည်ဆိုလျှင် EU က ဆန်လုံးရှည်(အချွန်)အား အကောက်ခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းခြင်းခံရခြင်းဟာ မြန်မာ့ဆန်တင်ပို့မှုအတွက် ယာယီမျှ အခက်အခဲအနည်းငယ်ရှိကောင်းရှိနိုင်မည်ဖြစ်ပါတယ်။ အထက်ပါအတိုင်း ထိုးဖောက်ကြိုးပမ်းသွားမည်ဆိုပါက ရေရှည်တွင်ကြီးစွာသော လှုပ်ခတ်ခံရမှုမှ ရှောင်ကွင်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

■

# အာဆီယံနှင့် တရုတ်နိုင်ငံတောင်ပိုင်းပြည်နယ်များ၏ ဖွံ့ဖြိုးမှုအသစ်များ ခိုင်မာဖြစ်ထွန်းစေလာသည့် ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်း

BRI ဟုလူသိများသည့် ရပ်ဝန်းနှင့် လမ်းကြောင်း စီမံကိန်းမှာ တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်ရှီးပြည်နယ်နှင့် အာဆီယံနိုင်ငံများအကြား ဆက်နွယ်မှုများကို သိသာထင်ရှားစွာ တိုးချဲ့သွားနိုင်မည်ဟု မျှော်မှန်းထားသည်။ ဤစီမံကိန်းအောက်တွင် တရုတ်နှင့်အခြားနိုင်ငံများနှင့် ဒေသများအကြား နယ်စပ်စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဇုန်ပေါင်း ၈၀ ကျော်အားတည်ဆောက်ဆဲဖြစ်ကာ ပြည်တွင်းအလုပ်အကိုင်ပေါင်း တစ်သိန်းကျော်ကိုဖန်တီးပေးသွားမည်ဖြစ်သည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်ရေးဇုန်များသည် အပြည်ပြည်ဆိုင်ရာ ထုတ်လုပ်မှု စွမ်းရည်အတွက် အဓိကဖွံ့ဖြိုးမှုများ ဆောင်ရွက်သွားရန် ကိုယ်စားပြုထားသည်။

တရုတ်နှင့် အာဆီယံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးအတွက် အဓိကချိတ်ဆက်မှုအဖြစ် ရပ်ဝန်းနှင့် လမ်းကြောင်းစီမံကိန်းတွင် ပါဝင်သည့် အရေးကြီးသော မြို့တော်နှစ်ရပ်မှာ မလေးရှားနိုင်ငံရှိ Kuantan နှင့် တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီး(ကျွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းကျိုးတို့ ဖြစ်ကြသည်။

ယင်းမြို့တော်နှစ်ရပ်အကြား တရုတ်-မလေးရှား ချင်းကျိုးစက်မှုဇုန်နှင့် မလေးရှား-တရုတ် Kuantan စက်မှုဇုန်တို့ကို အမြွှာဇုန်များအဖြစ် တည်ထောင်ထားရှိကာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် စွမ်းရည်တည်ဆောက်မှုတို့တွင် အပြန်အလှန်အကျိုး ဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။ အစဉ်တိုးတက်နေသည့် ဖွံ့ဖြိုးရေးယန္တရားဖြင့် ထုတ်လုပ်မှု စွမ်းရည်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးမှာ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံ၏ အမြွှာစက်မှုဇုန်များမှာ တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုများကိုတင်ပို့ရန်နှင့် မလေးရှားနှင့် အာဆီယံနိုင်ငံများမှ သမားရိုးကျ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်ငန်းများကို ဖိတ်ခေါ်ရန် ပြီးပြည့်စုံသောနေရာများဖြစ်လာသည်။ ပူးပေါင်းဆောင်ရွက်မှုစံပုံစံများဖြစ်သည့် အပြည်ပြည်ဆိုင်ရာစက်မှုဇုန်နှစ်ရပ်တို့သည် အနာဂတ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ အဆင့်မြင့်နည်းပညာများနှင့် တရုတ်နိုင်ငံ၏ ဦး ဆောင်နေသည့် ထုတ်လုပ်မှုစွမ်းရည်တို့ကို ပေါင်းစပ်ရန် မျှော်မှန်းထားသည်။

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုတွင် ဦးဆောင်နေသည့် Shanghai General Motors Wuling (SGMW)ကလည်း ရပ်ဝန်းနှင့်လမ်းကြောင်း စီမံကိန်းတွင် တက်ကြွစွာ ပါဝင်နေပြီး ၎င်း၏ ပြည်ပဈေးကွက်ကို ဖွံ့ဖြိုးသွားရန် အားထုတ်ကြိုးပမ်းလျက် ရှိပါသည်။ SGMW သည် အင်ဒိုနီးရှားနိုင်ငံတွင် လက်အောက်ခံ ထုတ်လုပ်မှုကို အသစ်တည်ဆောက်ထားကာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်လုပ်လျက်ရှိသည်။ ၎င်းစက်ရုံမှ တစ်နှစ်လျှင် ကားအစီးရေ ၁၂၀၀၀၀ ထုတ်လုပ်နိုင်ကာ ပြည်တွင်းအလုပ်အကိုင်ပေါင်း ၃၀၀၀ ကျော်ကို ဖန်တီးပေးထားရာ နိုင်ငံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အား အကျိုးဖြစ်ထွန်းစေလျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း ကွမ်ရှီးရှိ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများသည် အာဆီယံဈေးကွက်များဆီသို့ ပိုမိုဝင်ရောက်လာရာ ၂၀၁၈ ခုနှစ်အကုန်တွင် လုပ်ငန်းစုစုပေါင်း ၇၁ ခုက အာဆီယံနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။ ထို့ပြင် လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့တွင် ခေတ်ခွဲစမ်းသပ်သည့် စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံနှင့် နည်းပညာနေရာသုံးခုကို တည်ထောင်ထားရှိပြီးဖြစ်သည်။

ထို့ပြင် မြောက်ပိုင်းရှိ ပိုးလမ်းမစီးပွားရေးလမ်းကြောင်းနှင့် တောင်ပိုင်းရှိ ၂၁ ရာစု ရေကြောင်းပိုးလမ်းမတို့ကို ဆက်သွယ်ပေးသည့် ကုန်းကြောင်း-ရေကြောင်း ကုန်သွယ်ရေး စင်္ကြံအသစ်ကလည်း တရုတ်နှင့် BRI နိုင်ငံများအကြား စွမ်းရည်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်မြှင့်တင်ပေးခြင်းဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံများကို ပိုမိုနီးကပ်လာစေလျက်ရှိသည်။

ယခုနှစ် ပထမလေးလအတွင်း ရပ်ဝန်းနှင့် လမ်းကြောင်းတစ်လျှောက်ရှိနိုင်ငံများနှင့် ကုန်သွယ်မှုမှာ ယမန်နှစ်ကထက် ၁၃ ဒသမ၁ ရာခိုင်နှုန်းတိုးတက်လာကာ ယွမ် ၂၅၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၂ ဘီလီယံ) ရရှိခဲ့ကြောင်း၊ ၎င်းပမာဏမှာ တရုတ် တစ်နိုင်ငံလုံး ကုန်သွယ်ရေး၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း၏ စီးပွားရေးဆိုင်ရာ အချက်အချာပြည်နယ်တစ်ခုဖြစ်သည့် ကွမ်ကျိုးပြည်နယ်ရှိရှန်ဇန်း အကောက်ခွန်ဌာနမှ အစီရင်ခံတင်ပြထားသည်။

ထိုကာလအတွင်း တရုတ်လူမျိုးတို့ ကြိုက်နှစ်သက်သော ဒူးရင်းသီး၊ မင်းကွတ်သီးနှင့် ချယ်ရီသီးတို့အား ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ချီလီနိုင်ငံများထံမှ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမှုမှာ တန်ချိန် ၄၆၀၀၀၀ ခန့်ရှိကာ တန်ဖိုးအားဖြင့် ယွမ်ငွေ ၉ ဒသမ ၄ ဘီလီယံရှိခဲ့သည်။ ရပ်ဝန်းနှင့် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများထံသို့ ရှန်းကျန့် အကောက်ခွန်ဌာနကို ဖြတ်၍ အဆင့်မြင့်နည်းပညာနှင့် အဆင့်မြင့် ကိရိယာတန်ဆာပလာ ပစ္စည်းများ ထုတ်လုပ်တင်ပို့ခဲ့မှုမှာ ၂၆ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာကာ ယွမ်ငွေ ၁၆၁ ဒသမ ၆ ဘီလီယံဖိုးရှိခဲ့သည်။

အာဆီယံနိုင်ငံများသို့ ပင်လယ်မှ မျက်နှာမူနေသည့် ကွမ်ရှီး၏ Beibu ပင်လယ်ကွေ့ဆိပ်ကမ်းများမှာ ရပ်ဝန်းနှင့်လမ်းကြောင်းစီမံကိန်းတစ်လျှောက်တွင် အဓိကနေရာအဖြစ် တည်ရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၁၀၀ တွင်တည်ရှိသော ဆိပ်ကမ်းပေါင်း ၂၀၀ ကျော်နှင့် သင်္ဘောလိုင်းများ ပြေးဆွဲဆက်သွယ်လျက်ရှိသည်။

ချင်းကျိုးဆိပ်ကမ်း၌ အခြေစိုက်သည့် လက်ရှိတည်ဆောက်နေသော တရုတ်-အာဆီယံဆိပ်ကမ်းမြို့တော်များ တည်ဆောက်ရေးတွင် ဆိပ်ကမ်းပေါင်း ၄၇ ခုပါဝင်ကြောင်း မကြာသေးမီကပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်တွင် ထုတ်ဖော်ရေးသားခဲ့သည်။

နိုင်ငံအများစုမှာ စက်မှုဖွံ့ဖြိုးခြင်း နှင့် မြို့ပြတည်ဆောက်ခြင်းနှင့် နည်းပညာတို့တွင် ရှေ့ဆက်တွန်းအားပေးဆောင်ရွက်သွားရန် စိတ်အားထက်သန်နေကြပြီး ယင်းနယ်ပယ်များအတွက် ရန်ပုံငွေများဆောလျင်စွာ လိုအပ်နေပါသည်။ ထုတ်လုပ်မှုစွမ်းရည်တွင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုမှာ အလားအလာများစွာ ရှိကြောင်း ကွမ်ရှီးတက္ကသိုလ်၏ တရုတ်-အာဆီယံ သုတေသနကျောင်းမှ အုပ်ချုပ်မှုဒါရိုက်တာ Wang Yuzhu က ပြောကြားခဲ့သည်။

**ရင်းမြစ်၊ gxzf.gov.cn နှင့် newsgd.com**

# ကွမ်ရှီးတွင် ရပ်ဝန်းနှင့် လမ်းကြောင်း လမ်းသွယ်များစတင်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် Dongxing နယ်စပ်စခန်း၌ အဝင်အထွက်မြန်ဆန်စေရေးအတွက် ရပ်ဝန်းနှင့်လမ်းကြောင်း လမ်းသွယ်နှစ် လမ်းနှင့်ချစ်ကြည်ရေးဖြတ်သန်းခွင့်တို့ကို ဧပြီ ၂၈ ရက်တွင် စတင်ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရခြင်းမှာ ရပ်ဝန်းနှင့်လမ်းကြောင်း အကောင်အထည်ဖော်မှုတွင် ပါဝင်သည့် နိုင်ငံများနှင့်ဒေသများတွင် လျင်မြန်ပြီး အဆင်ပြေချောမွေ့သော အကောက်ခွန်ရှင်းလင်းရေးဝန်ဆောင်မှုများပေးရန် ဖြစ်သည်။

ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ဒုတိယအကြိမ် ရပ်ဝန်းနှင့် လမ်းကြောင်း ဆွေးနွေးပွဲ ကျင်းပစဉ်က BRI ၏ အဖွဲ့ဝင်နိုင်ငံများနှင့်ဒေသများအတွက် ပိုမိုထင်ရှားသော အနာဂတ်အား ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အသစ်သတ်မှတ်ထားသော BRI လမ်းကြောင်းများမှာ စီမံကိန်းမှတစ်ဆင့် ရရှိအောင်မြင်နိုင်သော ပူးပေါင်း ဆောင်ရွက်မှု၏ ထင်ရှားသော လက္ခဏာများဖြစ်ကြသည်။ တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် လေဆိပ် ၁၂ ခုနှင့် ကုန်းမြေချင်းထိစပ်နေသော နယ်စပ်ဖြတ်ကျော်သည့်နေရာ ခြောက်ခုတို့တွင် လွယ်ကူမြန်ဆန်စေသည့် ဝင်ပေါက်နှင့်ထွက်ပေါက်များ ထားရှိပေးရန် စီစဉ်လျက်ရှိသည်။

တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ခရီးသွားလာကြသူများအတွက် အဓိက လမ်းကြောင်းများအနက် တစ်ခုဖြစ်သည့် ကွမ်ရှီး Pingxiang ချစ်ကြည်ရေးဖြတ်သန်းခွင့်မှာ ပူးတွဲစစ်ဆေးရေး ဌာနများနှင့် သတင်းအချက်အလက် မျှဝေသုံးစွဲသည့် ယန္တရားအပြင် ပိုမိုမြန်ဆန်သည့် အကောက်ခွန်ရှင်းလင်းမှုများကို အထောက်အကူပြုရန် ဘက်စုံခြေရာခံစနစ်နှင့် တစ်ထောက်နားသည့် ခရီးသည်များနှင့် ကုန်စည်များအတွက် ပိုမို အဆင်ပြေချောမွေ့သည့် ဝန်ဆောင်မှုများကို တည်ထောင်ထားရှိသည်။

Dongxing ရှိ တရုတ်-ဗီယက်နမ် နယ်စပ်စခန်းတွင် ခရီးသည်များနှင့် ယာဉ်များအတွက် ရပ်ဝန်းနှင့်လမ်း ကြောင်း လမ်းသွယ်လေးလမ်းထားရှိကာ အကောက်ခွန်ရှင်းလင်းသည့်ကြာ မြင့်ချိန်ကို လျှော့ချပြီး ထိရောက်မြန်ဆန်မှု မြှင့်တင်ရန် အင်္ဂလိပ်ဘာသာနှင့် တရုတ်ဘာသာနှစ်ရပ်လုံးကို တတ်ကျွမ်းကြသည့် စစ်ဆေးသူများကို အလုပ်နေရာခန့်ထားကြောင်း သိရှိရပါသည်။

**ရင်းမြစ်၊ en.gxzf. gov.cn**

# ၂၀၁၉ ခုနှစ် ပထမလေးလအတွက် နန်နင်းမြို့တော်၏ အဓိကစီးပွားရေးအချက်အလက်များထုတ်ပြန်

ယခု ၂၀၁၉ ခုနှစ် နှစ်စကတည်းမှစ၍ နန်နင်းမြို့သည် တည်ငြိမ်၍ အတက်ဘက်သို့ဆောင်သည့် လုပ်ငန်းစဉ်ဆောင်ရွက်ရေးအပေါ် အလေးထားလျက် ဖွံ့ဖြိုးရေးအယူအဆအသစ်တို့ကို နှံ့နှံ့စပ်စပ် အကောင်အထည်ဖော်ကာ အရင်းအနှီးကို ခိုင်မာအားကောင်းစေသော ဗျူဟာကိုဘက်စုံမှ အကောင်အထည်ဖော်ပြီး ဗဟိုအစိုးရနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရတို့၏ ဆုံးဖြတ်ချက်များနှင့် အစီအမံများကို ဆက်တိုက်အကောင်အထည်ဖော်လာခဲ့သည်။ ထိုသို့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းကို ပြောင်းလဲခြင်းနှင့် အရည်အသွေးမြင့်မားသည့် ဖွံ့ဖြိုးမှုကို မြှင့်တင်ခြင်းတို့ကို ပြုလုပ်လာခဲ့ခြင်းကြောင့် ပထမလေးလအတွင်း စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကောင်းမွန်သည့် စတင်မှုကို ပြုလုပ်နိုင်ခဲ့သည်။

ကနဦးတွက်ချက်မှုအရ ပထမလေးလအတွင်း မြို့တော်၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) မှာ ယွမ် ၈၅ ဒသမ ၅၅ ဘီလီယံတန်ဖိုး ရရှိခဲ့ကာ နှိုင်းရဈေးနှုန်း၌ နှစ်စဉ်တိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်း၊ ယခင်နှစ်ကာလတူထက် ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ အထူးသဖြင့် အခြေခံလုပ်ငန်းများ(စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ရေထွက်ကုန်စသည်)မှ တန်ဖိုးပေါင်းထည့်မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းတိုးမြှင့်ကာ ယွမ် ၅ ဒသမ ၃၉၄ ဘီလီယံရှိခဲ့သည်။ ဒုတိယအဆင့်လုပ်ငန်းများ (သတ္တုနှင့်ခဲတွင်းတူးဖော်ရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးစသည်) မှ ထပ်ပေါင်းထည့်မှုမှာ ၄ ဒသမ ၈ ရာခိုင်နှုန်းတိုးမြှင့်ပြီး ယွမ် ၂၃ ဒသမ ၉၁ ဘီလီယံရှိခဲ့ကာ၊ တတိယ အဆင့်လုပ်ငန်းများ(သယ်ယူပို့ဆောင် ရေး၊ သိုလှောင်ရေး၊ သတင်းအချက်အလက်၊ ကွန်ပျူတာနှင့် ဆက်စပ်ဝန်ဆောင်မှုများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ အိမ်ခြံမြေလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ စီးပွားဝန်ဆောင်မှုများ၊ သုတေသနလုပ်ငန်းများစသည်)မှ ၆ ဒသမ ၇ ရာခိုင်နှုန်းတိုးမြှင့်ကာ ယွမ် ၅၆ ဒသမ ၅၅၂ ဘီလီယံတန်ဖိုး ရှိခဲ့သည်။ ၎င်းအခြေခံလုပ်ငန်းများ၊ ဒုတိယအဆင့်လုပ်ငန်းများ၊ တတိယအဆင့်လုပ်ငန်းများမှ မြို့တော်၏ GDP သို့ ပါဝင်မှုမှာ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၇ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၆၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးမှုသို့ ၅ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၇ ရာခိုင်နှုန်းနှင့် ၆၇ ဒသမ ၇ ရာခိုင်နှုန်းအသီးသီး ပါဝင်ခဲ့ကြသည်။

**ရင်းမြစ်၊ nanning .gov.cn**

ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး၊ နန်နင်းမြို့) စုစည်းတင်ပြသည်။

# တောင်ကိုရီးယားက အရှေ့အလယ်ပိုင်းနှင့် အာဖရိကသို့ ဆန်အကူအညီပေးမည်

ပင်လယ်ရပ်ခြား အစားအစာ အကူအညီပေးရေး အစီအစဉ်အရ အရှေ့အလယ်ပိုင်းနှင့် အာဖရိကရှိ နိုင်ငံလေးနိုင်ငံသို့ တောင်ကိုရီးယားက ဆန်တန်ချိန် ၅၀၀၀၀ တင်ပို့မည်ဟု တောင်ကိုရီးယား လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက မေ ၁၀ ရက်တွင် ပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။



တောင်ကိုရီးယားအစိုးရသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှတစ်ဆင့် ယီမင်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၀၀၀၊ အီသီယိုးပီးယားသို့ တန်ချိန် ၁၆၀၀၀၊ ကင်ညာသို့တန်ချိန် ၁၀၀၀၀ နှင့် ယူဂန္ဒာသို့တန်ချိန် ၅၀၀၀ တင်ပို့မည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ဒေသရေးရာဝန်ကြီးဌာနက ပြောသည်။

ယခုတစ်ကြိမ်သည် အစားအစာရှားပါးနေသောနိုင်ငံများသို့ ဆန်ပို့ရာတွင် ဒုတိယအကြိမ် တင်ပို့ခြင်းဖြစ်သည်။ ယခင်နှစ်ကလည်း တောင်ကိုရီးယားအစိုးရက အလားတူပမာဏအတိုင်း ဆန်တင်ပို့ခဲ့သည်။

ဆန်တန်ချိန် ၁၉၀၀၀ ကိုတင်ဆောင်လာသော သင်္ဘောတစ်စင်းသည် အနောက်တောင်ပိုင်း ဆိပ်ကမ်းမြို့ မောက်ပိုမှယီမင်နိုင်ငံသို့ မေ ၁၀ ရက်တွင်ထွက်ခွာသည်။ ယီမင်သို့ နောက်လတွင်ရောက်ရှိမည်ဟု ခန့်မှန်းသည်။

ပထမအသုတ်ဖြစ်သော ဆန်တန်ချိန် ၁၅၀၀၀၀ မှာ အရှေ့တောင်ဘက်ကမ်းခြေဒေသရှိ အူဆန်မှ မေ ၂ ရက်တွင်ထွက်ခွာခဲ့သည်။ ဒုတိယအသုတ်ဖြစ်သော ဆန်တန်ချိန် ၁၆၀၀၀ မှာ အနောက်ပိုင်းဆိပ်ကမ်း ဖြစ်သောဂန်ဆန်းမှ လွန်ခဲ့သော သီတင်းပတ်က ထွက်ခွာသည်။ သင်္ဘောနှစ်စင်းစလုံးမှာ ယခုလကုန်တွင်ရောက်မည်ဟု ခန့်မှန်းထားသည်။

တင်ပို့သည့် ဆန်များအားလုံးကို ၂၀၁၇ ခုနှစ်က ရိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းပို့ဆောင်ရေးနှင့် ဒေသတွင်းဖြန့်ဖြူးရေးကို ကုလသမဂ္ဂ အစားအစာအေဂျင်စီက ကြီးကြပ်ကွပ်ကဲပြီး တောင်ကိုရီးယားအစိုးရနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ရိတ်သိမ်းချိန်လွန်ကိစ္စများကို ကြီးကြပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

**စံမီအောင်**

# အီးယူသို့ တရားဝင်သစ် တင်ပို့ရန် ဗီယက်နမ်အသင့်ဖြစ်

သစ်တောဥပဒေ လွှမ်းမိုးရေး၊ အုပ်ချုပ်ရေးနှင့် ရောင်းဝယ်ရေးဆိုင်ရာ ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (VPA/FLECT) အရ ဇွန် ၁ ရက်မှစ၍ ပို့ကုန်အတွက်သာ ကန့်သတ်ထုတ်လုပ်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂ (အီးယူ) သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

VPA/FLECT ကို စစ်ဆေးအတည်ပြုသည့်လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဗီယက်နမ်သို့ လာရောက်သော အီးယူကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က မေ ၈ ရက်တွင်ကြေညာခဲ့သည်။

VPA/FLECTကို အကောင်အထည်ဖော်ခြင်းမှာ တရားမဝင်သစ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို အတူတကွ ပူးပေါင်းထိန်းချုပ်ရန် အီးယူနှင့် ဗီယက်နမ်တို့ ပူးပေါင်းချမှတ်ထားသော ကတိကဝတ် စတင်အကောင်အထည်ဖော်ခြင်း၏ အမှတ်အသားဖြစ်ကြောင်း ဗီယက်နမ်သစ်တောအုပ်ချုပ်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ငုယင်ကွပ်ထရီက ပြောသည်။

VPA/FLECT ကို အကောင်အထည်ဖော်ရန်အတွက် တရားဝင်သစ်ဖြစ်ကြောင်း အာမခံချက်ပေးသည့်စနစ် (VNTLAS) ကိုဗီယက်နမ်နိုင်ငံက တည်ထောင်ရမည်ဖြစ်သည်။ ဤစနစ်အရဗီယက်နမ်မှလာသော သစ်နှင့်သစ်တောထွက်ပစ္စည်းများသည် ဥပဒေနှင့် ညီညွတ်သောရင်းမြစ်များမှ လာကြောင်း အာမခံနိုင်မည်ဖြစ်သည်။ ယင်းစနစ်များတွင် ဗီယက်နမ်စီးပွားရေး လုပ်ငန်းများသည် တရားဝင်ထုတ်လုပ်ထားသော သစ်များကိုသာ တင်သွင်းကြောင်းနှင့် သစ်ထုတ်လုပ်သောနိုင်ငံ၏ ဥပဒေကို လိုက်နာကာ ရောင်းဝယ်မှုရှိ မရှိ စစ်ဆေးနိုင်သည့်စနစ်များ ပါဝင်သည်။

**စံမီအောင်**

စာမျက်နှာ (၂၀) မိတ်အင်မြန်မာ . . . မှအဆက်

မိမိထုတ်လုပ်သော ကုန်စည် ဝန်ဆောင်မှု အများအပြားကို ပြည်တွင်း၌ ဖူလုံပါက ပြည်ပဈေးကွက်ချဲ့ထွင်ရန် ကြိုးစားကြရသည်။ အစိုးရက ဝင်ရောက်စွက်ဖက်ရန်မလိုပါ။ လုပ်ငန်းရှင်များကသာ ဆောင်ရွက်သွားကြသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာပါကလည်း အစိုးရကပြည်တွင်းလုပ်ငန်းရှင်များကို ကာကွယ်ပေးရန်မလိုပေ။ ပြည်ပကလာရောက်ရင်းနှီးမြှုပ်နှံသော အင်အားကြီး အဖွဲ့အစည်းများကို ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း စုပေါင်းဖွဲ့စည်းမှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ကြိုးစားသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် အချင်းချင်းယှဉ်ပြိုင်မှု၊ ပြည်ပနှင့် ပြည်တွင်းယှဉ်ပြိုင်မှုများမှ ယနေ့ခေတ်တိုးတက်ဖွံ့ဖြိုးသော ဥရောပနိုင်ငံများကို မြင်တွေ့နေရခြင်းဖြစ်သည်။

ဤတွင်အစိုးရက ဆောင်ရွက်ရမည့်လုပ်ငန်းများလည်း ရှိသေးသည်။ အခွန်အခများ စနစ်တကျ ကောက်ယူ၍ ပညာရေး၊ လျှပ်စစ်၊ ကျန်းမာရေး၊ လမ်းတံတား၊ တရားဥပဒေ စိုးမိုးရေးစသည့် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရသည်။ ဤလေစစ်ဖဲယားစီးပွားရေးမူဝါဒများ ကျင့်သုံးပြီးနောက်ပိုင်းတွင် စားသုံးသူများသည် အရည်အသွေးမြင့်မားသော ကုန်စည်၊ ဝန်ဆောင်မှုများကို ဈေးနှုန်းချိုသာစွာဖြင့် ရယူသုံးစွဲလာနိုင်သည်။ လုပ်ငန်းကြီးများ ပေါ်ပေါက်လာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာသည်။ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေများ မြင့်မားလာသည်။ အခွန်အခများ ပိုမိုရရှိလာသဖြင့် လူနေမှုအဆင့်အတန်းများ တိုးတက်လာခြင်းများက သက်သေထူလျက်ရှိသည်။ လက်ရှိကမ္ဘာပေါ်ရှိ နာမည်ကြီးအမှတ်တံဆိပ်များဖြင့် ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းကြီးများသည် ဈေးကွက်စမ်းသပ်သည့်သဘောဖြင့် ပြည်တွင်းစားသုံးသူများ အကြိုက် ထုတ်လုပ်ဆောင်ရွက်ရင်းဖြင့် ပြည်တွင်းစားသုံးသူများ လက်ခံမှု၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု၊ ထုတ်ကုန်များ လုံခြုံစိတ်ချ ရမှုရှိပါမှ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရင်း အောင်မြင်မှုရရှိလာခြင်းဖြစ်သည်။

လက်ရှိပြည်ပသွင်းကုန်များ အစားထိုးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ဖြေလျှော့ပေးမှုများပေးကာ အကောင်အထည် ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဘက်ပေါင်းစုံမှ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားလျက်ရှိသည်။ ကုန်ကြမ်းများအစား ကုန်ချောများပြုလုပ်၍ ဈေးကွက်ချဲ့ထွင် လျက်ရှိသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာကိုရေးဆွဲကာ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည်။ ကဏ္ဍပေါင်းစုံမှ ဈေးကွက်ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားနေသည်။ မကြာမီ မြန်မာ့ ထွက်ကုန်များကို မိတ်အင်မြန်မာ စာတမ်းလေးနှင့် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိပါ မြင်တွေ့ရတော့မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်တို့နိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားများ၏ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စအဝဝကို ဖြတ်သန်းရာ၌ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများနေရာတွင် မိတ်အင်မြန်မာဟူသော စာတန်းလေး ဝင့်ဝင့်ထည်ထည် ရေးသားပါရှိသော ကုန်စည်၊ ဝန်ဆောင်မှုများနှင့်အစားထိုးသုံးစွဲချင်ပါသည်။ နိုင်ငံခြားမှတင်သွင်းသော ပစ္စည်းများထက် အရည်အသွေး သာလွန်ကောင်းမွန်သော စစ်မှန်သော ပြည်တွင်းထုတ်ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူလိုပါသည်။ စားသုံးသူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော ဘေးကင်းသည့် ပြည်တွင်းထုတ်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲချင်ပါသည်။

မိတ်အင်မြန်မာဟု ရေးသားထားသည့် စာတန်းလေးပါသည့် ပစ္စည်းလေးများ နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှစွာ နေရာယူထားသည်ကို တွေ့ချင်မြင်ချင်ပါသည်။ လုပ်ငန်းရှင်များက ထုတ်လုပ်ပေးကြပါရန် မျှော်လင့်ပါသည်။ စားသုံးသူ ပြည်သူများကလည်း အရည်အသွေးရော အရည်အချင်းပါ ပြည့်စုံစွာ ထုတ်လုပ်ထားသည့် ပြည်တွင်းကုန်စည်၊ ဝန်ဆောင်မှုများကို ဂုဏ်ယူစွာအစားထိုးသုံးစွဲခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

# နာမည်ကြီး ထိုင်းကမ်းခြေကို ၂၀၂၁ ခုနှစ်အထိ ဆက်ပိတ်ထားမည်

ဟောလီးဝုဒ်ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်ပြီး နာမည်ကြီးခဲ့သော ထိုင်းကမ်းခြေတစ်ခုသို့ အများပြည်သူလာရောက်ခြင်းကို နောက်ထပ် နှစ်နှစ်ပိတ်ထားရန် ထိုင်းအာဏာပိုင်တို့က ဆုံးဖြတ်ထားကြောင်း NHK သတင်းတွင် ဖော်ပြသည်။

ဖိဖိလဲကျွန်းရှိ မာယာပင်လယ်အော်ကို ၂၀၂၁ ခုနှစ်အထိ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားကြောင်း အရာရှိများက ပြောသည်။ လီယိုနာဒိုဒီကာပရီယိုပါဝင်သော "The Beach" ရုပ်ရှင်တွင်ပါပြီးနောက် ဤကမ်းခြေမှာ နာမည်ကြီးလာခြင်းဖြစ်သည်။ သန္တာကျောက်တန်းများနှင့် ပင်လယ်နေ သက်ရှိဘဝတို့ပျက်စီးမည်ကို စိုးရိမ်မှုကြောင့် မာယာပင်လယ်အော်ကို ယခင်နှစ် ဇွန်လမှစ၍ ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ခရီးသည်အများဆုံး လာရောက်သောအချိန်တွင် ဤဒေသသို့ တစ်ရက်ကို လူ ၅၀၀၀ ခန့် လာတတ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရုံသာမက သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်သော အထောက်အကူများကိုလည်း ထူထောင်လိုကြောင်း အာဏာပိုင်တို့က ပြောသည်။

မာယာပင်လယ်အော်ကို ပြန်ဖွင့်မည်ဆိုပါက လာရောက်လည်ပတ်သည့် ဧည့်သည်ဦးရေကို တစ်ရက် ၂၄၀၀ အထိကန့်သတ်သွားရန် အာဏာပိုင်တို့က စီစဉ်ထားသည်။

အသက်မွေးမှုနှင့်ပတ်သက်၍ ဒေသခံတို့၏ စိုးရိမ်မှုများကို ရင်ဖွင့်နိုင်ရန်အတွက် အများပြည်သူတို့၏ဆန္ဒ သဘောထားကိုလည်း ကြားနာရန်လိုကြောင်း ဒေသခံခရီးသွားလုပ်ငန်း အော်ပရေတာများက ပြောကြားသည်ဟုလည်း သိရသည်။

ဖူးခက်အနီးတွင် ကူးတို့နစ်မြုပ်ကာ လူ ၄၇ ဦး သေဆုံးပြီးနောက် ထိုင်းနိုင်ငံ၏ခရီးသွားလုပ်ငန်းသည် ယခင်နှစ်က ကျဆင်းခဲ့သည်။ **စံမီအောင်**

CB BANK

# နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ဘဏ်ဝန်ဆောင်မှုများ

---

ပို့ကုန်/သွင်းကုန်လုပ်ငန်းများအတွက်ငွေကြေးထောက်ပံ့ခြင်း ဝန်ဆောင်မှုများ

---

အပြည်ပြည်ဆိုင်ရာငွေလွှဲဝန်ဆောင်မှုများ

---

နယ်စပ်ကုန်သွယ်မှု(မြန်မာ-တရုတ်)လုပ်ငန်းများအတွက် ငွေလွှဲဝန်ဆောင်မှုများ



Hotline :

Trade Centre (Yangon) - (+95) 1 **378 643/4/5**

Trade Sales (Yangon) - (+95) 1 **2317 698**

Trade Centre (Mandalay)- (+95) 2 **4030 865**

Trade Centre (Muse) - (+95) 82 **525 45**

Website : www.cbbank.com.mm

Email : STU@cbbank.com.mm



GROUP OF COMPANIES
www.a1companies.biz
Construction
A1 CONSTRUCTION CO., LTD.
Terabit Wave Co., Ltd
Industry
A1 MINING CO., LTD.
Goshu-A1
A1 GARMENT CO., LTD.
KBZI
Telecommunication
COM&COM
YADANARBON Fibre Services
Finance
A1 CAPITAL
Real Estate
Panorama HOTEL
33-49, Maha Bandula Park Street, Strand Condo 2nd Floor, Kyauktada Tsp.,Yangon, Myanmar
E-mail : info@aone-construction.com , info@a1companies.biz
Tel : (95-1) 377-893-6 , Fax : (95-1) 252-806, 380-078




SKK
SKK
PH:09 503 9575, 0978 1500 799, 0996 1500 799
H ဘင့်၊ U ဘင့်၊ C - Channel
ဟော်လိုဟင်ဂလန်ဆိုဒ်စုံ၊ Flat ပြားနှင့်
ကာလာစတီးလ်အမိုးပြားအရောင်းဆိုင်
သီရိရတနာလက်လီလက္ကားဈေးဝင်း၊ အဆောင်(G)အခန်း(၁၀)၊ Two Way Road အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၅၀၃၉၅၇၅၊ ၀၉–၉၆၁၅၀၀၇၉၉၊ ၀၉–၇၈၁၅၀၀၇၉၉

# COMMERCE INTERNATIONAL

## စင်ကာပူဒေါ်လာက ဩစတြေးလျဒေါ်လာထက် ပိုမိုမြင့်တက်ပြီး လေးလအတွင်း အမြင့်ဆုံးကိုရောက်

ယခုသီတင်းပတ်အတွင်း ဩစတြေးလျ ဒေါ်လာနှင့် ဖလှယ်ရာတွင် စင်ကာပူဒေါ်လာ တန်ဖိုးက လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာသဖြင့် ဩစတြေးလျနိုင်ငံသို့ အားလပ်ရက်ခရီးသွားမည့် စင်ကာပူနိုင်ငံသားတို့အတွက် သတင်းကောင်းဖြစ်ကြောင်း todayonline သတင်းတွင် ဖော်ပြသည်။

မေ ၉ ရက်က ဩစတြေးလျဒေါ်လာနှင့် ဖလှယ်ရာတွင် စင်ကာပူဒေါ်လာတန်ဖိုးမှာ တစ်နေ့တည်း ၁ ဒသမ ၀၅၂၅ ဒေါ်လာထိ မြင့်တက်ခဲ့သည်။ ဩစတြေးလျဒေါ်လာနှင့် ဖလှယ်ရာမှာမေ ၆ ရက်က ၁ ဒသမ ၀၅၅၃ ဒေါ်လာနှုန်းရှိခဲ့သဖြင့် ယခုနှစ် ဇန်နဝါရီ ၃ ရက်က ဩစတြေးလျတစ်ဒေါ်လာကိုစင်ကာပူဒေါ်လာ ၁ ဒသမ ၀၇၉၅ ထိ ကျဆင်းခဲ့ပြီးနောက်ပိုင်း တန်ဖိုးအမြင့်ဆုံးသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုကြောင့် ဩစတြေးလျငွေကြေးတန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်သည်။ ကုန်သွယ်မှုစစ်ပွဲကို ထိတ်လန့်ကြောက်ရွံ့မှုက အနာဂတ်ကာလအတွင်း ဩစတြေးလျ ငွေကြေးတန်ဖိုးကျဆင်းစေသည့် အဓိအကြောင်းရင်းတစ်ခုဖြစ်ပြီး ယခုနှစ်အတွင်း ဩစတြေးလျဗဟိုဘဏ်က အတိုးနှုန်းလျှော့ချပေးမည်ကို မျှော်လင့်၍ မရတော့ကြောင်း လေ့လာဆန်းစစ်သူတို့ကပြောသည်။

တရုတ်နိုင်ငံသည် ဩစတြေးလျ၏ တစ်ခုတည်းသော အကြီးမားဆုံး ဈေးကွက်ဖြစ်သဖြင့် တရုတ်ကုန်သွယ်မှု ကျဆင်းစေသည့်အကြောင်းမှန်သမျှသည် ဩစတြေးလျအတွက် အနုတ်လက္ခဏာပြသော အကြောင်းတရားဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ် နယ်ထရမ့်က ကုန်သွယ်မှုစစ်ပွဲ မြင့်တက်စေမည့်စကားများ ပြောပြီး မေ ၁၀ ရက်မှစ၍ အခွန်ထပ်မံတိုးကောက်မည်ဟု ခြိမ်းခြောက်လာသည့်အတွက် ဩစတြေးလျဒေါ်လာတန်ဖိုး ကျဆင်းစေမည့် လက္ခဏာများကို မေ ၉ ရက်က ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

**စံမီအောင်**



## ခြောက်ကြိမ်မြောက် စက်ရုပ်ပြပွဲ တရုတ်တွင် ကျင်းပ

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ် ယုယောင်မြို့တွင် တရုတ်နိုင်ငံ၏ အကြီးမားဆုံး စက်ရုပ်ထိပ်သီးပြပွဲကို မေ ၉ ရက်မှ စတင်၍ သုံးရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါ စက်ရုပ်ထိပ်သီးပြပွဲတွင် ယွမ် ၁၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံ) ကျော်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့နိုင်ကြောင်း သိရသည်။

သုံးရက်ကြာကျင်းပသည့် အဆိုပါ ခြောက်ကြိမ်မြောက် $6^{th}$ China Robotop and Intelligent Economic Talent Summit ပြပွဲကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုသူ အများအပြားရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် အဆိုပါ ခြောက်ကြိမ်မြောက် $6^{th}$ China Robotop and Intelligent Economic Talent Summit ပြပွဲတွင် စက်ရုပ်တီထွင်အသုံးချမှုပညာနှင့် ဉာဏ်ရည်ရှိ ကုန်ထုတ်လုပ်ခြင်းကဏ္ဍများရှိ ဦးဆောင်လုပ်ငန်းပေါင်း ၈၀ နီးပါးမှ နောက်ဆုံးပေါ် စက်ရုပ်များနှင့် အဓိကအစိတ်အပိုင်းများကိုလည်း ပြသခဲ့သည်။

အဆိုပါ ပြပွဲအတွင်း သုတေသနနှင့် လျှောက်ထားခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ဈေးကွက်၊ ငွေလုံးငွေရင်းနှင့် စွမ်းရည်အပါအဝင် ခေါင်းစဉ်များခွဲကာ သီးခြားဖိုရမ်များကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်း ၂၈ ခုက စက်ရုပ်များ၊ ဉာဏ်ရည်ရှိ ကုန်ထုတ်လုပ်ခြင်း၊ နည်းပညာနှင့် တီထွင်ဆန်းသစ်ခြင်းများအား အဓိကထားပြီး ယင်းစီမံကိန်း ၂၈ ခုသည် စက်ရုပ်တီထွင်အသုံးချမှုပညာနှင့် ဉာဏ်ရည်တု စက်မှုလုပ်ငန်းများ အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်တို့ကို များစွာ မျှော်လင့်ထားကြောင်း သိရသည်။

**ဟန်နေသစ်**

## သီရိလင်္ကာနိုင်ငံသို့ ဧပြီလအတွင်း ခရီးသည် ၁၆၀၀၀၀ ကျော်ဝင်ရောက်

သီရိလင်္ကာနိုင်ငံသို့ ဧပြီလအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၆၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော အီစတာပွဲတော်နေ့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများကြောင့် ကမ္ဘာလှည့်ခရီးစဉ်ပေါင်း မြောက်မြားစွာကို ဖျက်သိမ်းခဲ့မှုများရှိခဲ့သည်။ ထို့ကြောင့်နိုင်ငံအတွင်း ခရီးသည်ဝင်ရောက်မှုသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားခဲ့ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းမြှင့်တင်ရေး အာဏာပိုင်အဖွဲ့က တရားဝင် ထုတ်ပြန်ထားသည်။

သီရိလင်္ကာနိုင်ငံသို့ ဧပြီလအတွင်းက ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု နည်းပါးခဲ့သော်လည်း ယခုနှစ် နှစ်ဆန်းပိုင်းမှ ဧပြီလအထိ သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ကိုးသိန်းကျော်ဝင်ရောက်ခဲ့ရာ ယမန်နှစ် ပထမလေးလတာကာလနှင့်နှိုင်းယှဉ်ပါက ခရီးသည်ဝင်ရောက်မှု ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အီစတာပွဲတော်ကာလအတွင်း သီရိလင်္ကာနိုင်ငံ၌ လူပေါင်း ၂၅၀ ကျော် သေဆုံးပြီး ၅၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည့် ဇိမ်ခံဟိုတယ်အချို့နှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းအချို့ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက်တွင် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ဆိုးဆိုးရွားရွား အကျိုးသက်ရောက်မှု ရှိခဲ့သည်ဟုလည်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် သီရိလင်္ကာနိုင်ငံရှိ ဟိုတယ်များ၌ တည်းခိုရန် ကြိုတင်စာရင်းပေးထားသည့် ကမ္ဘာလှည့်ခရီးသွားများထဲမှ ၉၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ခရီးစဉ်များကို ဖျက်လိုက်ကြကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသို့ အများဆုံးဝင်ရောက်သည့် ခရီးသည်များမှာ ဗြိတိန်၊ ဂျာမနီ ၊ တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့မှဖြစ်ပြီး အိမ်နီးချင်း အာရှနိုင်ငံများမှလည်း လာရောက်မှုရှိကြောင်း သိရသည်။

**ဟန်နေသစ်**



## တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ခက်ခဲမှုများရှိလာနိုင်

တရုတ်နှင့် အမေရိကန်တို့၏ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီမှုတစ်ခုရရှိရန် အလွန်နီးစပ်လာနေချိန်တွင် အမေရိကန်က တရုတ်ထုတ်ကုန်များအပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံမည်ဟု ကြေညာမှုတစ်ရပ်ထွက်ပေါ်လာရာ အဆိုပါအမေရိကန်နိုင်ငံ၏လုပ်ရပ်မှာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကို ပိုမိုခက်ခဲလာနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးအတွက် အကောင်းဆုံးနှင့် အမှန်ကန်ဆုံးရွေးချယ်မှုမှာ ပူးပေါင်းဆောင်ရွက်မှုနှင့် တွေ့ဆုံဆွေးနွေးမှုသာဖြစ်ကြောင်း တရုတ်နိုင်ငံဘက်က သဘောထားရှိနေသည်။

အမေရိကန်နိုင်ငံသည် တရုတ်ထုတ်ကုန်များအပေါ် မူလကသွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းသာ ကောက်ခံသည်။ သို့သော် မေ ၁၀ ရက်မှစတင်ကာ အမေရိကန်ဒေါ်လာဘီလီယံ ၂၀၀ ကျော် တန်ဖိုးရှိသည့် တရုတ်ထုတ်ကုန်များအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံရန် ကြေညာခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် ယင်းကြေညာချက်ကို မေ ၅ ရက်တွင် ထုတ်ပြန် ကြေညာခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမည့် သဘောတူညီမှုတစ်ခု ရရှိစေရန်နှင့် ဘုံအကျိုးစီးပွားများအတွက် အလေးအနက်ထားပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန် ဆန္ဒရှိနေသည်။

**ဟန်နေသစ်**

Love food, Hate waste

**အစားအစာအကြွင်းအကျန် မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး။**